# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၃)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❒

## ယနေ့ သတင်းအညွှန်း


စာပေဂုဏ်ဆောင် ဆရာကြီး ဌေးမောင် — ဆောင်းပါး စာ - ၆

ဥပဒေဘောင်ပြင်ပမှာ နေထိုင်မယ်ဆိုရင် ဘေးရန်များမယ် — ဆောင်းပါး စာ - ၁၀

ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်နှင့် ကာကွယ်ဆေးများ၏ အစွမ်းထက်မှုပမာဏ — နိုင်ငံတကာရေးရာ စာ - ၁၄

မြန်မာ့အလင်း

# လူမှုစီးပွား ပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်စို့

ယနေ့သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဖြစ်သည်။ ၁၉၂၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့သည် ယခုနှစ်တွင် ရာပြည့်အကြိုကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်ရေးအတွက် ဆန္ဒတူညီသူများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည့် သမဝါယမအဖွဲ့အစည်းများသည် “အများအကျိုးအတွက် တစ်ဦးချင်းစီက၊ တစ်ဦးချင်းစီအကျိုးအတွက် အများက” အပြန်အလှန်အကျိုးပြုရေးကို ဦးတည်ရည်ရွယ်ထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကမ္ဘာလုံးတွင် ကျရောက်နေသည့် ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့၏ ဆောင်ပုဒ်မှာ " Rebuild Better Together" “လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့၊ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်စို့” ဟူ၍ ဖြစ်သည်။

သမဝါယမ၏ သမိုင်းကြောင်းကို ပြန်လည်လေ့လာပါက အခက်အခဲ၊ အကျပ်အတည်းများမှ လွတ်မြောက်ရေးအတွက် စုပေါင်းအင်အားဖြင့် အတူတကွ ရုန်းကန်ရာမှ စတင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ၁၉ ရာစုအစောပိုင်းကာလ ဥရောပတွင် စက်မှုတော်လှန်ရေး၏ ရိုက်ခတ်မှုကို ခံစားကြရသည့် အိမ်တွင်းစက်မှုလက်မှုနှင့် အထည်ရက်လုပ်ငန်းများမှ အလုပ်သမားများ စီးပွားရေးနှင့် လူမှုရေးအကျပ်အတည်းများမှ လွတ်မြောက်နိုင်ရေးအတွက် သမဝါယမစနစ်ကို တီထွင်ကြံဆဆောင်ရွက်ခဲ့ကြရာမှ ကမ္ဘာတွင် သမဝါယမများ အောင်မြင်မှု ရရှိလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ငွေစုငွေချေး သမဝါယမအသင်း ဖွဲ့စည်းခြင်းမှ စတင်ခဲ့ခြင်းဖြစ်ရာ “မြန်မာ့သမဝါယမအစ မြင်းမူက” ဟူ၍ အဆိုရှိသည်။ မြင်းမူငွေစုငွေချေး သမဝါယမမှ စတင်ရေတွက်ပါက မြန်မာနိုင်ငံသို့ သမဝါယမစနစ် စတင်ရောက်ရှိသည်မှာ နှစ်ပေါင်း ၁၁၆ နှစ်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့သမဝါယမ၏ မျှော်မှန်းချက်မှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးထမ်းဆောင်နိုင်ရန် လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ညီညွတ်မျှတသည့် လူမှုစီးပွား တည်ဆောက်မှု သမဝါယမပုံရိပ်လွှာကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးတိုးတက်စေရန်ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံတွင် သမဝါယမ အသင်းပေါင်း လေးသောင်းကျော်နှင့် အသင်းသားပေါင်း ၄ ဒသမ ၂၅ သန်းတို့ ရှိနေသည်။

ယခုအခါ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ တစ်ကမ္ဘာလုံးကို ကျရောက်မှုနှင့်အတူ ကျန်းမာရေးကဏ္ဍအပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစရှိသည်ဖြင့် လူ့ရေးလူရာ ကဏ္ဍအားလုံးတွင် တစ်နည်းနည်းဖြင့် ထိခိုက်ခံစားနေကြရသည်။ ယင်းအခြေအနေကို ရင်ဆိုင်ကျော်လွှားနိုင်ရန်မှာ တစ်ဦးချင်းတစ်ယောက်ချင်း ရုန်းကန်၍မရဘဲ အများစုပေါင်းအင်အားဖြင့် ပူးပေါင်းရင်ဆိုင်မှသာ အခက်အခဲ၊ အကျပ်အတည်းတို့ကို ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်သည်။ ကိုဗစ်အလွန်ကာလ ပြန်လည်ထူထောင်ကြရာတွင် ပိုမိုကောင်းမွန်သည့် အနေအထားတစ်ရပ်ဆီသို့ ရောက်ရှိစေရေးနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်သည်။

သမဝါယမအသင်းများသည် ဆန္ဒအလျောက် ပူးပေါင်းကြသူများက မိမိတို့၏ စီးပွားရေး၊ လူမှုရေး ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်အတွက် ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲသည့် စီးပွားရေးအဖွဲ့အစည်းများဖြစ်သည်။ အများအကျိုး ကိုယ့်အကျိုးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရသည့် သမဝါယမစနစ်ကို ခေတ်နှင့်လျော်ညီစွာ ဖော်ဆောင်လုပ်ကိုင်ကြရာတွင် ဈေးကွက်စီးပွားရေးစနစ်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အောင်မြင်တိုးတက်သော အဖွဲ့အစည်းများအဖြစ် ပီပီပြင်ပြင် ထွက်ပေါ်လာနိုင်ကြပါစေကြောင်း။ ။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃) ရက် နေပြည်တော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာ

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၄၀၇၆ ဦးနှင့် အတွင်းလူနာပေါင်း ၇၆၈၂၂ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၂၈၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၄၆၃ ဦး စုစုပေါင်း ၁၈၇၅၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၀၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၈၃၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၀၄၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူး တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များ၏ အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဟံဇားတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူရန် ရောက်ရှိလာသည့် ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးဆောင်ရွက်စဉ်။

# နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေး အနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၃ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

- **ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နှစ်စဉ်ကျင်းပနေသည့် အခမ်းအနား ဖြစ်သော်လည်း ယခုကာလတွင် ကိုဗစ်-၁၉ ဗီဇပြောင်း ကူးစက်မြန်ရောဂါ ပြန်လည်တွေ့ရှိနေသည့် ကာလနှင့် တိုက်ဆိုင်နေ**
- **ထို့ကြောင့် အခမ်းအနားကျင်းပသည့်အခါ ကိုဗစ် - ၁၉ ကာကွယ် ထိန်းချုပ် ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်**
- **ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရာ၌ ဆွမ်း စသည့်ဝေယျာဝစ္စများတွင် မိုးတွင်းကာလနှင့် ပတ်သက်သည့် ရောဂါများမဖြစ်ပွားစေရန် အရေးကြီးပြီး ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ အထူးဂရုပြု ဆောင်ရွက်သွားရမည်ဖြစ်**

❒ *ရွှေဖုံးမှ*

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအေးထွန်း၊ ဦးထွန်းအုံ၊ ဗိုလ်မှူးချုပ် လူမွန်နှင့် ဦးသန့်စင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

### ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်

အစည်းအဝေးတွင် ဦးစီးကော်မတီနာယက က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဇွန်လ ၁၁ ရက်စွဲပါစာဖြင့် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီကို နာယက၊ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၃ ဦးဖြင့်လည်းကောင်း၊ လုပ်ငန်းကော်မတီကို ဒုတိယဝန်ကြီးဦးဆောင်၍ အဖွဲ့ဝင် ၁၃ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နှစ်စဉ်ကျင်းပနေသည့် အခမ်းအနားဖြစ်သော်လည်း ယခုကာလတွင် ကိုဗစ်-၁၉ ဗီဇပြောင်း ကူးစက်မြန်ရောဂါ ပြန်လည်တွေ့ရှိနေသည့် ကာလနှင့် တိုက်ဆိုင်နေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဆိုပါကပ်ရောဂါ ( Third Wave) ကို အမြန်ဆုံး ချုပ်ငြိမ်းရန် စနစ်တကျ ကိုင်တွယ်ထိန်းချုပ်ကုသနေသည့်ကာလလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် အခမ်းအနားကျင်းပသည့်အခါ ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

### မွန်မြတ်သည့် ကာလဒါနအလှူ

ယခုကျင်းပမည့်အခမ်းအနားသည် ဗုဒ္ဓဘုရားရှင်က ဝိနည်းသိက္ခာပုဒ် နှစ်ခု ပညတ်၍ သုံးစွဲရမည့် ကာလနှင့် အတိုင်းအတာပမာဏကို ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး သံဃာတော်များအတွက် မိုးတွင်းကာလအတွင်း မိုးရေခံသင်္ကန်းများ ဆက်ကပ်လှူဒါန်းခွင့်ပြုရန် ဝိသာခါကျောင်း အမကြီး၏လျှောက်ထားချက်အပေါ် ခွင့်ပြုခဲ့ခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် မိုးရေခံသင်္ကန်းအလှူ တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း အခမ်းအနားဖြစ်သည့်အတွက် မွန်မြတ်သည့် ကာလဒါနအလှူလည်းဖြစ်ကြောင်း၊ ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်း လေးပါးအနက် သင်္ကန်းကို မပင်မပန်း ဆက်ကပ်လှူဒါန်းရသည့်အတွက် လက်တွေ့ဘဝတွင်သာမက နောင်အနာဂတ်ဘဝအတွက်ပါ အကျိုးကျေးဇူးများခံစားရမည်ဟု ဗုဒ္ဓဘာသာဝင်များက ယုံကြည်သက်ဝင်ကြပါကြောင်း၊ ထို့ကြောင့် ဝါဆိုကာလရောက်တိုင်း ဗုဒ္ဓဘာသာဝင်တိုင်းက ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အစဉ်အလာမပျက် ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်အနေဖြင့် ဝါဆိုကာလတွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ပြည့်စုံတော်မူသည့် သံဃာဥဿျောင် သံဃာတော်များကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် ဗုဒ္ဓ၏အလိုဆန္ဒအတိုင်း မိုးရေခံသင်္ကန်း တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းဖြစ်ပြီး မွန်မြတ်သည့်အလှူတော်မင်္ဂလာလည်း ဖြစ်ကြောင်း၊ ယခုနှစ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး နှစ်ပါး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော် ကိုးပါး၊ နေပြည်တော် သံဃနာယကဆရာတော် လေးပါး၊ မြို့နယ် သံဃနာယက ဆရာတော်ကြီးများနှင့် စာသင်တိုက်ပဓာနနာယက ဆရာတော်များ စုစုပေါင်း ၂၇ ပါးကို ပင့်လျှောက်ကာ နိုင်ငံတော်အဆင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း။

### ရောဂါများမဖြစ်ပွားစေရန် အရေးကြီး

သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း သတိ၊ ဝီရိယ မမေ့မလျော့ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရာ၌ ဆွမ်း စသည့်ဝေယျာဝစ္စများတွင် မိုးတွင်းကာလနှင့် ပတ်သက်သည့် ရောဂါများ မဖြစ်ပွားစေရန် အရေးကြီးပြီး ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ အထူးဂရုပြု ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကာလဖြစ်သည့်အတွက် တက်ရောက်လာသည့် ဆရာတော်၊ သံဃာတော်ကြီးများနှင့် ဝေယျာဝစ္စ ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ ကိုဗစ်-၁၉ ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးသည့်ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေးတင်ပြ

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်း က လုပ်ငန်းကော်မတီက ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်နှင့် ဦးမောင်မောင်ဝင်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆက်ကပ်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူ ဒေသခံတိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂

**ကချင်ပြည်နယ် အင်ဂျန်းယန်ဒေသမှ မြစ်ကြီးနားမြို့နယ်အတွင်းသို့ နေရပ်စွန့်ခွာလာသူ ဒေသခံတိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးစုပေါင်းရုံးရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည်။**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများ၊ ဝေးလံခေါင်သီသည့် ဒေသများနှင့် နယ်မြေအခြေအနေအရ ကန့်သတ်ချက်ရှိသည့် ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ကို သက်ဆိုင်ရာရုံးများသို့ လာရောက်လျှောက်ထားဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူ အများအပြား ကျန်ရှိနေပါကြောင်း၊ ယခုလည်း နယ်မြေဒေသအခြေအနေအရ အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူများအတွက် IDPs စခန်းများသို့ သွားရောက်၍ လိုအပ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ သွားရောက်ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရရှိကိုင်ဆောင်ထားမှသာ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပျက်စီး/ပျောက်ဆုံးမှု မရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုနှင့် အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူများအတွက် ဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသည့် IDPs စခန်းမှ တိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ၁၆ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၆ ကတ်တို့ကို ပေးအပ်ကြရာ ဒေသခံတိုင်းရင်းသားများနှင့် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

### ပေးအပ်

ဆက်လက်၍ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ စိစစ်ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ်အတွင်းရှိ IDPs စခန်းများ၌ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းခြောက်မျိုးပါ ကွန်ပျူတာငါးစုံတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့ကပေးအပ်ရာ မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင်ဦးစီးမှူးများက လက်ခံရယူကြပြီး အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူများကိုယ်စား တြီနီတီစခန်း တာဝန်ခံ ဦးဘရန်ရှောင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် ဦးစီးမှူးရုံးသို့သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း မှတ်တမ်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာအတည်ပြုရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### မဟာဗျူဟာရေးဆွဲ

အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မဟာဗျူဟာရေးဆွဲရာတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်ကိုက်ညီရန် လိုအပ်ပါကြောင်း၊ မဟာဗျူဟာ၏ ရည်မှန်းချက်များသည် တိုင်းရင်းသားများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအတိုင်း ပြည့်ဝအောင်မြင်နိုင်ရေးတို့နှင့်အညီ ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာတွင် ပါရှိသည့် အခန်းကဏ္ဍများကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား၊ ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက်များ လျော့နည်းလာလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းအကြံပြုဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခိုင်မာတိကျသော မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေးသည် အနာဂတ်လုပ်ငန်းစဉ်များအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မဟာဗျူဟာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှုရှိလာ မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ စတုတ္ထမူကြမ်းနှင့် စပ်လျဉ်း၍ နောက်ခံသမိုင်း၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် အခန်းကဏ္ဍများကို ရှင်းလင်းတင်ပြပြီး ညှိနှိုင်းဆွေးနွေးပွဲကို အုပ်စု (၃)စုခွဲ၍ အွန်လိုင်းစနစ်ဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ကချင်ပြည်နယ် မိုးမောက်မြို့တွင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**မိုးမောက် ဇူလိုင် ၂**

ကချင်ပြည်နယ် မိုးမောက်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် သင်တန်းစည်းကမ်းအကြောင်း ပြောသည်။

အဆိုပါသင်တန်းတွင် မိုးမောက်မြို့မံပုံကျေးရွာအုပ်စုနှင့် ကျောက်စခန်းကျေးရွာအုပ်စုမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး မိုးညှင်းကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မျိုးသွယ်က သင်တန်းနည်းပြအဖြစ် အခြေခံလူသုံးကုန်များဖြစ်သည့် ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ ရေချိုးဆပ်ပြာပြုလုပ်နည်း၊ ဆပ်ပြာဆီ၊ မျက်နှာသစ်ဆပ်ပြာနှင့် စားသောက်ကုန်များဖြစ်သော ချင်းယို၊ ချင်းဖျော်ရည်၊ ဖရုံယို အစရှိသော စားသောက်ကုန်များပြုလုပ်နည်း သင်ခန်းစာကိုးမျိုးကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**လွန်းနန်းထွေး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဝန်ကြီးဌာနမိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် အားကစားပြိုင်ပွဲ ဆုပေးပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပျိုးဥယျာဉ်အနီး၌ ကိုဗစ်-၁၉ ကပ်ရောဂါ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး တက်ရောက်၍ ကံ့ကော်ပင်အား ဦးဆောင်စိုက်ပျိုးပေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကံ့ကော်ပင် စိုက်ပျိုးပေးစဉ်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများက ပျိုးပင်များကို သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စကားဝါ၊ မဟော်ဂနီ၊ စွယ်တော်၊ ပိတောက်၊ မဲဇလီ၊ စိန်ပန်း၊ ကျွန်း စသည့် သစ်ပင်/ ပျိုးပင် စုစုပေါင်း ၃၆၅ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန စားပွဲတင်တင်းနစ်နှင့် ပိုက်ကျော်ခြင်း ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် တတိယဆုရရှိသော ပိုက်ကျော်ခြင်းအသင်းနှင့် စားပွဲတင်တင်းနစ် တစ်ဦးချင်း (အမျိုးသား)ဆု၊ တတိယဆုရရှိသော စားပွဲတင်တင်းနစ် တစ်ဦးချင်း (အမျိုးသမီး) ဆု၊ ဒုတိယဆုရရှိသော ပိုက်ကျော်ခြင်းအသင်းနှင့် စားပွဲတင်တင်းနစ် တစ်ဦးချင်း(အမျိုးသား)ဆု ဒုတိယဆုရရှိသော စားပွဲတင်တင်းနစ် တစ်ဦးချင်း(အမျိုးသမီး) ဆုတို့ကို ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသော ပိုက်ကျော်ခြင်းအသင်းနှင့် စားပွဲတင်တင်းနစ် တစ်ဦးချင်း (အမျိုးသား)ဆုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ဇနီးက ပထမဆုရရှိသော စားပွဲတင်တင်းနစ် တစ်ဦးချင်း (အမျိုးသမီး) ဆုကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဝန်ကြီးဌာန အားကစားပြိုင်ပွဲကို ဇူလိုင် ၁ ရက် နှင့် ၂ ရက်တို့တွင် ကျင်းပပြီး ပြိုင်ပွဲများသို့ ဝန်ကြီးရုံးနှင့် ဦးစီးဌာနမှ အမျိုးသား ၃၇ ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် မဟော်ဂနီပင် စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်ကောင်စီရုံး ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်က မဟော်ဂနီပင်ကို လည်းကောင်း၊ ဦးဇေယျာလင်းက ခရေပင်ကို လည်းကောင်း၊ ဦးမြင့်စိုးက ပိတောက်ပင်ကို လည်းကောင်း၊ ရဲမှူးကြီး ကိုကိုလွင်က ရင်းမာပင်ကိုလည်းကောင်း၊ ဦးကျော်သိန်းဆိုင်က ကျွန်းပင်ကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်က သပြေပင်ကို လည်းကောင်း အသီးသီး စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်၊ ပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပသည့်နေပြည်တော်ကောင်စီရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ရင်းမာ၊ မဟော်ဂနီ၊ စစ်၊ မန်ကျည်းရှား၊ သပြေ၊ ခရေနှင့်ကံ့ကော်ပင်စသည့် ပျိုးပင်မျိုးစုံ စုစုပေါင်း ၂၁၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်**

**(မြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိ

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ ဦးတင်သန်းဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် တွေ့ဆုံသည်။



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိရာ ဆရာ၊ မိဘများက ပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင်လုံခြုံရေးကို အထူးအလေးထားဆောင်ရွက်ကြရန်နှင့် လုံခြုံရေးအတွက် အရေးပေါ်ဖုန်းနံပါတ်များကိုလည်း ကျောင်းများတွင် ဗီနိုင်းများဖြင့် ကြေညာထားပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ မိဘများက လိုအပ်သည်များ တင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်ကြည့်ရှု၍ မိဘ၊ ဆရာများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (မြန်/ဆက်)**

# စာပေဂုဏ်ဆောင် ဆရာကြီး ငွေးမောင်

နုနုယဉ် (စာပေဗိမာန်)

**မင်္ဂလာသတင်း**

၁၇-၆-၂၀၂၁ ရက်ထုတ် သတင်းစာများတွင် မင်္ဂလာသတင်းတစ်ပုဒ် ဖော်ပြ ပါရှိခဲ့သည်။ ထိုသတင်းမှာ ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများကို တိုးမြှင့်ချီးမြှင့်သွားမည်ဆိုသည့် သတင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ် သိန်း ၅၀ မှ သိန်း ၁၀၀၊ အမျိုးသားစာပေဆုကို ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၇ သိန်းမှ ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ၅သိန်းမှ ၇ သိန်း တိုးမြှင့်ပြင်ဆင်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းဖော်ပြခဲ့သည်။


ပြည်သူ့အတွက် အကျိုးပြုစာပေများကို ရေးသားသော စာရေးဆရာကြီးများကို နှစ်စဉ်ရွေးချယ်ပြီး အမျိုးသားစာပေဆု ချီးမြှင့်ခဲ့သည့်အပြင် ဘဝတစ်သက်တာ စာရေးခြင်းနှင့် ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ပြီး လေးစားထိုက်သော စာပေလက်ရာအများအပြားကို ရေးသားပြုစုခဲ့သူ စာရေးဆရာ၊ စာပေပညာရှင်များအား စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၂ ခုနှစ်မှစတင်၍ ၂၀၀၁ ခုနှစ်အတွက် ပထမဆုံးအကြိမ်အဖြစ် ချီးမြှင့်ခဲ့သည်။

စတင်ချီးမြှင့်ခဲ့သည့် ၂၀၀၁ ခုနှစ်အတွက်မှသည် နောက်ဆုံးချီးမြှင့်ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အတွက်အထိ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၁ ဦးရှိပြီဖြစ်ပြီး ၁၁ ဦးမှာ ကွယ်လွန်သွားပြီ ဖြစ်သည်။

အမျိုးသားစာပေ တစ်သက်တာဆု စတင်ချီးမြှင့်စဉ်က ငွေကျပ် ၄ သိန်း၊ ၂၀၀၆ ခုနှစ်အတွက်မှစ၍ ငွေကျပ် ၆ သိန်း၊ ၂၀၁၀ ပြည့်နှစ် အတွက်မှစ၍ ငွေကျပ် ၁၀ သိန်း၊ ၂၀၁၂ ခုနှစ် အတွက်မှစ၍ ငွေကျပ် ၁၅ သိန်း၊ ၂၀၁၃ ခုနှစ် အတွက်မှစ၍ ငွေကျပ် ၂၅ သိန်း၊ ၂၀၁၆ ခုနှစ် အတွက်မှစ၍ ငွေကျပ်သိန်း ၅၀ အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်စာဆိုတော်နေ့တွင် ချီးမြှင့်မည့် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်တော့မည် ဖြစ်ပေသည်။

စာရေးဆရာ၊ ဆရာမကြီးများနှင့် စာပေပညာရှင်ကြီးများသည် ၎င်းတို့၏ ဘဝတစ်သက်တာ စာပေရေးသားခြင်း၊ သုတေသနပြုခြင်းတို့ကို ဆုအစရှိသည့် အကျိုးတစ်စုံတစ်ရာ မျှော်ကိုး၍ မဟုတ်ဘဲ ၎င်းတို့၏စေတနာ၊ ဝါသနာ၊ ပညာတို့၏ နှိုးဆော်မှုကြောင့် စာပေတာဝန်၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် နိုင်ငံတော်အစိုးရက ယခုကဲ့သို့ စာပေဆုငွေပမာဏတိုး၍ ချီးမြှင့်ဂုဏ်ပြုပေးခြင်းဖြင့် စာရေးဆရာများ မိမိကိုယ်ကိုယ်ယုံကြည်မှုတိုးလာပြီး ထူးချွန်ပြောင်မြောက်သည့် စာပေလက်ရာကောင်းများ ပေါ်ထွန်းရန် ကြီးမားသည့် တွန်းအားတစ်ရပ်၊ အထောက်အပံ့တစ်ရပ်ဖြစ်မည်မှာ မုချကေန် သေချာလှပေသည်။



ဆရာကြီး ဦးငွေးမောင်၏ လက်ရေးမူ

**၂၀၀၃ ခုနှစ်အတွက် တစ်သက်တာစာပေဆုရှင်**

၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ဆရာကြီး ငွေးမောင်အား ရွေးချယ်ချီးမြှင့်ခဲ့သည်။

ဆရာငွေးမောင်ကို ၁၉၂၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့၌ အဖ ကျောင်းဆရာ ဦးတိုင်းကျော်နှင့် အမိ ဒေါ်ငွေခဲ တို့က မွေးဖွားခဲ့သည်။ မွေးချင်းခြောက်ယောက် အနက် ပဉ္စမမြောက်ဖြစ်သည်။ ငယ်စဉ်ကပင် ဖခင် ကွယ်လွန်ခဲ့သည်။

ဆရာကြီး ငယ်စဉ်က ချောက်မြို့ဘုန်းတော်ကြီး ဦးမေဓာကျောင်း၌ ပညာသင်ယူပြီး စစ်ကြိုခေတ်က အသက်ကိုးနှစ်အရွယ်ရောက်မှ ချောက်မြို့ အေးစေတီ အထက်တန်းကျောင်း (ဦးနန္ဒ အထက်တန်းကျောင်း)တွင် ပညာသင်ယူသည်။ ခုနစ်တန်း အောင်မြင်ခဲ့သည်။ ၁၉၄၄ ခုနှစ် အကုန်ပိုင်းတွင် ရေနံချောင်းမြို့၌ ဂျပန်စစ်တပ်က ဖွင့်လှစ်သော ဆေခိယုခေါ်ဂျောဟုခေါ်သည့် အင်ဂျင်နီယာကျောင်း၌လည်း ပညာသင်ခဲ့သည်။

ဆရာကြီးသည် ထိုစစ်တွင်းကာလ ရေနံမြေ၌ အလုပ်လုပ်ရင်း မျိုးချစ်အမည်ရှိ လက်ရေးစာစောင်ကို စတင်ထုတ်ဝေခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် အာရှလူငယ်အဖွဲ့တွင် ဥက္ကဋ္ဌမှူးဖြစ်လာသည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူ့ရဲဘော်အဖွဲ့၌ တွဲဖက်အထွေထွေဌာနမှူး၊ နောင်တွင် ဥက္ကဋ္ဌမှူးတာဝန်ကိုပါ တွဲဖက်ယူပြီး အလင်းရောင်စာစောင်ကို ဦးစီးထုတ်ဝေသည်။ ဥက္ကဋ္ဌပြိုင်ပွဲများ လုပ်ခဲ့သည်။ စာဆိုတော်နေ့အခမ်းအနားများ ကြီးမှူးကျင်းပခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်သူ့ရဲဘော်၌ တွဲဖက်အတွင်းရေးမှူး၊ မြို့နယ် ဖဆပလဦးစီးအဖွဲ့ဝင်၊ ရေနံမြေ အစည်းအရုံးအမှုဆောင် စသည်ဖြင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဧပြီလ ၂၀ ရက် ပြည်သူ့ရဲဘော်ဂျာနယ်တွင် ရေနံမြေက ရဲဘော် ကလောင်အမည်ဖြင့် " သင်းတို့လောက " ဝတ္ထုတိုကို ပထမဆုံးပုံနှိပ်ဖော်ပြခြင်းခံရပြီး စာပေနယ်သို့ ရောက်ရှိခဲ့သည်။ ၁၉၄၈ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းပါ နု ဝတ္ထုရှည်တွင် ငွေးမောင် ကလောင်အမည်ကို စတင်သုံးခဲ့သည်။

ဆရာကြီး ငွေးမောင်သည် ၁၉၅၂-၅၅ ခုနှစ်များတွင် သွေးသောက်မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၆-၇၈ ခုနှစ်များတွင် မြဝတီမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၈၀-၈၄ ခုနှစ်များတွင် သပြေမဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၈-၉၃ ခုနှစ်များတွင် သိပ္ပံမဂ္ဂဇင်းအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ အယ်ဒီတာအဖြစ် ၄၅ နှစ်ခန့် ဆောင်ရွက်ခဲ့ရင်း စာရေးဆရာအသင်း၊ စာပေပြန့်ပွားရေးအသင်းနှင့် စာပေလုပ်သားအဖွဲ့တို့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ မြဝတီမဂ္ဂဇင်းတွင် တာဝန်ခံစာတည်းအဖြစ် ၂၄ နှစ်ခန့် ဆောင်ရွက်ခဲ့စဉ်က ကလေးဂျာနယ်၊ မြတ်လုလင်ရုပ်စုံတို့တွင်လည်း အယ်ဒီတာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။



၂၀၀၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စည်သူ ဦးငွေးမောင်(ငွေးမောင်)

၁၉၅၀ ပြည့်နှစ် ဧပြီလတွင် ချောက်မြို့၌ ဒေါ်ငွေဆိုင်နှင့် အိမ်ထောင်ပြုပြီးနောက် သားခြောက်ယောက်ထွန်းကားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဆရာဇဝန ဦးဆောင်သော စာနယ်ဇင်းအဖွဲ့နှင့်အတူ ဩစတြေးလျနိုင်ငံ၊ ပါပူးဝါးနယူးဂီနီနိုင်ငံတို့ကို လေ့လာရေးခရီး သွားရောက်ခဲ့သည်။

အသံဆူမှ စာရေးတတ်သူ

စာရေးဆရာအများစုမှာ တိတ်ဆိတ်ငြိမ်သက်နေချိန်မှာ ဈာန်ဝင်စားပြီး စာရေးတတ်ကြသည်။ အချို့သော စာရေးဆရာများဆိုလျှင် စာတစ်အုပ်၊ ဝတ္ထု တစ်အုပ်ရေးရန် ဟိုတယ်တွင် အခန်းငှားပြီး အခန်းအောင်း ရေးတတ်ကြသည်ဟု ကြားဖူးသည်။

ဆရာငွေးမောင်က ထိုသို့မဟုတ်။ အလုပ်များခြင်း၊ လူရှုပ်ခြင်း၊ ဆူညံခြင်းတို့မှာ ဆရာ့အတွက် အနှောင့်အယှက်မဖြစ်။ ဆရာသည် လုံးဝတိတ်ဆိတ်နေလျှင် စာရေး၍ မရပေ။ စက်သံတစ်ခုခုကို ကြားနေရမှ၊ လူသံ သူသံ ကလေးသူငယ်များ ကစားအော်ဟစ် နေသံ၊ ယာဉ်များသွားလာနေသံ စသည်တို့ကို ကြားမြင်နေရင်းမှသာ စာရေးတတ်သည်။ ဆရာ၏ စာရေးသက်တစ်လျှောက်လုံး လူခြေတိတ် ညဥ့်နက်သန်းခေါင် လင်းအားကြီး၌ စာရေးသည်ဟူ၍ မရှိခဲ့ဖူးပေ။ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော်လည်း စာရေးခြင်းကြောင့် အိပ်ပျက်ခြင်းဟူ၍ တစ်ခါမျှ မဖြစ်ဖူးပါ။ နေ့ပိုင်း၌ဖြစ်စေ၊ ညဦးပိုင်း၌ဖြစ်စေ စာရေးစဉ်တိတ်ဆိတ်နေပါက အသံမြည်လျှင်ပြီးရော သဘောဖြင့် ရေဒီယိုကို ဖွင့်ထားတတ်ပေသည်။

မဂ္ဂဇင်းလောကတွင် အရေအတွက်ရော အောင်မြင်မှုပါ ကျေနပ်ဖွယ်ရာ ဖြစ်သော်လည်း လုံးချင်းစာအုပ်နှင့် စပ်လျဉ်း၍ ဆရာကြီးက "ကိုယ်တိုင်က လုံးချင်းစာအုပ် စာရေးနည်းလှသဖြင့်

*စာမျက်နှာ ၇ သို့*

**ဆရာကြီး ငွေးမောင်သည် ၁၉၅၂-၅၅ ခုနှစ် များတွင် သွေးသောက်မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၆-၇၈ ခုနှစ်များတွင် မြဝတီမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၈၀-၈၄ ခုနှစ်များတွင် သပြေမဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၈-၉၃ ခုနှစ်များတွင် သိပ္ပံမဂ္ဂဇင်းအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ အယ်ဒီတာအဖြစ် ၄၅ နှစ် ခန့် ဆောင်ရွက်ခဲ့ရင်း စာရေးဆရာအသင်း၊ စာပေပြန့်ပွားရေးအသင်းနှင့် စာပေလုပ်သားအဖွဲ့တို့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့**

*စာမျက်နှာ ၆ မှ*

လုံးချင်းနယ်ပယ်နှင့် အံဝင်ခွင်ကျ မဖြစ်ခြင်းလည်း ဖြစ်တန်ရာသည်" ဟု ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင် ဖြေတွေးပြီး ကျေနပ်ရောင့်ရဲနေတတ်သည်။

လုံးချင်းအုပ်ရေ နည်းသော်လည်း ဆရာကြီး၏ ဘဝတစ်သက်တာလုံး တိုင်းပြည်အကျိုးကို စာပေနှင့် သယ်ပိုးထမ်းရွက်ခဲ့သော ကျေးဇူးကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ကို အပ်နှင်းခဲ့ပါသည်။

**ဆရာကြီး ငွေးမောင်၏ ကလောင်စွမ်းအား**

ဆရာကြီး ငွေးမောင်သည် အသက် ၂၀ အရွယ် ၁၉၄၇ ခုနှစ်မှစတင်ကာ ရေနံမြေက ရဲဘော်၊ ရဲဘော် မောင်လှ၊ မောင်မြင့်ထူး၊ မောင်မြတ်စံ၊ စာရေးဆရာတစ်ဦး၊ အယ်ဒီတာ တစ်ဦး၊ စာဖတ်သူတစ်ဦး၊ ငွေးမောင် စသည့် ကလောင်အမည်များစွာဖြင့် ပင်ကိုရေးဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဘာသာပြန်ဝတ္ထုတိုနှင့် ဆောင်းပါး၊ ကလေးပုံပြင်တို့အပြင် ဘာသာပြန်စာပေ စာတမ်းနှင့် စာနယ်ဇင်းသမိုင်း စာတမ်းတို့ကိုလည်း ရေးသားခဲ့ရာ စုစုပေါင်း ၁၀၀၀ ကျော်ရှိခဲ့သည်။

ပင်ကိုရေးဝတ္ထုရှည်များဖြစ်သည့် ချစ်သော ဒွေးမယ်နော် (၁၉၆၄)၊ စွန့်စားမှု (၁၉၆၄)၊ တိုက်ပွဲခေါ်သံ (၁၉၆၅)၊ နမှသည် တိုက်ပွဲခေါ်သံ (၁၉၇၄)၊ နှင်းဖြူဖြူလွင် (၁၉၅၆)၊ ပန်းနွယ် ရွှေရည် မလူးတည့်၊ ဗိုလ်ယက္ခနှင့် လှမျိုးစစ် (၁၉၇၂)၊ သေမင်းကို အန်တုသူ (၁၉၈၀)၊ အချစ်မှောင် (၁၉၆၀)၊ အရေးတော်ပုံ (၁၉၆၄)၊ တိုက်ပွဲခေါ်သံ(၁၉၆၅) တို့ ထွက်ရှိခဲ့သည်။ ဘာသာပြန် လက်ရာများအနက် အချို့မှာ စွန့်စွန့်စားစား ဆော်လမွန်သိုက်၊ တာရာရှင်မ၊ လူဆိုးကြီး ဂျက်စီဂျိမ်း၊ သွေးဆိုး၊ အလန် ကွာတာမိန်း၊ သူပုန်ကြီး ကီမာသီတို့ ဖြစ်သည်။

**အရေးတော်ပုံစာအုပ်**

၁၉၆၄ ခုနှစ် ဒီဇင်ဘာလတွင် "အရေးတော်ပုံ" ဝတ္ထုကို ထုတ်ဝေခဲ့သည်။ အရေးတော်ပုံမှာ ၁၃၀၀ ပြည့် အရေးတော်ပုံဟု ထင်ရှားခဲ့သော စစ်ကြိုခေတ်က ချောက်၊ ရေနံချောင်း ရေနံမြေတွင် ဖြစ်ပွားခဲ့သည့် သပိတ်တိုက်ပွဲအကြောင်းကို ရေးခြယ်တင်ပြထားခြင်း ဖြစ်သည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးကို များစွာဖြစ်ထွန်းစေသော လွတ်လပ်ရေးတိုက်ပွဲတွင် ဂုဏ်ရောင် ထွန်းပြောင်သည့် ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်းကို ရေနံမြေသား တစ်ယောက်အနေဖြင့် ဆရာကြီးက ရေးသားခဲ့ခြင်းဖြစ်သည်။

ဆရာငွေးမောင်၏ အရေးတော်ပုံဝတ္ထုဖတ်ပြီးနောက် စာဖတ်သူများထံမှ မိမိတို့၏ရင်ထဲတွင် ပျိုးတွယ်စပြုနေသော နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားစိတ်ဓာတ်ကို ခိုင်မာအောင် ရေလောင်းပေးလိုက်သလိုဖြစ်ကြောင်း၊ အလုပ်သမားများ၏ ဘဝနစ်နာမှု၊ ထိုနစ်နာမှုမှ ပေါက်ဖွားလာသော ဒေါသ၊ ၎င်းဒေါသနှင့်အတူ ခိုင်မာလာသော ယုံကြည်ချက်၊ အဆိုပါ ယုံကြည်ချက်ကြောင့် မိုင်လေးရာ ချီတက်ပွဲတွင် သေသေကျေကျေ ရဲရင့်ခဲ့သော သတ္တိများမှာ အရေးတော်ပုံကိုဖတ်ရင်း ရင်ထဲတွင် တဟုန်းဟုန်း ပေါ်ပေါက်လာကြောင်း၊ အလုပ်သမားများနှင့်အတူ ငတ် ငတ်ချင်း၊ ဆင်းရဲဆင်းရဲချင်း၊ အေးတူပူမျှ ကိုယ်တိုင်ပါဝင် လိုက်ပါပြီး ချီတက်နေရသလို ထင်မြင်လာစေကြောင်း ဆရာကြီးထံသို့ ချီးကျူးစာများ ရေးသားပေးပို့ကြသည်။

အရေးတော်ပုံဝတ္ထုသည် ၁၉၆၄ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်) ဒုတိယဆုကို ရရှိခဲ့သည်။ ထိုအရေးတော်ပုံဝတ္ထုနှင့်ပတ်သက်၍ ၁၉၆၆ ခုနှစ် ဇန်နဝါရီလထုတ် အတွေးနှင့်အရေးစာအုပ်၌ ဆရာ သိန်းဖေမြင့်က–

အမျိုးသားစာပေ ဒုတိယဆုရသော အရေးတော်ပုံဝတ္ထုမှာ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ၏ တပ်ဦးဖြစ်သော ရေနံမြေသပိတ်ကြီးအကြောင်းကို ဝတ္ထုရေခံမြေခံထားပြီး ထိုသပိတ်တွင် ပါဝင်ကြသော အသက်ထင်ရှားရှိခဲ့ကြသည့် ဇာတ်ကောင်များနှင့် စာရေးဆရာဖန်တီးထားသော ဇာတ်ကောင်များပူးပေါင်းကာ တည်ဆောက်ထားကြောင်း၊ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် ၎င်း၏တပ်ဦးဖြစ်သော ရေနံမြေသပိတ်ကြီးတို့ကို ဂုဏ်ရောင် တောက်ပစွာ မော်ကွန်းတင်ထားကြောင်း၊ အရေးတော်ပုံမှာ စရိုက်သဘာဝ သရုပ်ဖော်မှု မည်မျှကောင်းသနည်းဆိုသော် ကျွန်တော့်စိတ်ထဲမှာ အားလုံး ဇာတ်လိုက်ချည်းဖြစ်နေကြောင်း ဖော်ပြရေးသား ဂုဏ်ပြုခဲ့သည်










**တိုက်ပွဲခေါ်သံစာအုပ်**

၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုပြိုင်ပွဲတွင် ဆရာငွေးမောင်၏ "တိုက်ပွဲခေါ်သံ" က ပထမဆု ရရှိခဲ့သည်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလ၊ နယ်ချဲ့တော်လှန်ရေးကာလမှ ဖက်ဆစ်တော်လှန်ရေးကာလ၊ လွတ်လပ်ရေးတိုက်ပွဲကာလအထိ သမိုင်းဖြစ်ရပ်နောက်ခံပြုကာ တော်လှန်ရေးနှင့် တိုက်ပွဲကာလများအတွင်း လူတို့၏စရိုက်ကို ထင်ဟပ်ပြထားသော ဝတ္ထုဖြစ်သည်။

ဆုရသူများအား ကြေးမုံသတင်းစာက တွေ့ဆုံမေးမြန်းရာ ဆရာငွေးမောင်က– ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာတိုင်းရင်းသားတို့၏ လှုပ်ရှားမှုအခန်း ပေါ်လွင်စေလိုကြောင်း၊ ဘာသာပြန်စစ်ဝတ္ထုများကြောင့် မြန်မာပြည်၏ ဖက်ဆစ်တော်လှန်ရေးမှာ အင်္ဂလိပ်ဗိုလ်ချုပ်ကြီးများ ဖြစ်ကြသော ဝင်းဂိတ်တို့၊ စလင်းတို့သာ သူရဲကောင်းကြီးများဟု လူငယ်များ ထင်မှတ်မှားမည်ကို စိုးရိမ်ကြောင်း၊ ထို့ကြောင့် တိုက်ပွဲခေါ်သံဝတ္ထုကို ရေးသားခဲ့ကြောင်း ဖြေကြားခဲ့ရာ ဆရာငွေးမောင်၏ မျိုးချစ်စိတ်ဓာတ်ကို ထင်ထင်ရှားရှား မြင်တွေ့ရပါသည်။

တိုက်ပွဲခေါ်သံဝတ္ထုကို ဆရာ ရန်ကုန်ဘဆွေက အမှာစာရေးရာတွင် "ယခုကဲ့သို့ တိုင်းသိပြည်သိ လူတိုင်းသိသော တကယ့်အဖြစ်အပျက်တစ်ရပ်ကို ရေးသားရာ၌ ဤသို့ တကယ်ရှိ တကယ်ဟုတ်သော လူများနှင့် တကယ်တူသည့် ဇာတ်ကောင်များကို ဖန်တီးပေးနိုင်ရန် စာရေးဆရာတို့အတွက် အရေးကြီးဆုံး ဖြစ်၏။ ဆရာ ငွေးမောင်သည် ထိုအရေးကြီးဆုံးအချက်ကို အောင်မြင်စွာ ကြိုးပမ်းနိုင်ခဲ့သူ ဖြစ်၏" ဟု ဖော်ပြထားသည်။

"ငွေးမောင်သည် ဇာတ်ဆောင်များကို ကိုင်တွယ်၍ နောက်ခံဖြစ်ရပ်မှန်တို့ကို အခြေခံသော ဝတ္ထုကိုရေးဖွဲ့ရာ၌ အတော်ကြီး အားထုတ်ထားသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့်လည်း တိုက်ပွဲခေါ်သံသည် ငွေးမောင်၏ ထင်ရှားအောင်မြင်သော ဝတ္ထုတစ်ပုဒ်ဟု ဆိုရပေမည်" ဟုလည်း မလိခ၏ မြန်မာဝတ္ထုအညွှန်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

တိုက်ပွဲခေါ်သံဝတ္ထုပါ ဂျပန်အရာရှိ ကေဘီထိုင်ကို ကိုရွှေမောင်တို့ တော်လှန်ရေးသမားများက ဖမ်းမိရာ သတ်မည်ပြုစဉ် ဂျပန်မှာ စိတ်ဖောက်ပြန်သွား၍ ကိုရွှေမောင်က လွှတ်ပစ်လိုက်သော အချက်နှင့်ပတ်သက်၍ ဆရာကြီးဦးသုခကလည်း "ကေဘီထိုင် အရာရှိကို လွှတ်ပစ်လိုက်တဲ့အခန်း သိပ်ကြိုက်တယ်ဗျာ၊ ငါသာဆိုရင် ဒီလိုလွှတ်နိုင်ပါ့မလား ဆိုတာကိုလည်း လေးလေးနက်နက် စဉ်းစားမိတယ်"ဟု ဆရာငွေးမောင်နှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည်ဟု သိရသည်။

**ချစ်သော ဒွေးမယ်နော်စာအုပ်**

ယဉ်ကျေးမှုအနုပညာ ဟူသည်မှာ လူမျိုး၏ အသက်သွေးခဲနှင့် တူလေရာ မြေပြန့်မှ အနုပညာကို တောင်ပေါ်သို့ ပို့ဆောင်ပြီး တောင်ပေါ်မှ ယဉ်ကျေးမှုကိုလည်း မြေပြန့်သို့ သယ်ဆောင်ရမည်ဖြစ်၏။ မြို့ပေါ်မှ ယဉ်ကျေးမှုကို တောတောင်လျှိုမြောင်များသို့အရောက်ပို့ကာ တောတောင်လျှိုမြောင်အတွင်းမှ အနုပညာအရပ်ရပ်ကိုလည်း မြို့ပေါ်သို့ ရောက်လာအောင် အားထုတ်ကြရမည် ဖြစ်သည်။ ဤသို့ အနုပညာချင်း ရင်းနှီးပွန်းတီးလာသည်နှင့် အမျှ လူမျိုးစုတစ်ခုနှင့်တစ်ခု၊ လူတစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုလည်း ပို၍ကြီးထွားခိုင်မာလာမည်မှာ မုချဖြစ်လေသည်။

ပြည်ထောင်စုနေ့ သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ပြည်နယ်၌ ကျင်းပသည့် ၁၉၆၃ ခုနှစ် (၁၆) ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့သို့ စာပေခရီးသွားရင်း ဆရာကြီး ငွေးမောင်သည် ဤကြီးလေးသောတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် လောပိတလျှပ်စစ်ဓာတ်အားပေးရုံ၊ ဘီလူးချောင်းရေတံခွန်၊ ငွေတောင်ဆည်၊ ဒီမောဆိုးနှင့် ဖရူဆိုဆေးရုံ၊ ကန်ခုနစ်ဆင့်၊ အီတာလျံကျောက်ပြားချောလုပ်ငန်း၊ တစ်ဆယ့်ရှစ်ပေရှည်လျားသော ခေါင်းတလားကြီးများရှိရာ ကျတ်ဂူ၊ တောင်ကွဲစေတီ စသည့် ထင်ရှားသည့်နေရာဒေသများသို့ သွားရောက်လေ့လာခဲ့ပုံ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ပဒေသာကပွဲကို ပါဝင်ဆင်နွှဲခဲ့ပုံ၊ ရိုးရာအစားအသောက်နှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ တင်ပြဆွေးနွေးခဲ့ပုံများကို ကယားပြည်နယ်အား ဒွေးမယ်နော်ဟု တင်စားကာ "ချစ်သော ဒွေးမယ်နော်" စာအုပ်ရေးသားပြီး တိုင်းရင်းသားချစ်ကြည် စည်းလုံးရေးဖော်ဆောင်ခဲ့ပေသည်။

**ကလေးတို့အကြိုက် ..... နိုင်ငံတကာပုံပြင်များစာအုပ်**

ဆရာကြီးသည် အရေးတော်ပုံ၊ တိုက်ပွဲခေါ်သံတို့ကဲ့သို့ ဂန္ထဝင်မြောက် စာကြီးပေကြီးများကို ရေးသားခဲ့ရုံသာမက ကလေးသူငယ်များ အသိအလိမ္မာ၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာပုံပြင်များကိုလည်း စုစည်း ဘာသာပြန်ဆိုခဲ့သည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသော ပုံပြင်စာအုပ်အသီးသီးမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ ဆရာကြီး ဘာသာပြန် စုစည်းထားသော ကလေးတို့အကြိုက် "အသိအလိမ္မာ အတွေးအခေါ်နှင့် ဉာဏ်ပညာ နိုင်ငံတကာပုံပြင်များ"စာအုပ်တွင် လူသားတို့ကို ပထမဆုံး ဖျော်ဖြေမှုပေးသည့်အရာ၊ ပညာပေးသည့်အရာမှာ ပုံပြင်များဖြစ်ကြောင်း၊ စာပေ၊ တေးဂီတ၊ အကအခုန်တို့ မပေါ်ပေါက်မီကတည်းက ပုံပြင်များ ပေါ်ပေါက်ခဲ့ကြောင်း၊ ပုံပြင်၏အနှစ်သာရမှာ ဇာတ်ကောင်မဟုတ်၊ ရည်ရွယ်ချက်ဖြစ်ကြောင်း၊ ပုံပြင်ရေးသားသူတို့၏ စိတ်ကူးကောင်းပုံ၊ အနုပညာမြောက်ပုံ၊ အကျိုးပြုရည်ရွယ်ချက်ထားပုံတို့မှာ လေးစားချီးကျူးဖို့ကောင်းကြောင်း၊ ပုံပြင်ကောင်းများ အစဉ်ပေါ်ထွန်းရန် အထူးသဖြင့် လူငယ်များ အသိတိုး၊ အကျင့်ကောင်း၍ ရဲစွမ်းသတ္တိ ရှိကြပါစေဟု ဆန္ဒပြုလိုက်ပါကြောင်း စသည်ဖြင့် "ပုံပြင်ရှေးစကား" ဆိုပြီး ဆရာကြီးငွေးမောင်ကိုယ်တိုင်အမှာစာရေးသားခဲ့ရာ ဆရာကြီး၏ ကလေးသူငယ်များအပေါ်ထားသော စိတ်စေတနာကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။

**စကားသည် လောကကို စိုးမိုး၏စာအုပ်**

ဆရာကြီးငွေးမောင်၏ "စကားသည် လောကကို စိုးမိုး၏" စာအုပ်ထဲ၌ ကိုယ်ရည်ကိုယ်သွေး အတ္တစကားကို ပြောတတ်သူ၊ ကြားရသူ တစ်ဖက်သားအဖို့ မစားရဝခမန်း ရွှန်းရွှန်းဝေ လောကွတ်စကားပြောတတ်သူ၊ စကားနည်းသူ၊ စကားပြောတိုတောင်းသူ၊ အသေးအဖွဲကိစ္စကလေးများမှအစ ရေးကြီးခွင်ကျယ် 'ဇာချဲ့' ၍ မပြီးနိုင်၊ မစီးနိုင် စကားပြောတတ်သူ၊ လိုရင်းသို့မရောက်ဘဲ 'ခုနစ်စဉ်အမျှင်တန်း' ပြောတတ်သူ စသည်ဖြင့် လူအမျိုးမျိုးအကြောင်း အပြင်စကားနှင့်ပတ်သက်၍ တိုင်းရင်းသားစကားပုံများ၊ ခေါင်းဆောင်များ၊ နိုင်ငံ့အကြီးအကဲများ၏ အဆိုအမိန့်များ၊ ဆိုထုံးများ၊ စကားကောင်း အင်္ဂါ(၅)ပါး၊ မယုံထိုက်သောစကား (၄) ပါးတို့ကိုလည်း လေ့လာမှတ်သားရနိုင်ပေသည်။

ထို့ပြင် ဆရာကြီးသည် မိန်းမစကား၊ ချိုသာစကား၊ ကြမ်းတမ်းစကား၊ မုသားစကား၊ သစ္စာစကားတို့အကြောင်းကို ငါးရာ့ငါးဆယ်ဇာတ်နိပါတ်များ၊ မဟာဗုဒ္ဓဝင်၊ မာတော ဝါဒ ဆုံးမစာ၊ မဃဒေဝလင်္ကာသစ်၊ ရေစကြိုခုံတော်ဖြတ်ထုံး၊ လက်သစ်တောင်တာ ဆုံးမစာ၊ ဩဝါဒထူးပျို့၊ မင်္ဂလသုတ်ပျို့၊ ရာဇသေဝက ဒီပနီကျမ်း စသည်တို့မှ ထုတ်နုတ်၍လည်းကောင်း၊ အကိုးအကာပြု၍ လည်းကောင်း ဖတ်ရှုသူအများ နားလည်လွယ်အောင် ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovichနှင့် တွေ့ဆုံမေးမြန်းခြင်း

ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich နှင့် တွေ့ဆုံမေးမြန်းထားပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်-



**မေး ။ ။ ရုရှား – မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းရဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ ။ ။ ပထမဦးစွာ အလေးပေးပြောကြားလိုတာက ချစ်ကြည်ရေးဆိုတာထက် ပူးပေါင်းဆောင်ရွက်မှုအကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ အသင်းအဖွဲ့ဝင်များဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်းက စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပြီး မြန်မာနိုင်ငံနဲ့ စီးပွားရေးလုပ်ငန်းများမှာ တက်ကြွစွာ အတူတကွအလုပ်လုပ်ဆောင်ဖို့ ဆန္ဒပြင်းပြလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ရုရှားနိုင်ငံတို့အကြား ဆက်ဆံရေး၊ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၊ စီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာ စသည်တို့ကို ရုရှားစီးပွားရေး လုပ်ငန်းရှင်များသိရှိအောင် ကျယ်ပြန့်တဲ့သတင်းကွန်ရက်တည်ဆောက်ဖို့အတွက် သတင်းအချက်အလက်များစွာကို ဖော်ထုတ်ရရှိဖို့လိုပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ ဘယ်ကဏ္ဍတွေမှာ အများဆုံးရှိနေပါလဲ။ အနာဂတ်မှာလည်း ဘယ်ကဏ္ဍတွေမှာ ထပ်မံတိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ ။ ။ လက်ရှိအချိန်မှာတော့ ရုရှားနဲ့ မြန်မာနိုင်ငံတို့အကြား ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုမရှိသေးပါဘူး။ သို့သော်လည်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးရဲ့ ကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မှုကတော့ ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကစပြီး ရုရှားနိုင်ငံရဲ့ အဆင့်မြင့် အထူးပြုဘာသာရပ်တွေကို မြန်မာနိုင်ငံက ပညာတော်သင်အမြောက်အမြားဟာ လာရောက်သင်ယူခဲ့ပြီးဖြစ်ပါတယ်။ အားလုံးထဲမှာ ပညာရေးနယ်ပယ်ဟာ အပြန်အလှန်အကျိုးသက်ရောက်မှု အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှ အရည်အချင်းပြည့်မီတဲ့ ပညာတော်သင်များဟာ သင်ယူတတ်မြောက်ပြီးဖြစ်ပါတယ်။ ၎င်းပညာတော်သင်များဟာ နှစ်နိုင်ငံစလုံးရဲ့ အကျိုးအတွက် အဓိက အသုံးချရမည့် ခိုင်မာတဲ့ အင်စတီကျူးရှင်းတစ်ရပ်ဖြစ်ပါတယ်။

ဒါ့အပြင် ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ အစပြုပြီး မည်သည့်စက်မှုလုပ်ငန်းတွင်မဆို ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းရလိုပါတယ်။ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ သင်္ဘောတည်ဆောက်ရေး၊ မီးသတ်ကိရိယာများ ထုတ်လုပ်ခြင်း၊ မြစ်နှင့်ပင်လယ်ဆိပ်ကမ်းများ ပြန်လည်တည်ဆောက်ခြင်း၊ အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ သတ္တုတူးဖော်ရေးနှင့် အခြားစက်မှုကဏ္ဍများမှာလည်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါတယ်။

**မေး ။ ။ ရုရှား– မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စင်တာတွေ တည်ဆောက်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သွားဖို့ရှိကြောင်း ဆွေးနွေးပြောခဲ့ပြီးတာတွေ ရှိပါတယ်။ ဘယ်အဆင့်ထိ ဆောင်ရွက်ပြီးစီးပါပြီလဲ။ ဘယ်လိုစီးပွားရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ ၂၀၁၄ ခုနှစ်ကစပြီး ရန်ကုန်မြို့မှာ “Golden Ring” အမည်နဲ့ ရုရှား– မြန်မာ ပူးပေါင်းဆောင်ရွက်ရေး စင်တာတစ်ခုဆောက်လုပ်ဖို့ မြေနေရာရရှိနိုင်ရေး ကြိုးစားခဲ့ပါတယ်။ အဲ့ဒီစင်တာမှာ ရုံးခန်းနဲ့ လူနေအိမ် အဆောက်အဦများ၊ ပညာရေးနဲ့ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ၊ ကုန်သွယ်ရေးနဲ့ ပြခန်းများအပါအဝင် အခြားကဏ္ဍများအတွက် ဘက်စုံစင်တာတစ်ခုဖြစ်ဖို့ရည်ရွယ်ပါတယ်။ ဒါပေမယ့် အခုချိန်အထိတော့ မြန်မာနိုင်ငံဘက်က အကြောင်းပြန်ချက်ကို စောင့်ဆိုင်းနေတဲ့အနေအထားပဲ ရှိပါသေးတယ်။

**မေး ။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်ကဏ္ဍတွေမှာ အဓိကထား ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ အကြံပြုချင်ပါသလဲ။**

ဖြေ ။ ။ ဒီမေးခွန်းကို ကျွမ်းကျင်ပညာရှင်များကို မေးတာပိုကောင်းမယ်ထင်ပါတယ်။ ကျွန်တော့်အမြင်ကို ပြောရရင်တော့ ဦးစားပေးလုပ်ငန်းတွေအနေနဲ့ စွမ်းအင်နဲ့ သယ်ယူပို့ဆောင်ရေးကွန်ရက်၊ သတ္တုဓာတ်ထုတ်ယူခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အိုင်တီနည်းပညာကဏ္ဍတွေ ဖြစ်ပါတယ်။ အဆိုပါကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်ဖို့ ရုရှားတက္ကသိုလ်များမှာ လေ့ကျင့်သင်ကြားခဲ့တဲ့ မြန်မာနိုင်ငံက အထူးကျွမ်းကျင်သူများကို အသုံးပြုခြင်းဖြင့် တိုင်းပြည်ရဲ့ ဘတ်ဂျက်အတွက် အပိုဝင်ငွေများ ရရှိစေမှာ ဖြစ်ပါတယ်။ ခေတ်မီ သတ္တုသန့်စင်စက်ရုံ တစ်ရုံတည်ဆောက်ခြင်းဖြင့် နိုင်ငံဘဏ္ဍာများ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဆိုပါ လုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ပြင်ဆင်ထားပါတယ်။

ဒီနေရာမှာ ဖြေရှင်းရန်လိုအပ်တဲ့ ပြဿနာတစ်ခုကတော့ ကျွန်တော်တို့ နိုင်ငံများအကြား ဘဏ္ဍာရေးယန္တရားကို မှန်ကန်စွာ တည်ဆောက်နိုင်ရန် လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွမ်းကျင်တဲ့ စီးပွားရေးပညာရှင် အဖွဲ့များနဲ့အတူ အဆိုပါ ပြဿနာနဲ့ ပတ်သက်ပြီး အဆိုပြုချက်များကို ပြင်ဆင်ထားရှိကာ ပွင့်လင်းစွာ ဆွေးနွေးနိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ပညာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေး၊ ယဉ်ကျေးမှု စတဲ့ကဏ္ဍတွေမှာ ကူညီပူးပေါင်းဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။ အနာဂတ်မှာ ဘယ်ကဏ္ဍတွေမှာ အဓိကထား ကူညီပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါသလဲ။ အသင်းအနေနဲ့လည်း ဘယ်လိုတွေ ကူညီဆောင်ရွက်ပေးသွားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ အဲ့ဒီအတွက်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကတော့ အရှိန်အဟုန်နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ လက်ရှိအချိန်မှာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံက အထူးကျွမ်းကျင်သူ အမြောက်အမြားကို မွေးထုတ်သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရုရှားနဲ့မြန်မာ ပူးတွဲတက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်ရေး အကြံပြုတင်ပြလိုပါတယ်။ ဥပမာ – မော်စကိုတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်းကာ နေပြည်တော်သို့မဟုတ် မန္တလေးမြို့မှာ ပူးတွဲတက္ကသိုလ်ဖွင့်လှစ်ပြီး ခေတ်မီပညာများ သင်ကြားပေးရန် ဆောင်ရွက်ခြင်းဖြင့် အနာဂတ်လူငယ်များ ခေတ်မီပညာရပ်များကို လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍမှာတော့ နိုင်ငံတကာမှာ ကျယ်ပြန့်စွာကျင့်သုံးလျက်ရှိတဲ့ ဥပမာကိုယူပြီး ရုရှားနိုင်ငံမှာ “မြန်မာနှစ်” ပွဲတော်နှင့် မြန်မာနိုင်ငံမှာ “ရုရှားနှစ်” ပွဲတော်များ ကျင်းပခြင်းများ ဆောင်ရွက်နိုင်ပါတယ်။ နှစ်နိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေယာဉ်ပျံများ တိုက်ရိုက်ပျံသန်းပြေးဆွဲမှု ပြုလုပ်ရန် ညှိနှိုင်းဖို့လိုပါတယ်။ ဗီဇာအပြန်အလှန်ကင်းလွတ်ခွင့် ညှိနှိုင်းဖို့ လိုပါတယ်။

**မေး ။ ။ ရုရှား – မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ အနေနဲ့လည်း ရုရှားနိုင်ငံရဲ့ နိုင်ငံရေးစာစောင်တစ်ခုဖြစ်တဲ့ (၁၁၈)ကြိမ်မြောက်ထုတ်ဝေတဲ့ Politics Magazine မှာ “ တောင့်တင်းခိုင်မာသော တပ်မတော်သည် အမိမြေအေးချမ်းသာယာရေး၏ အာမခံချက်ဖြစ်သည်” ဆိုတဲ့ဆောင်းပါးကို ရေးသားထားတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်အပေါ်အမြင်ကို ခုလိုအခွင့်အခါကြုံတဲ့အချိန်မှာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်ဟာ ၁၉၇၈– ၇၉ ခုနှစ်များအတွင်း ရန်ကုန်တက္ကသိုလ်၊ နိုင်ငံခြားဘာသာရပ်ဌာနမှာ မြန်မာဘာသာ သင်ယူခဲ့ပြီး ရုရှား–မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံကို ကြိမ်ဖန်များစွာ ရောက်ရှိခဲ့သူဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အံ့သြဖွယ်ကောင်းတဲ့ တိုင်းပြည်ဖြစ်ပြီး မြန်မာလူမျိုးများဟာ ချစ်ကြည်ရင်းနှီးတတ်ပြီး အံ့သြစရာကောင်းလောက်အောင် ဖော်ရွေပျူငှာပါတယ်။ မြန်မာနိုင်ငံကို ကျွန်တော်နဲ့အတူ ရောက်ဖူးတဲ့ အခြား ရုရှားနိုင်ငံသားအားလုံးကလည်း မိတ်ဆွေအပေါင်းအသင်းများ အလယ်ရောက်ရှိနေသလို အမြဲတမ်း ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ရင်ထဲကလာတဲ့ ဟန်ဆောင်မှုကင်းတဲ့ ရင်းနှီးချစ်ခင်မှုလို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှုရဖို့ တစ်ယောက်နဲ့ တစ်ယောက်ကူညီ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

မြန်မာ့တပ်မတော်နဲ့ ပတ်သက်ပြီး ပြောရမည်ဆိုရင် တပ်မတော်ဟာ ပြည်သူလူထုရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ တပ်မတော်ဟာ တိုင်းပြည်ကို ပြည်ပကျူးကျော်မှု ကာကွယ်ရန်နဲ့ ပြည်ပကျူးကျော်စစ်အတွက် ပြည်တွင်းအင်အားစုများကို စုစည်းတည်ဆောက်ရန်ဖြစ်ပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုရဘူးလို့ ယေဘုယျသတ်မှတ်ထားပေမယ့် စကားပုံတစ်ခုကို ဥပမာ ပြောရမည်ဆိုလျှင် “ မိမိတပ်မတော်ကိုမှ မထောက်ပံ့လိုသောတိုင်းပြည်သည် အခြားတပ်မတော်တစ်ခု၏ နှိပ်စက်ခြင်းကို ခံရမည်” ဆိုတဲ့အတိုင်း တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်လို့ သဘောပေါက်ယုံကြည်ပါတယ်။

**မေး ။ ။ ဆောင်းပါးအရဆို မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအပါအဝင် မြန်မာနိုင်ငံရဲ့အကြောင်းကို အတော်လေးလေ့လာသိမြင်ထားတာတွေ့ရပါတယ်။ ဒါကြောင့် လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ လုပ်ဆောင်ချက်တွေအပေါ် သဘောထားအမြင်ကို သိလိုပါတယ်။**

ဖြေ ။ ။ ပထမဦးစွာ ပြောလိုတာကတော့ ကျွန်တော်တို့ အဖွဲ့အစည်းဟာ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်း မဟုတ်ပါဘူး။ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်တယ်ဆိုတာ အလေးထားပြောကြားလိုပါတယ်။ ရုရှားနိုင်ငံ အကြီးအကဲများနဲ့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနတို့အနေနဲ့ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လေးနက်သိမ်မွေ့တဲ့ အခြေအနေနဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွားကို ရှေးရှုလျက် တည်ငြိမ်အေးချမ်းမှု ရအောင် ကူညီဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာ့နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေသူအားလုံးရဲ့ ဆောင်ရွက်ချက်များဟာ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီရပါမယ်။ အရေးကြီးဆုံးကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ အကြောင်းအရာများနဲ့ပတ်သက်ပြီး တိကျမှန်ကန်တဲ့ သတင်းအချက်အလက်များအား ပြည်သူလူထုထံ ပျံ့နှံ့စေပြီး သတင်းအမှားများနှင့် ကောလာဟလသတင်းများ မပျံ့နှံ့စေရေး ကာကွယ်ဆောင်ရွက်သွားဖို့ လိုမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရွေးကောက်ပွဲအသစ်များ ပြန်လည်ကျင်းပရန် ထုတ်ပြန်ကြေညာချက်ဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ပြည်ထောင်စုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အခြေခံလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုခွန်အားနဲ့ မြန်မာ့နိုင်ငံရေးပန်းတိုင်ကို အမြန်ဆုံးရောက်ရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အမြန်ဆုံး ရရှိလိမ့်မယ်လို့ ယုံကြည်မျှော်လင့်လျက်ရှိပါတယ်ခင်ဗျာ။

*(ဆက်လက်ဖော်ပြပါမည်)*

❊ ကျောဖုံးမှ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၄၄) ခု | (၁၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၁) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၉) ခု | (၃၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၂) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၉) ခု | (၁) ဦး |
| ကလေးမြို့၊ တပ်မတော် mobile PCR Team | (၆၁) ခု | (၂၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၄) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁၀၈) ခု | (၄၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၆၈၈) ခု | (၁,၁၈၉) ဦး |
| စုစုပေါင်း | (၉,၁၄၆) ခု | (၁,၈၆၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်-

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ် ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# နတ်မောက်မြို့၌ ရဲတပ်ဖွဲ့ မိသားစုများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**နတ်မောက် ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနသည် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် မြို့နယ်ရဲတပ်ဖွဲ့ မိသားစုဝင်များအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဇွန် ၃၀ ရက်က ကွင်းဆင်းပြုလုပ်ပေးသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အရ နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းဖြစ်ကာ မြို့နယ်ဦးစီးမှူးက ပန်းခင်းစီမံချက် ဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရာတွင် ပါရှိရမည့်အထောက်အထားများ၊ နိုင်ငံသား စိစစ်ရေးကတ်၏ အသုံးဝင်မှုနှင့် ပျောက်ဆုံး / ပျက်စီးမှု မရှိစေရေးအတွက် စနစ်တကျကိုင်တွယ်အသုံးပြုရမည့် နည်းစနစ်များကို အသိပညာပေး၍ နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးရာ အသက် ၁၀ နှစ်ပြည့် ပြုလုပ်သူ နိုင်ငံသားစိစစ်ရေးကတ် သုံးဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် ပြုလုပ်သူတစ်ဦးနှင့် မိတ္တူ ငါးဦးတို့အား အထောက်အထားများ စိစစ်၍ အခမဲ့ပြုလုပ်ပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းအသစ် သုံးခုကိုလည်း ပြုလုပ်ပေးသည်။

နတ်မောက်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခြင်းကို မေ ၃ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ကာ စီမံချက်ကာလမှာ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။



ရဲတပ်ဖွဲ့မိသားစုဝင်များအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးစဉ်။

သင်းသင်းမြတ် (ပြန်/ဆက်)

# သုဝဏ္ဏဘောလုံးကွင်းဧရိယာအတွင်း MFF ဖူဆယ်အားကစားရုံ ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီး

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းဧရိယာအတွင်း တည်ဆောက်နေသည့် နိုင်ငံတကာအဆင့်မီ MFF ဖူဆယ်အားကစားရုံ ပြီးစီးပါက နိုင်ငံတကာဖူဆယ်ပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံအဖြစ် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကျင်းပခဲ့သည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ် အားကစားရုံသာရှိပြီး ပြည်တွင်းပြိုင်ပွဲများ အဓိကကျင်းပနေသည့် ရန်ကုန်မြို့တွင် မရှိခြင်းကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် ဖူဆယ်အားကစားရုံ ပေါ်ပေါက်လာစေရန် ကြိုးပမ်းခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဖူဆယ်အားကစားရုံကို ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၀ နှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၂၁ နှစ်ဆန်းပိုင်းတွင် ပြီးစီးရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းရပ်နားမှုများ ရှိခဲ့ရာ ယခုနှစ်လယ်ပိုင်းမှသာ ပြီးစီးမည်ဖြစ်သည်။ MFF ဖူဆယ်အားကစားရုံ တည်ဆောက်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပြီး အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန်သာ ကျန်ရှိတော့သည်။ နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံကို ပရိသတ် ၂၀၀၀ ဝန်းကျင် ကြည့်ရှုနိုင်ရန် တည်ဆောက်ထားပြီး ယခုလအတွင်း အပြီးသတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ MFF ဖူဆယ်အားကစားရုံကို သုဝဏ္ဏဘောလုံးကွင်း ပရဝုဏ်အတွင်း တည်ဆောက်နေခြင်းဖြစ်ပြီး ဘောလုံးကွင်း အထူးတန်းပွဲကြည့်စင် ဝင်ပေါက်အနီးတွင် တည်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားရုံပြီးစီးသွားပါက မြန်မာ့လက်ရွေးစင် အသင်းယှဉ်ပြိုင်နေသည့် အာဆီယံအဆင့်ပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းသွားဖွယ်ရှိနေသည်။ ယခင်က ရန်ကုန်မြို့တွင် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံမရှိသဖြင့် နိုင်ငံတကာဖူဆယ်ပြိုင်ပွဲများ ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယင်းဖူဆယ်ရုံသစ် ပြီးစီးသွားပါက စတင်ကျင်းပနိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းဖူဆယ်ပြိုင်ပွဲများကို ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်ကတည်းက ကျင်းပခဲ့သော်လည်း ရန်ကုန်မြို့တွင် ဖူဆယ်အားကစားရုံ မရှိသောကြောင့် ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရန် အခက်အခဲများနှင့်ကြုံတွေ့ခဲ့ရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းဖူဆယ်ပြိုင်ပွဲအဖြစ် ဖူဆယ်လိဂ်ပြိုင်ပွဲနှင့် MFF Open Cup ပြိုင်ပွဲတို့ ကျင်းပလျက်ရှိပြီး ပြိုင်ပွဲအရေအတွက်တိုးမြှင့်ကျင်းပရန် စီစဉ်ထားသလို လူငယ်ကစားသမားများထွက်ပေါ်လာရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်ပြိုင်ပွဲများလည်း ကျင်းပနိုင်မည်ဖြစ်သည်။

ရဲရင့်လွင်

## ပန်းတောင်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ပန်းတောင်း ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ဇူလိုင် ၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးကျော်မြင့်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ထုံးဘိုကျေးရွာအုပ်စုသို့ ကွင်းဆင်းကာ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်သူများနှင့် ပျက်စီး/ပျောက်ဆုံးသူများအား ပြုလုပ်ပေးခဲ့ရာ အိမ်ထောင်စု ကျား/မ ၁၇၀ ရှိသည့် အနက် ခရီးလွန်သူများရှိသည့်အတွက် ၉၀ သာ ပြုလုပ်ပေးနိုင်ခဲ့သည်။

အလားတူ ဇွန် ၂၂ ရက်ကလည်း ကျီးပင်ကျေးရွာ၊ ပေပင်ကျေးရွာ၊ သပြေကုန်းကျေးရွာတို့ရှိ ကျား/မ စုစုပေါင်း ၄၃ ဦးအားလည်း နိုင်ငံစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇူလိုင် ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# ဥပဒေဘောင်ပြင်ပမှာ နေထိုင်မယ်ဆိုရင် ဘေးရန်များမယ်

**ကိုရေချမ်း**

**❐ နိုင်ငံရေးသမားတွေဆိုတာ ဒီမိုကရေစီရေး၊ ပြည်သူလူထုကောင်းစားရေး၊ အာဏာရှင်ဆန့်ကျင်ရေးလို့သာ တစာစာကြွေးကြော်ပြီး သူတို့ အာဏာရရေးကိုသာ တစိုက်မတ်မတ် လုပ်နေကြတဲ့သူတွေဖြစ်ပါတယ်။ အာဏာလိုချင်ပေမယ့် လည်း အသက်နဲ့ရင်းရတဲ့၊ စတေးရတဲ့အလုပ်တွေကို မလုပ်ရဲကြတာကြောင့် နောက်ကွယ်ကပဲ သွေးထိုးပေး၊ ရှောင်ပုန်းပြေးနေကြတာကို အထင်အရှားတွေ့နေရပါတယ်။ ၈၈ မျိုးဆက်တွေ၊ နိုင်ငံရေးသမားတွေဘဝတုန်းက ထောင်အကျဉ်းကျခံရဲဖူးပေမယ့် အသက်အရွယ်လေးတွေရလာတော့ ထောင်ကျမခံလိုတော့ဘဲ နောက်ကွယ်ကနေ သွေးထိုးပေးတဲ့အလုပ်တွေသာ တစိုက်မတ်မတ်လုပ်နေကြတာဖြစ်ပါတယ်။ ကြာလာတော့လည်း GZ လေးတွေ၊ PDF လေးတွေ အားကိုးစရာ ပေါ်မလာဘဲ သူတို့ဘာသာသူတို့ ဘဝတွေရင်းနေရလို့ CRPH တို့၊ NUG တို့ကို အားမလိုအားမရဖြစ်နေကြတာ အတော်ကြာခဲ့ပါပြီ**

CRPH၊ NUG ဆိုတဲ့ လေထဲမှာတိုက်ဆောက်ကြသူတွေဟာ ဟိုဟာပြောလိုက်၊ ဒီဟာပြောလိုက်၊ ဟိုအမိန့်ထုတ်လိုက်၊ ဒီအမိန့်ထုတ်လိုက်နဲ့ မရေရာမသေချာတဲ့အလုပ်တွေ လုပ်နေကြတာဟာ အတော်ကြာလာပါပြီ။ အခုလည်း "**ဆင်ကန်းတောတိုး**" လုပ်နေကြတာကို တွေ့နေရပါတယ်။ ပြည်တွင်းမှာ အခြေမလှရင် ပြည်ပဘက်ကို လှော်လိုက်၊ ပြည်ပမှာ အခြေမလှရင် ပြည်တွင်းဘက်ကိုလှော်လိုက်နဲ့ မထူးဇာတ်ခင်းနေကြပါတယ်။

**ရင်နာစရာကောင်း**

လောလောဆယ် ပြည်တွင်းမှာဖြစ်နေတာကတော့ နွေဦးတော်လှန်ရေး၊ ပြည်သူ့ကာကွယ်ရေးလို့ ကြွေးကြော်ကြတဲ့ PDF လေးတွေကို လက်နက် တပ်ပေးလိုက်ပြီး ဘုမသိ၊ ဘမသိနဲ့ အသက်ပေး၊ စတေးနေကြရတဲ့အဖြစ်တွေကို တွေ့ရပါလိမ့် မယ်။ PDF လေးတွေ အသက်တွေ၊ ဘဝတွေ စတေးနေတဲ့အချိန်မှာ မိုးမကျမီက အသံကောင်းဟစ်ခဲ့တဲ့ နိုင်ငံရေး ပုရောဟိတ်ကြီးတွေ၊ ဆရာကြီးတွေ ကားလိပ်နောက်ကွယ်ကို တဖြည်းဖြည်းချင်း အလျှိုလျှိုရောက်နေကြပါတယ်။ နောက်ကွယ်ကနေ ကြွေးကြော်နေကြတဲ့ ကိုယ်ရောင်ဖျောက် ဆရာကြီးတွေ၊ PDF လေးတွေရဲ့အဖြစ်ဆိုးတွေကို မှန်မှန်ကန်ကန် သတိထားကြည့်သင့်ပါတယ်လို့ပြောရင် မသိချင်ယောင်ဆောင်ပြီး မထူးဇာတ်ခင်း ဆက်လက် မိုက်တွင်းနက်ကြမှာ သေချာပါတယ်။ တော်လှန်တဲ့သူအချင်းချင်း၊ ဖိမ်ကျကျနေရတဲ့သူတွေနဲ့ ဒုက္ခဆင်းရဲရောက်နေရတဲ့သူတွေရဲ့ အဖြစ်ဟာ ရင်နာစရာကောင်းလှပါတယ်။ တချို့ကကျတော့လည်း ဒီလိုဆက်စပ်ပြတာကို သွေးခွဲတယ်ဆိုကာ သူတို့ဆရာကြီးတွေအပေါ်ယုံပြီး ပုံအပ်ထားသူတွေရှိသလို ငွေရလို့မိုက်တွင်းနက်နေကြသူတွေလည်း အများသားပါ။

**အားမလိုအားမရ**

နိုင်ငံရေးသမားတွေဆိုတာ ဒီမိုကရေစီရေး၊ ပြည်သူလူထုကောင်းစားရေး၊ အာဏာရှင်ဆန့်ကျင်ရေးလို့သာ တစာစာကြွေးကြော်ပြီး သူတို့ အာဏာရရေးကိုသာ တစိုက်မတ်မတ် လုပ်နေကြတဲ့သူတွေဖြစ်ပါတယ်။ အာဏာလိုချင်ပေမယ့်လည်း အသက်နဲ့ရင်းရတဲ့၊ စတေးရတဲ့ အလုပ်တွေကို မလုပ်ရဲကြတာကြောင့် နောက်ကွယ်ကပဲ သွေးထိုးပေး၊ ရှောင်ပုန်းပြေးနေကြတာကို အထင်အရှားတွေ့နေရပါတယ်။ ၈၈ မျိုးဆက်တွေ၊ နိုင်ငံရေးသမားတွေ ဘဝတုန်းက ထောင်အကျဉ်းကျခံရဲဖူးပေမယ့် အသက်အရွယ်လေးတွေရလာတော့ ထောင်ကျမခံလိုတော့ဘဲ နောက်ကွယ်ကနေ သွေးထိုးပေးတဲ့အလုပ်တွေသာ တစိုက်မတ်မတ် လုပ်နေကြတာဖြစ်ပါတယ်။ ကြာလာတော့လည်း GZ လေးတွေ၊ PDF လေးတွေ အားကိုးစရာ ပေါ်မလာဘဲ သူတို့ဘာသာသူတို့ ဘဝတွေရင်းနေရလို့ CRPH တို့၊ NUG တို့ကိုအားမလိုအားမရဖြစ်နေကြတာ အတော်ကြာခဲ့ပါပြီ။

**ရှောင်လွှဲလို့မရ**

GZ နဲ့ PDF လေးတွေဟာ လူငယ်ပီပီ စိတ်ဓာတ်ကလည်းပြင်းထန်၊ တက်ကြွစိတ်ကလည်း လွန်ကဲ၊ နိုင်ငံရေးမှိုင်းတွေလည်း ဝနေတာကြောင့် လက်နက်ကိုင်ထောင်ချောက်ထဲကို ရောက်မှန်းမသိဘဲ လွယ်လွယ်ကူကူ ရောက်သွားကြပါတယ်။ ခုဆိုရင် နွေဦးတော်လှန်ရေးကနေ မိုးဦးတော်လှန်ရေးတောင် ကျော်လာခဲ့ပါပြီ။ EAOs တွေကို ဆရာတင်ပြီး တော်လှန်ရေးလုပ်တော့ အကျိုးရလဒ်က ပါဂျောင်လိုပဲ ဖြစ်သွားမှာ တစ်စတစ်စ မြင်နေရပါတယ်။ EAOs တွေရဲ့ လမ်းကိုသွားရင် ဒီစခန်းသွားရမယ်ဆိုတာ ရှောင်လွှဲလို့ မရနိုင်ပါဘူး။ ၈၈ တုန်းက လူငယ်တွေ တောထဲသွားပြီး လက်နက်ကိုင် ABSDF အဖွဲ့ ဖြစ်သွားတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူဖို့ သင့်ပါတယ်။ ABSDF ကို ဘယ်သူတွေက ထိန်းချုပ်ခဲ့ပါသလဲ။ နောက်ဆုံး ဘာတွေဖြစ်ကြပါသလဲ။ လေ့လာကြည့်နိုင်ပါတယ်။

**❋ ၂၀၂၂ ခုနှစ်ဟာ ၈၈ နဲ့မတူပါဘူးလို့ အလွယ်ပြောကြပါတယ်။ ဒါပေမယ့် သဘောတရားနဲ့ လုပ်ပုံလုပ်နည်းတွေက အတူတူပါပဲ။ နည်းနည်းထူးခြားတာက ABSDF က တောထဲမှာနေပြီး PDF က မြို့ပြတိုက်ပွဲပုံစံ ဖော်လာတာသာပါတယ်။ ပြီးခဲ့တဲ့ မန္တလေးကအဖြစ်အပျက်ကိုကြည့်မယ်ဆိုရင် လက်နက်ကိုင်အဖွဲ့ထဲက ပါဝင်အားပေးလာတာ တွေ့ရပါတယ်။ လက်နက်တွေ ပံ့ပိုးရုံတင်မကပါဘူး၊ လူပါလိုက်လာပါတယ်။ အဲဒီတော့ PDF ကို NUG မထိန်းချုပ်နိုင်ဘဲ လက်နက်ကိုင်အဖွဲ့က ထိန်းချုပ်တယ်လို့ တွေ့ရပါတယ်။ လက်နက်ကိုင်အဖွဲ့မှာလည်း ထိန်းချုပ်သူရှိတာကို သတိပြုမိဖို့လိုပါတယ်။ NUG ကိုလည်း ဘယ်သူတွေထိန်းချုပ်နေတယ်ဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။ ပြည်ပြေးဇာတ်လမ်း၊ တော်လှန်ရေးဇာတ်လမ်း သဘောတရားအတူတူပဲဖြစ်လို့ NUG ဟာ NCGUB လောက် ကြာကြာခံမယ်မထင်ပါဘူး။ PDF ဟာလည်း ABSDF လောက်တောင် သက်ဆိုးရှည်မယ်မထင်ပါဘူး**

**သက်ဆိုးမရှည်**

၂၀၂၂ ခုနှစ်ဟာ ၈၈ နဲ့မတူပါဘူးလို့ အလွယ်ပြောကြပါတယ်။ ဒါပေမယ့် သဘောတရားနဲ့ လုပ်ပုံလုပ်နည်းတွေက အတူတူပါပဲ။ နည်းနည်းထူးခြားတာက ABSDF က တောထဲမှာနေပြီး PDF က မြို့ပြတိုက်ပွဲပုံစံ ဖော်လာတာ သာပါတယ်။ ပြီးခဲ့တဲ့ မန္တလေးကအဖြစ်အပျက်ကိုကြည့်မယ်ဆိုရင် လက်နက်ကိုင်အဖွဲ့ထဲက ပါဝင်အားပေးလာတာ တွေ့ရပါတယ်။ လက်နက်တွေ ပံ့ပိုးရုံတင်မကပါဘူး၊ လူပါလိုက်လာပါတယ်။ အဲဒီတော့ PDF ကို NUG မထိန်းချုပ်နိုင်ဘဲ လက်နက်ကိုင်အဖွဲ့က ထိန်းချုပ်တယ်လို့ တွေ့ရပါတယ်။ လက်နက်ကိုင်အဖွဲ့မှာလည်း ထိန်းချုပ်သူရှိတာကို သတိပြုမိဖို့လိုပါတယ်။ NUG ကိုလည်း ဘယ်သူတွေထိန်းချုပ်နေတယ်ဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။ ပြည်ပြေးဇာတ်လမ်း၊ တော်လှန်ရေးဇာတ်လမ်း သဘောတရားအတူတူပဲ ဖြစ်လို့ NUG ဟာ NCGUB လောက် ကြာကြာခံမယ် မထင်ပါဘူး။ PDF ဟာလည်း ABSDF လောက်တောင် သက်ဆိုးရှည်မယ်မထင်ပါဘူး။

**အာဏာရရေး**

NUG ဟာ လောလောဆယ်မှာ အနူတောမှာ လူချောဖြစ်နေပေမယ့် NUG ကို နိုင်တဲ့ အဖွဲ့အစည်း ရောက်လာရင် မြောင်းထဲရောက်မှာတော့ သေချာပါတယ်။ အဲဒီအခါမှာ PDF လည်း အမိမဲ့သား ရေနည်းငါးလို ဖြစ်သွားမှာသေချာပါတယ်။ ပွဲလန့်တုန်းဖျာခင်းလို့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့ မထင်လိုက်ပါနဲ့။ ဖျာနေရာကို အစောကတည်းက ကြိုတင်ပေးထားတဲ့ အသုံးချခံဖြစ်နေပါတယ်။ ပွဲပြီးရင် အောင်ဖျာလိပ် အိမ်ပြန်ရလိမ့်မယ်လို့လည်း မထင်လိုက်ပါနဲ့။ မြောင်းထဲအပြီးရောက်သွားမယ့် လက္ခဏာတွေ မြင်နေရပါတယ်။

မြန်မာပြည်မှာ "အိမ်ကြက်ချင်းအိုးမဲသုတ်" တာ ခံနေရတဲ့အဖြစ်ကို သိသိကြီးနဲ့ ဇွတ်တိုးနေကြတဲ့ မိုက်လုံးကြီးသူတွေလို့ ဆိုချင်ပါတယ်။ နိုင်ငံရေးသမားအစွန်းရောက်တွေကို ဆရာကြီးတွေက အသုံးချပြီး လူငယ်တွေကို နိုင်ငံရေးသမားတွေက အသုံးချကြပါတယ်။ ရည်ရွယ်ချက်က နိုင်ငံရေးသမားတွေက အာဏာရရေး၊ ဆရာကြီးတွေက မြန်မာပြည်ကြီး ပျက်စီးရေးဖြစ်ပါတယ်။

**ဘဝတွေရင်းရ**

ယနေ့လူငယ်တွေဟာ နိုင်ငံရေးမလုပ်ခဲ့ဖူးတဲ့ အဖြူရောင်သက်သက်တွေဖြစ်ပါတယ်။ သန့်ရှင်းကြည်လင်တဲ့ရေတွေကို နိုင်ငံရေးအရောင်ဆိုးခဲ့ကြပါတယ်။ အရောင်ဆိုးခံထားတဲ့ရေဟာ ဘယ်တော့မှ အဖြူရောင်ရေ ဖြစ်မလာတော့ပါဘူး။ ဆိုးတဲ့အရောင်အတိုင်း စွဲမြဲသွားပါတယ်။ တိုင်းပြည်အတွက် စိတ်မကောင်းစရာပါပဲ။

တိုင်းပြည်တည်ဆောက်ရေး အင်အားဖြစ်ရမယ့် လူငယ်တွေဟာ တိုင်းပြည်ပျက်စီးရေးလုပ်နေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ အမြန်ဆုံး လျှော့ဖွပ် ဆေးကြောသန့်စင်ဖို့ လိုအပ်ပါတယ်။ အခြားလူငယ်တွေကို မကူးစက်ဖို့၊ မထိခိုက်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ယနေ့အဖြစ်တွေမှာ နောက်ကွယ်ကနေ အသံနဲ့တိုက်နေကြတဲ့သူတွေ များပါတယ်။ တကယ်တမ်း ဘဝတွေ ရင်းလိုက်ရတဲ့ လူငယ်တွေက နည်းနည်းပဲရှိပါတယ်။

**အချိန်တွေကျန်သေး**

ယနေ့မြန်မာပြည်မှာ လမ်းပေါ်ထွက် ဆူပူကြတဲ့၊ လက်နက်ကိုင်အကြမ်းဖက်ကြတဲ့ လူငယ်အရေအတွက်ဟာ အနည်းငယ်မျှသာ ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူငယ် လူရွယ် ၁၅ သန်းထက်မနည်း ရှိပါတယ်။ ဆူပူအကြမ်းဖက်တဲ့ လူငယ်တွေ စုစုပေါင်းက ထောင်ဂဏန်း၊ သောင်းဂဏန်းမျှသာ ရှိပါတယ်။

**လူငယ်တွေ အားလုံးကို အသိပေးလိုပါတယ်။ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ကြပါ၊ အသုံးချမခံပါနဲ့၊ အရောင်အဆိုးမခံပါနဲ့လို့ အကြံပြုလိုပါတယ်။** ယခုမှ ခြေလှမ်းမှားတဲ့ လူငယ်တွေအနေနဲ့ ဘယ်တော့မှ ပြန်မရတဲ့၊ ပြင်မရတဲ့၊ မိုက်လုံးကြီးတဲ့၊ မိုက်တွင်းနက်တဲ့ လူကြီးတွေလို အမိုက်ဇာတ်သိမ်းမယ့် နောက်ကို မလိုက်ကြဖို့ အသိပေးလိုပါတယ်။ လူငယ်တွေမှာ ပြန်လည်ပြင်ဆင်နိုင်တဲ့အချိန်တွေ အများကြီးကျန်ပါသေးတယ်။ မိမိတို့ဘဝ၊ အနာဂတ်ဘဝကို အကောင်းဆုံးထုဆစ်ကြဖို့ တိုက်တွန်းလိုပါတယ်။

**တလွဲထင်နေကြ**

ကနေ့ အစွန်းရောက်နိုင်ငံရေးသမားတွေ၊ GZ လို၊ PDF လို လူငယ်တွေဟာ သူတို့စိတ်နဲ့သူတို့ အခုလို ဘဝကို ရောက်လာကြတာလို့ မထင်ပါဘူး။ GZ လေးတွေက "**ကျွန်တော်၊ ကျွန်မတို့ မဟုတ်တာ၊ မတရားလုပ်တာ၊ အနိုင်ကျင့်တာကို မခံနိုင်လို့ ကိုယ့်စိတ်နဲ့ကိုယ် လုပ်တာပါ**"လို့ ပြောကြတာကို ကြားရပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

ဘယ်အရာမှ တွန်းအားမပါဘဲ ဖြစ်မလာပါဘူး။ တိုင်းပြည်နဲ့ချီတဲ့ ကိစ္စတွေကို စိတ်ကူးပေါက်တိုင်း ထလုပ်လို့မရပါဘူး။ ယနေ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ကြီးကို ကြည့်မယ်ဆိုရင် ယခုမှ ဟုန်းခနဲ ထတောက်လာတဲ့မီး မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်များစွာကတည်းက တငွေ့ငွေ့ မီးလောင်စေဖို့ လောင်စာတွေ စုဆောင်းပေးခဲ့တာတွေ အများကြီးရှိပါတယ်။ ယနေ့တိုင်းပြည်ဖြစ်စဉ်မှာ လမ်းမှားမှာ ပါဝင်နေတဲ့သူတွေဟာ ကိုယ့်ကိုလည်း ဘာမှန်းမသိ၊ ယခု နိုင်ငံရေးပွဲမှာ အဓိကထိန်းချုပ်ကိုင်တွယ်ကစားနေတာ ဘယ်သူမှန်းလဲမသိ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ကိုယ့်ဘာသာလုပ်နေကြတာလို့ တလွဲထင်နေကြတာဟာ ကျဆုံးခြင်းပဲဖြစ်ပါတယ်။

**စစ်မီးမွှေးပေးခဲ့**

**ယနေ့မြန်မာနိုင်ငံရဲ့ဖြစ်စဉ်ဟာ နိုင်ငံရေးကစားပွဲ မဟုတ်တော့ပါဘူး။ စစ်ရေးကစားပွဲပုံစံ ဖန်တီးနေတဲ့သဘောရှိပါတယ်။ ဒါပေမယ့် စစ်ပွဲမဟုတ်ပါဘူး။ ဒေသတချို့ မှာ လူတစ်စုရဲ့ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ထောက်ခံတဲ့ပြည်သူတွေပါပါတယ်။ ပြည်သူတွေ ပါဝင်မှုအပေါ် မူတည်ပြီး နိုင်လား၊ ရှုံးလား ဆုံးဖြတ်ကြပါတယ်။ စစ်ရေးကစားပွဲဆိုတာ ပြည်သူလူထု မပါတော့ဘူးဆိုတာ သတိပြုဖို့လိုပါတယ်။ စစ်ရေးကစားပွဲမှာ နိုင်ငံတစ်နိုင်ငံ၊ တစ်နိုင်ငံမက ပါဝင်ဖို့ လိုပါတယ်။ အထောက်အပံ့ပေးဖို့ လိုပါတယ်။ ဘယ်နိုင်ငံမှမပါဘဲနဲ့ တိုက်ပွဲခေါ်ရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေမှာဖြစ်ပါတယ်။ စစ်ကိုခေါ်ရင် စစ်ကလာမှာဖြစ်ပါတယ်။ ပြည်ပပါတယ်ပဲထားဦး စနစ်တကျဖွဲ့စည်းထားတဲ့ တပ်မတော်ကိုယှဉ်လို့ မရပါဘူး။ ယနေ့ ကမ္ဘာပေါ်မှာ စစ်မီးမွှေးပေးခဲ့တဲ့ နိုင်ငံတွေ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို မြင်နိုင်ပါတယ်။**

ပြည်ပြေးအစိုးရကနေ တပ်မတော်ဖွဲ့လို့ မရနိုင်ပါဘူး။ ကမ္ဘာပေါ်မှာ ပြည်ပြေးအစိုးရကဖွဲ့တဲ့ တပ်မတော်ဆိုတာ မကြားဖူးပါဘူး။ တောတွင်း လက်နက်ကိုင်အဖွဲ့သာ ရှိပါတယ်။ မြို့တွင်းမှာ လက်နက်ကိုင်ရင် ချက်ချင်းအရေးယူခံရမှာဖြစ်ပါတယ်။ မြို့တွင်းမှာ လက်နက်ကိုင်တော်လှန်မယ်လို့ ဟန်ရေးပြရုံနဲ့ အမှုနဲ့ကြိတ်ခံရမှာ သေချာပါတယ်။ ဥပဒေဘောင်အတွင်း နေထိုင်လျှင် ဘေးကင်းရန်ကွာမှာဖြစ်ပါတယ်။ ဥပဒေဘောင်ပြင်ပမှာ နေထိုင်မယ်ဆိုရင် ဘေးရန်များမယ်ဆိုတာ သတိပြုစေချင်ပါတယ်။ ။

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

# ဒီပဲယင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သူများ ထိတွေ့မှုဖြစ်ပွား

# အကြမ်းဖက်သူ အချို့နှင့်အတူ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့အတွက် လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင် များသည် ယနေ့ညနေ ၆ နာရီခွဲ ခန့်တွင် ဒီပဲယင်းမြို့ ကျွန်းတော ကျေးရွာ၏ အရှေ့ဘက် မီတာ ၉၀၀ ခန့် အကွာသို့ အရောက်၌ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က လက်နက်ငယ်၊ တူမီး သေနတ်များဖြင့် စောင့်ကြို ပစ်ခတ်တိုက်ခိုက် လာခဲ့သဖြင့် အပြန်အလှန် ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး ည ၇ နာရီခန့်တွင် အကြမ်းဖက်သူများသည် ကျွန်းတောကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားရာ ပတ်ဝန်းကျင် တစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အကြမ်းဖက်သူ အမျိုးသားအလောင်း ၉ လောင်းကို တူမီးသေနတ် ၁၉ လက်၊ လက်လုပ်စိန်ပြောင်း ၂ လက်၊ လက်လုပ်ပစ္စတို ၁ လက်တို့နှင့် အတူ သိမ်းဆည်းရမိခဲ့သည်။



ဒီပဲယင်းမြို့နယ် ကျွန်းတောကျေးရွာအနီး ထိတွေ့မှုဖြစ်စဉ်၌ သိမ်းဆည်းရရှိခဲ့သည့် လက်လုပ်စိန်ပြောင်းနှင့် လက်လုပ်သေနတ်များကို တွေ့ရစဉ်။

ဖြစ်စဉ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အကြမ်းဖက်သူအချို့ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အများ ပြည်သူများ အေးချမ်းစွာ နေထိုင် နိုင်ရေးတို့အတွက် ရပ်ရွာ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒီပဲယင်းမြို့နယ် ကျွန်းတောကျေးရွာအနီး ထိတွေ့မှုဖြစ်စဉ်၌ သိမ်းဆည်းရရှိခဲ့သည့် တူမီးသေနတ် ၁၉ လက်။

# ယူရို ၂၀၂၀ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ချက်နှင့် ဒိန်းမတ်၊ ယူကရိန်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

ယူရို ၂၀၂၀ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိပြီး ယနေ့ည ၁၀ နာရီခွဲတွင် ချက်အသင်းနှင့် ဒိန်းမတ်အသင်းတို့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ဇူလိုင် ၄ ရက် နံနက် ၁ နာရီခွဲတွင် ယူကရိန်းအသင်းနှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ချက်အသင်းသည် ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် နယ်သာလန်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ချက်အသင်းသည် ယူရိုပြိုင်ပွဲ၌ အုပ်စုတွင်းပြိုင်ပွဲအပါအဝင် လေးပွဲယှဉ်ပြိုင်ကစားထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ သို့သော်လည်း ချက်အသင်းသည် ပြီးခဲ့သည့် ၁၆ သင်းအဆင့်တွင် နယ်သာလန်အသင်းကို ဂိုးအသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါပွဲစဉ်တွင် အသင်းမှ ပက်ထရစ် ရှစ်ချ်၊ ဆီဆစ်၊ ဘားရက်၊ ဆော့ဆက်၊ ကာလပ်စ်၊ ဆီလပ်စ်ကာ၊ ဗက်စ်လစ်စသည့် ကစားသမားများ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အဆိုပါ ကစားသမားများအနေဖြင့် ယနေ့ ပွဲစဉ်တွင်လည်း ခြေစွမ်းပြသကာ ဒိန်းမတ်အသင်းကို အနိုင်ယူပြီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ပြိုင်ဘက်ဒိန်းမတ်အသင်းသည် ၁၆ သင်းအဆင့်တွင် ဝေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုးပြတ်အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ဒိန်းမတ်အသင်းသည် ဝေးလ်အသင်းအပေါ် ဖိအားပေးကစားနိုင်ခဲ့ပြီး တိုက်စစ်ကစားသမားများ၏ အဆုံးသတ်သေချာမှုနှင့်အတူ ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယူကရိန်းအသင်းသည် ၁၆ သင်းအဆင့်တွင် ဆွီဒင်အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ရှက်ဗ်ချန်ကို တာဝန်ယူကိုင်တယ်နေသည့် ယူကရိန်းအသင်းသည် ယူရိုပြိုင်ပွဲတွင် လေးပွဲကစားထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားသည်။ ပြီးခဲ့သည့် ၁၆ သင်းအဆင့် ဆွီဒင်အသင်းနှင့်ပွဲစဉ်၌ ယူကရိန်းအသင်းတွင် ဇင်ချန်ကို၊ ယာမိုလန်ကို၊ ရာပါရင်ကိုစသည့် ကစားသမားများ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။ ပြိုင်ဘက် အင်္ဂလန်အသင်းက ၁၆ သင်းအဆင့်တွင် နာမည်ကြီး ဂျာမနီအသင်းနှင့်တွေ့ဆုံခဲ့ပြီး စတားလင်း၊ ဟယ်ရီကိန်းတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် ယူရိုပြိုင်ပွဲတွင် လေးပွဲယှဉ်ပြိုင်ကစားထားပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေကျထားကာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပေ။ ထို့ပြင် အင်္ဂလန်အသင်းသည် အဆိုပါ လေးပွဲတွင် ပေးဂိုးခွင့်ပြုပေးထားရခြင်း မရှိသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် အင်္ဂလန်အသင်းသည် ခံစစ်ကောင်းမွန်သည့် အသင်းဟု ဆိုနိုင်သော်လည်း တိုက်စစ်ပိုင်းထက်မြက်ရန် လိုအပ်နေသေးသည့်အသင်းဟု ဆိုရပေမည်။



ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် အင်္ဂလန်အသင်းမှ စတားလင်း ဂျာမနီအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် တွေ့ရစဉ်။

ယူကရိန်းအသင်းနှင့် အင်္ဂလန်အသင်းတို့ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် သုံးကြိမ်တွေ့ဆုံထားပြီး အင်္ဂလန်အသင်းက အသာရထားကာ တစ်ကြိမ်နိုင်ပြီး နှစ်ကြိမ်သရေကျထားသည်။ ထို့ပြင် ယူကရိန်းအသင်းနှင့် အင်္ဂလန်အသင်းတို့တွေ့ဆုံတိုင်း ခက်ခက်ခဲခဲ ကစားရတတ်သည်ကို သတိပြုရမည်။ အင်္ဂလန်အသင်းတွင် စတားလင်း၊ ကိန်း၊ မက်ဂွိုင်းယား၊ ဆာကာ၊ ပစ်ဖို့ဒ်စသည့်ကစားသမားများ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။ အဆိုပါ ကစားသမားများအနေဖြင့် ယနေ့ပွဲစဉ်တွင်လည်း ခြေစွမ်းပြသကာ ယူကရိန်းအသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ပစိဖိတ်နိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးသန်း ဂျပန်နိုင်ငံက ထောက်ပံ့သွားမည်

တိုကျို ဇူလိုင် ၂

**ဂျပန်နိုင်ငံသည် ဇူလိုင်လလယ်မှစတင်ကာ ပစိဖိတ်နိုင်ငံများနှင့် နယ်မြေများသို့ ကိုဗက်အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးသန်းထောက်ပံ့ပေးသွားမည်ဟု ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ဇူလိုင် ၂ ရက်တွင် ပြောသည်။**

ဇူလိုင် ၂ ရက်တွင် ဂျပန်နှင့် ပစိဖိတ်ကျွန်းနိုင်ငံများမှ ခေါင်းဆောင်များ အွန်လိုင်းမှ အစည်းအဝေး ပြုလုပ်စဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်က ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် လွတ်လပ်ပြီး တရားမျှတမှုရှိသော အင်ဒိုပစိဖိတ် ပဏာမခြေလှမ်းကို မြှင့်တင်ရန်အတွက် ရည်ရွယ်သည်။ ကိုဗစ်-၁၉ ကူးစက်မှုတိုက်ဖျက်ရာတွင် ကျွန်းနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းကာ ဆက်လက်လုပ်ဆောင်သွားရန် အတွက်လည်း မစ္စတာဆူဂါက မျှော်လင့်ထားသည်။

ထို့ပြင် ပင်လယ်ရေကြောင်းသွားလာရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အွန်လိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ကြသည်။ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ဂျပန်နိုင်ငံသည် ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုထားသည့် ကိုဗက်အစီအစဉ်မှတစ်ဆင့် ပစိဖိတ်နိုင်ငံများကို ကာကွယ်ဆေးများဖြန့်ဝေပေးသွားနိုင်ရေး မျှော်လင့်ထားသည်။

ဂျပန်နိုင်ငံသည် ပစိဖိတ်နိုင်ငံများနှင့် ဒေသတွင်း အစည်းအဝေးကို ၁၉၉၇ ခုနှစ်မှစတင်ကာ နှစ်စဉ် သုံးနှစ်တစ်ကြိမ် ပြုလုပ်လေ့ရှိသည်။

ယခု တစ်ကြိမ်ပြုလုပ်သည့် အစည်းအဝေးကို မူလက ရှီးမားတွင် ပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း ကိုဗစ်-၁၉ ကြောင့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုများ ပြုလုပ်ထားသည့်အတွက် အွန်လိုင်းမှသာ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ရသည်။ **ကျို့ဒို**



ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲ။

# တူရကီနိုင်ငံတွင် ကပ်ရောဂါအခြေအနေတည်ငြိမ်လာသည့်အတွက် ကန့်သတ်ထားမှုများကို ဖြေလျှော့ပေး

**အန်ကာရာ ဇူလိုင် ၂**

တူရကီနိုင်ငံတွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေမှာ ၅၀၀၀ ဝန်းကျင်တွင် တည်ငြိမ်နေသည့်အတွက် ကိုဗစ်-၁၉ ကြောင့် ထုတ်ပြန်ထားသည့် ကန့်သတ်ချက်၊ စည်းကမ်းချက်အများစုကို ဖြေလျှော့ပေးခဲ့သည်ဟု သိရသည်။ စီးပွားရေးလုပ်ငန်းများ၊ ပွဲများ၊ ညဘက်သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရ အမိန့်နှင့် တနင်္ဂနွေနေ့တွင် ပြုလုပ်လေ့ရှိသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်ဟု သိရသည်။


တူရကီနိုင်ငံ အန်ကာရာမြို့တွင် ဇူလိုင် ၁ ရက်က သွားလာနေကြသူများကို တွေ့ရစဉ်။

တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာခြင်းနှင့် စားသောက်ဆိုင်များတွင် ညှော့သည်ဦးရေကို ကန့်သတ်ခြင်းနှင့် မင်္ဂလာဆောင်ညှော့ခံပွဲများကို ကန့်သတ်ခြင်းတို့ကိုမူ ဆက်လက်ထားရှိဆဲဖြစ်သည်။ အခြေအနေပေါ် မူတည်၍ ဂီတဖျော်ဖြေပွဲများနှင့် ပွဲတော်များ ကျင်းပခြင်းကို ခွင့်ပြုပေးမည်ဖြစ်ပြီး ဂီတပွဲများသည် သန်းခေါင်ယံထက်ကျော်လွန်၍ ကျင်းပခွင့်ပေးမည် မဟုတ်ပေ။

ပါးစပ်နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ရမည်ဖြစ်သည်။ တူရကီနိုင်ငံတွင် ဇူလိုင် ၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၂၈၈ ဦးရှိပြီး ၎င်းတို့ထဲတွင် ရောဂါလက္ခဏာပြသူ ၄၆၂ ဦးပါရှိသည်။

ထို့ကြောင့် တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၅၄၃၀၉၄၀ ရှိသည်ဟု သိရသည်။ တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ကာကွယ်ဆေးထိုးနှံခြင်းများ ပြုလုပ်ပေးခဲ့ပြီး ယခုအချိန်အထိ လူပေါင်း ၃၅၁၂၅၀၀၀ ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၁၉၂ ဦးထပ်မံတွေ့ရှိ

**မနီလာ ဇူလိုင် ၂**

ဖိလစ်ပိုင်ကျန်းမာရေးဝန်ဌာန၏ ပြောကြားချက်အရ ဇူလိုင် ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၁၉၂ ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၄၂၄၅၁၈ ဦး ရှိလာသည်ဟု သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံရခြင်းကြောင့် နောက်ထပ် ၁၇၇ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူ စုစုပေါင်းမှာလည်း ၂၄၉၇၃ ဦး ရှိလာသည်ဟု ကျန်းမာရေးဌာနက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ကျော်ရှိပြီး ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ လူပေါင်း ၁၄ သန်းကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ လက်ရှိဖြစ်ပွားနေသူ ၂၀၀၀ ကျော်ရှိ

**ဂျေရုဆလင် ဇူလိုင် ၂**

အစ္စရေးနိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၈၈၂ ဦးမှ ၂၀၅၄ ဦးအထိ ရှိလာကြောင်း ယင်းပမာဏမှာ မေ ၂၀ ရက်နောက်ပိုင်းတွင် အမြင့်ဆုံးပမာဏပင်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁ ရက်တွင် ပြောကြားခဲ့သည်။

နောက်ထပ်ကူးစက်ခံရသူ ၂၈၅ ဦး တိုးလာသည့်အတွက် တစ်တိုင်းပြည်လုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၄၂၀၆၂ ဦးရှိသည်ဟု သိရသည်။

ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ စုစုပေါင်းမှာလည်း ၆၄၂၉ ဦး ရှိသည်။ နောက်ထပ် ၁၃ ဦး ပြန်လည်ကျန်းမာလာပြီးနောက် ပြန်လည်သက်သာလာသူ အရေအတွက်မှာ ၈၃၃၅၇၉ ဦး ရှိလာသည်။

အစ္စရေးနိုင်ငံတွင် လူပေါင်း ၅ ဒသမ ၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး စုစုပေါင်းလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးပြီးပြီဟု သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း အသိအမှတ်ပြုလက်မှတ်အသုံးပြုမှု အီးယူတွင် စတင်

**ဘရပ်ဆဲလ် ဇူလိုင် ၂**

ဥရောပသမဂ္ဂ (အီးယူ )တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးကြောင်း သို့မဟုတ် ပီစီအာဆေးစစ်မှု ပြုလုပ်ပြီးကြောင်း ဒစ်ဂျစ်တယ် အသိအမှတ်ပြုလက်မှတ်အသုံးပြုခြင်းကို စတင်လိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ဒစ်ဂျစ်တယ် အသိအမှတ်ပြုလက်မှတ် အသုံးပြုခြင်းမှာ ဇူလိုင် ၁ ရက်တွင် စတင်အသက်ဝင်ပြီး အီးယူအဖွဲ့ကြီးအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား သွားလာဆက်ဆံရာတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒစ်ဂျစ်တယ် အသိအမှတ်ပြု လက်မှတ်မှာ ကိုင်ဆောင်သူများအနေဖြင့် မည်သည့်ကာကွယ်ဆေးကို အသုံးပြုထားသည်ကိုပါ ထည့်သွင်းထားသည်။ ခရီးသွားများအနေဖြင့် လေဆိပ်များနှင့် အခြားသော နေရာများတွင် ကျူအာကုဒ်ဖတ်၍လည်း ၎င်းတို့၏ ဒစ်ဂျစ်တယ်အသိအမှတ်ပြုလက်မှတ်ကို ပြသ၍ ရသည်။ အီတလီ လေဆိပ်တွင် ခရီးသည်များသည် ၎င်းတို့၏ မိုဘိုင်းများမှတစ်ဆင့် ကျူအာကုဒ်ဖတ်ရန် လေဆိပ်ဝန်ထမ်းများကိုပြသကြသည်။

အဆိုပါခြေလှမ်းမှာ ဥရောပနှင့် အခြားသော နေရာများသို့ သွားလာရာတွင် ခရီးသွားလာမှုလုပ်ငန်းကို ပြန်လည်ဦးမော့လာစေရန် အရေးပါသည့် အခြေလှမ်းပင်ဖြစ်သည်ဟု လေဆိပ်ဝန်ထမ်းများက ပြောသည်။ **အင်န်အိတ်ချ်ကေ**



# အာရှ- ပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိ

ဟောင်ကောင် ဇူလိုင် ၂

အာရှ- ပစိဖိတ်နိုင်ငံများတွင် ကိုဗစ်- ၁၉ ကပ်ရောဂါ ဆက်လက်ကူးစက်ပျံ့နှံ့နေချိန်တွင် အင်ဒိုနီးရှား နိုင်ငံ၌ ဇူလိုင် ၂ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ တစ်ရက်တည်း ၂၅၈၃၀ တိုးလာခဲ့သည်။ ထို့အတူ အိန္ဒိယနိုင်ငံ၏ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်း မှာလည်း ၄၀၀၃၁၂ ဦးအထိ ရောက်ရှိလာခဲ့သည်။



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ပြည်သူများစောင့်ဆိုင်းနေစဉ်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံ၏ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ဦးရေမှာ ၄၀၀၀၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၈၅၃ ဦး တိုးလာသောကြောင့် နိုင်ငံ အတွင်း စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၄၀၀၃၁၂ ဦးအထိ ရောက်ရှိလာခဲ့သည်။

ထို့အပြင် ဇူလိုင် ၁ ရက် နံနက်ပိုင်းကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၆၆၁၇ ဦး တိုးလာ သောကြောင့် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက် ဖြစ်ပွားသူ ၃၀၄၅၈၂၅၁ ဦးရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ လတ်တလောကူးစက် ဖြစ်ပွားနေသူ ၅၀၉၆၃၇ ဦးရှိပြီး ယခင်ကထက် ၁၃၆၂၀ ကျဆင်းခဲ့သည်။

## အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၂ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၈၃၀ ရှိကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ နေ့စဉ်ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု တစ်ကျော့ပြန် မြင့်လာခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ၂၂၂၈၉၃၈ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုဗစ်- ၁၉ ဆက်စပ်သေဆုံးသူ ၅၃၉ ဦး တိုးလာ မှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၅၉၅၃၄ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာသူ ၁၁၅၇၈ ဦး ဆေးရုံမှဆင်းလာ သောကြောင့် စုစုပေါင်း ကိုဗစ်- ၁၉ ကပ်ရောဂါ ကင်းစင်သွားသူ ၁၉၀၁၈၆၅ ဦး တိုးလာခဲ့သည်။

## ထိုင်း

ထိုင်းနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်- ၁၉ ဖြင့် သေဆုံးသူ ၆၁ ဦးတိုးလာသောကြောင့် အရှေ့တောင် အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ကိုဗစ်- ၁၉ လှိုင်းဂယက် ကူးစက်ဖြစ်ပွားမှုကို ထိန်းသိမ်းနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့တစ်ခု ဖြစ်သော ကိုဗစ်- ၁၉ စီမံခန့်ခွဲရေးဌာန (စီစီအက်စ် အေ)က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ တစ်နေ့တည်း ၆၀၈၇ ဦးအထိ ရှိလာခဲ့သောကြောင့် ဒုတိယအမြင့်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနေ့ အဖြစ် မှတ်တမ်းတင် ဖော်ပြခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ယခုအခါ တွင် ၂၇၀၉၂၁ ဦးအထိ ရောက်ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ သေဆုံးသူအရေအတွက်မှာ လည်း ၂၁၄၁ ဦးအထိ တိုးလာခဲ့သည်။

## အာဖဂန်နစ္စတန်

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၀၉ ဦးနှင့် သေဆုံး သူ ၅၉ ဦးတိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၃၄၆၅ ဦးအထိ တိုးလာခဲ့ပြီး သေဆုံးသူပေါင်းမှာလည်း ၅၁၀၇ ဦးအထိ တိုးလာခဲ့ ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြော သည်။

တစ်ချိန်တည်းမှာပင် ကိုဗစ်- ၁၉ ကင်းစင်လာ သူပေါင်း ၇၇၆ ဦးအထိ ရောက်ရှိလာခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလမှစကာ ကိုဗစ်- ၁၉ စမ်းသပ် စစ်ဆေးမှုပေါင်း ၆၂၀၀၀၀ ကျော် ပြုလုပ်ခဲ့သည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ဇူလိုင် ၁ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၇၇ ဦး တိုးလာခဲ့ ကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲမှုနှင့် စစ်ဆင် ရေးဌာနက အင်န်စီအိုစီက ဇူလိုင် ၂ ရက်က ပြောကြားလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ စုစုပေါင်းအတည်ပြု လူနာ ၉၅၉၆၅၈ ဦးအထိ တိုးလာခဲ့ပြီး ကိုဗစ်-၁၉ ကင်းစင်သွားသူ ၉၀၅၄၃၀ ရှိကြောင်း သိရသည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသူ ၃၁၉၁၀ ရှိသည့်အနက် ၁၈၆၃ ဦး မှာ ရောဂါကူးစက်ဖြစ်ပွားမှု ပြင်းထန်ကြောင်း သိရသည်။

အင်န်စီအိုစီ၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၂၄ ဦး နှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၂၃၄၅ ဦး ရှိလာ ခဲ့သည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီ နှင့် နှိုင်းယှဉ်ကြည့်ပါက ဇူလိုင် ၁ ရက် ညသန်းခေါင် အချိန်အထိ ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၂၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၈၅၄၉ ဦးအထိ ရောက်ရှိလာခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင် နေ့ကထက် ၇၆၂ ဦးတိုးလာခဲ့ရာ ဇန်နဝါရီ ၇ ရက်မှ စကာ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံး ဖြစ်ခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်က နေ့စဉ်ပျမ်းမျှ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသည့်ပမာဏ ၆၈၀ ခန့် ရှိသည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် သုံးဦးထပ်မံ သေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၀၂၄ ဦး ရှိလာခဲ့သည်။ စုစုပေါင်းသေဆုံးနှုန်းသည် ယခုအခါ တွင် ၁ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ



ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ကာကွယ်ဆေးထိုးနေရာတစ်ခုတွင် အမျိုးသမီးတစ်ဦးအား ကျန်းမာရေး ဝန်ထမ်းတစ်ဦးက ဆီနိုဗက်ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၆၉၈၂ ဦးတိုးလာပြီး ၇၃ ဦး ထပ်မံသေဆုံး



မလေးရှားနိုင်ငံရှိ ကိုဗစ်- ၁၉ အထူးကြပ်မတ်ကုသဆောင်ကို တွေ့ရစဉ်။

ကွာလာလမ်ပူ ဇူလိုင် ၂

**မလေးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၆၉၈၂ ဦး တိုးလာခဲ့မှုနှင့်အတူ နိုင်ငံ အတွင်း စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၅၉၄၉ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဇူလိုင် ၂ ရက်က ပြောကြားလိုက်သည်။**

ကျန်းမာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်- ၁၉ ကူးစက် ဖြစ်ပွားမှုများတွင် သုံးဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၆၉၇၉ ဦး မှာ ပြည်တွင်းကူးစက်ပျံ့နှံ့မှုဖြစ် ကြောင်း ပြောခဲ့သည်။

ကိုဗစ်-၁၉ကြောင့် နောက်ထပ် ၇၃ ဦးသေဆုံးခဲ့မှုနှင့်အတူ စုစု ပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံး သူ ၅၃၂၇ ဦးအထိ တိုးလာခဲ့သည်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွား မှုမှ ပြန်လည်ကောင်းမွန်လာသူ ၆၂၇၈ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်- ၁၉ ကင်းစင် သွားသူ ၆၉၄၅၃၈ ဦး သို့မဟုတ် ၉၀ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်နှင့် ကာကွယ်ဆေးများ၏ အစွမ်းထက်မှုပမာဏ

နှင်းမိုးအိမ်

**ဗီဇပြောင်းကိုဗစ် – ၁၉ ကူးစက်မှုများ ကမ္ဘာအနှံ့တွင် ဖြစ်ပေါ်လျက်ရှိရာ ထုတ်လုပ်ပြီးသား ကာကွယ်ဆေးများမှာ ဗီဇပြောင်းကိုဗစ် –၁၉ ကို ကာကွယ်နိုင်စွမ်း ရှိ မရှိ စိုးရိမ်နေကြရသည်။**




### မျှော်လင့်ချက် ရောင်ခြည်သန်းစေ

Johnson & Johnson ကိုဗစ်–၁၉ ကာကွယ်ဆေးသည် ဗီဇပြောင်း ဒယ်လ်တာကို အစွမ်းထက်စွာ ကာကွယ်နိုင်စွမ်းရှိသည်ဟု လေ့လာမှုတစ်ခုအရသိရသည်။ စီးပွားရေးကောင်းမွန်သောဖွံ့ဖြိုးပြီး နိုင်ငံများတွင် ကူးစက်မှုတစ်ရှိန်ထိုး တိုးလာနေခြင်းကြောင့် စိတ်ပူပန်နေရပြီး Johnson & Johnson ကိုဗစ်–၁၉ ကာကွယ်ဆေးသည် ဗီဇပြောင်းဒယ်လ်တာကို ကာကွယ်ပေးနိုင်စွမ်းရှိသည်ဟု လေ့လာထားရှိမှုကြောင့် မျှော်လင့်ချက်ရောင်ခြည်သန်းစေသည်။

ခတ်ခွဲခန်းလေ့လာမှုတွင် ပါဝင်ခဲ့သည့် Johnson & Johnson ကာကွယ်ဆေးထိုးပြီးသား လူရှစ်ဦး၏ သွေးနမူနာများကို လေ့လာမှုပြုရာ ဗီဇပြောင်းဒယ်လ်တာကို ခုခံကာကွယ်နိုင်သည်ဟု တွေ့ရသည်။

### ကာလရှည်ကြာ ကာကွယ်ပေးနိုင်

အစောပိုင်းက ပြုလုပ်ထားသည့် လက်တွေ့စမ်းသပ်မှုများအရ Johnson & Johnson ကာကွယ်ဆေးသည့်ရောဂါလက္ခဏာပြသည့် ကူးစက်မှုများကိုလည်း ၆၆ ရာခိုင်နှုန်း ကာကွယ်ပေးသည်ဟု သိရသည်။

Johnson & Johnson ကာကွယ်ဆေးမှာ ဗီဇပြောင်းဒယ်လ်တာကို ကာကွယ်ပေးနိုင်သည့်အပြင် ကိုဗစ်–၁၉ ကိုလည်း ကာလရှည်ကြာ ကာကွယ်ပေးနိုင်သည်ဟု ယုံကြည်ကြောင်း Johnson & Johnson မှ သိပ္ပံပိုင်းဆိုင်ရာ ခေါင်းဆောင်ဖြစ်သည့် ပေါလ်စတော့ဖီးက ပြောသည်။ Johnson & Johnson ကာကွယ်ဆေးကို တစ်ကြိမ်မျှထိုးရုံဖြင့် ဗီဇပြောင်းများကို ကာကွယ်ပေးနိုင်စွမ်းရှိသည်ဟု လက်တွေ့စမ်းသပ်မှုများက ပြသလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

### ဖော်ညွှန်းပြသလျက်ရှိ

ယခုအချိန်အထိ ဖော်ပြလျက်ရှိသည့် အချက်အလက်များအရ အမေရိကန်က ခွင့်ပြုပေးထားသည့် ကာကွယ်ဆေးသုံးမျိုးမှာ ဗီဇပြောင်းကိုဗစ် – ၁၉ ကို ကာကွယ်ပေးနိုင်စွမ်းရှိသည်ဟု ဖော်ညွှန်းပြသလျက်ရှိသည်။

ဗြိတိန်ကျန်းမာရေး အာဏာပိုင်များ၏ လေ့လာဆန်းစစ်မှုအရ ဖိုက်ဇာ–ဘီအွန်တက်ခ် ကာကွယ်ဆေးသည် ဗီဇပြောင်းဒယ်လ်တာကြောင့် ဖြစ်ပေါ်ရသည့် ဆေးရုံတက်ကုသရမှုကို ၉၆ ရာခိုင်နှုန်း အကာအကွယ်ပေးနိုင်သည်ဟု သိရသည်။

အဆိုပါ ဗီဇပြောင်းကိုဗစ် –၁၉ မှာ အိန္ဒိယတွင် ပထမဦးဆုံးတွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် –၁၉ ဖြစ်သည်။

### စိုးရိမ်ပူပန်မှုများပေါ်ပေါက်

မိုဒါးနားကုမ္ပဏီကလည်း၎င်းတို့၏ mRNA ကာကွယ်ဆေးမှာ ဗီဇပြောင်းဒယ်လ်တာကို အတော်အသင့်ကာကွယ်ပေးနိုင်သည်ဟု ဇွန် ၂၉ ရက်တွင်ပြောကြားခဲ့သည်။

လက်တွေ့စမ်းသပ်မှုများမှ ရရှိလာသည့် အချက်အလက်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးမှ သုံးသပ်ခဲ့ပြီး မိုဒါးနားကာကွယ်ဆေးမှာ ကိုဗစ် –၁၉ ကူးစက်မှုကို ၉၄ ဒသမ ၁ ရာခိုင်နှုန်း အကာအကွယ်ပေးနိုင်သည်ဟု ဖော်ပြလျက်ရှိသည်။

ယခုထုတ်လုပ်ထားသည့် ကိုဗစ် –၁၉ ကာကွယ်ဆေးများမှာ ဗီဇပြောင်းကိုဗစ် –၁၉ ဒယ်လ်တာကူးစက်မှုကို မည်မျှအကာအကွယ်ပေးနိုင်မည်နည်းဟု စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာသည်။

### ထုတ်ဖော်ပြသခဲ့

ဒယ်လ်တာကူးစက်မှုကို နိုင်ငံပေါင်း ၁၀၀ တွင် တွေ့ရှိနေရပြီ ဖြစ်သည်။ အင်္ဂလန်ပြည်သူ့ ကျန်းမာရေးဌာနကလည်း အောက်စဖို့ဒ် အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကို အကာအကွယ်ပေးနိုင်စွမ်းရှိသည်ဟု ၎င်းတို့၏ လေ့လာမှုအချက်အလက်များကို ထုတ်ဖော်ပြသခဲ့သည်။

အောက်စဖို့ဒ် _အက်စ်ထရာဇနီကာ ကိုဗစ် –၁၉ ကာကွယ်ဆေးနှင့် တူညီသည့်နည်းပညာအပေါ် အခြေခံထားသည့် Johnson & Johnson ကာကွယ်ဆေး ၁၂ သန်းနီးပါး အမေရိကန်ပြည်ထောင်စုတွင် ထိုးနှံပေးပြီးဖြစ်သည်။

### ထောက်ပံ့ပေးသွားမည်

Johnson & Johnson ကာကွယ်ဆေးမှာတစ်ကြိမ်သာထိုးရန် လိုအပ်ပြီး ဈေးနှုန်းသက်သာသည့် အတွက်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသက်ကယ်ဆေးပင်ဖြစ်သည်။ ကာကွယ်ဆေးသန်း ၂၀၀ ကို ကိုဗစ်အစီအစဉ်မှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဟု Johnson & Johnson မှ မေလအတွင်း ကြေညာခဲ့သည်။

တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ညီညီမျှမျှ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

### ခေတ္တဆိုင်းငံ့

မကြာသေးမီ သီတင်းပတ်များအတွင်းကလည်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် ကိုဗစ် –၁၉ ကြောင့် အကြီးအကျယ်ထိခိုက်ခံစားနေရသည့် ဘရာဇီးနိုင်ငံကို ကာကွယ်ဆေး ၅ ဒသမ ၅ သန်း ပေးပို့သွားမည်ဟု ကြေညာခဲ့သည်။ Johnson & Johnson ကာကွယ်ဆေးထိုးနှံပြီးနောက် သွေးခဲသည့်ပြဿနာပေါ်ပေါက်သည့်ဟု သတင်းများ ထွက်ပေါ်လာသည်။ သို့သော်လည်း ရှားပါးသည့်ဖြစ်စဉ်ဖြစ်သည်။

ယင်းသတင်းကြောင့် အမေရိကန်ပြည်ထောင်စုတွင် ဧပြီလအတွင်းမှ စတင်ကာ အဆိုပါကာကွယ်ဆေးထိုးပေးမှုကို ခေတ္တအားဖြင့် ဆိုင်းငံ့ထားခဲ့ရသည်။

### သတိပေးမှုများပြုလုပ်

အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာနတို့၏ လုံခြုံစိတ်ချရသော လေ့လာသုံးသပ်မှုများပြီးနောက် ယင်းသို့ ဆိုင်းငံ့ထားမှုကို ဖြေလျှော့ပေးခဲ့သည်။

ဥရောပတွင် ကိုဗစ် –၁၉ ကူးစက်မှုများ ပြန်လည်များပြားလာသည့်အတွက် ယူရိုဘောလုံးပြိုင်ပွဲများကို သတိထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အလေးအနက် သတိပေးခဲ့သည်။

### ကူးစက်မှုများပြန်လည်များပြားလာ

ကမ္ဘာအနှံ့ ဒယ်တာကူးစက်မှု မြင့်မားနေချိန်တွင် ယခုလို သတိပေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဥရောပတစ်လွှား ယူရိုဘောလုံးပြိုင်ပွဲ ကြည့်ရှုသူများသည့် နေရာများတွင် ရာနှင့်ချီသည့် ကူးစက်မှုများကို တွေ့လာရသည်။

လာမည့်သီတင်းပတ်အတွင်း ယူရိုအကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲကျင်းပမည့်ဗြိတိန်တွင်လည်း ကူးစက်မှုများ ပြန်လည်များပြားလာသည်။

### ဆက်လက်များပြားနေဆဲ

ဗြိတိန်တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးမှုများကို အရှိန်အဟုန်ဖြင့် ပြုလုပ်ပေးနေသော်လည်း ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်သည်။ အကယ်၍ စည်းကမ်းတင်းကျပ်မှုများ မပြုလုပ်ပါက ဥရောပတွင် ကူးစက်မှုလှိုင်း တစ်ဖန်ဖြစ်ပေါ်လာမည်ဟု ကုလသမဂ္ဂအေဂျင်စီမှ ညွှန်ကြားရေးမှူး ဟန့်စ်ကလူဂီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ။

**ကိုးကား – အေအက်ဖ်ပီ၊ ဝါရှင်တန်ပို့စ်**

> **“ ဗြိတိန်တွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးမှုများကို အရှိန်အဟုန်ဖြင့် ပြုလုပ်ပေးနေသော်လည်း ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ် သည်။ အကယ်၍ စည်းကမ်းတင်းကျပ်မှုများ မပြုလုပ်ပါက ဥရောပတွင် ကူးစက်မှုလှိုင်း တစ်ဖန်ဖြစ်ပေါ်လာမည်ဟု ကုလသမဂ္ဂအေဂျင်စီမှ ညွှန်ကြားရေးမှူး ဟန့်စ်ကလူဂီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ ”**

## စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၇၃/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) **စစ်ကိုင်းတိုင်းဒေသကြီး**
   (၁) ဟုမ္မလင်းမြို့နယ်၊
(ခ) **မန္တလေးတိုင်းဒေသကြီး**
   (၁) ပြင်ဦးလွင်မြို့နယ်၊
(ဂ) **ရှမ်းပြည်နယ်**
   (၁) နောင်ချိုမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –
   (၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
   (၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊
   (၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှား လေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီ ဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
   (၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန်သယ်ဆောင်သည့် ကုန်တင် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
   (၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက် ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီ ဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊
(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊
(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊
(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊
(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊
(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာ ဆောင်ရွက်ရန်။

၄။ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံ အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၃–၇–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

## ၂-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၆၁၄၀၃ | ၂၉၀၅၂၀၈၇ | ၆၂၀၆၄၅ |
| ၂။ | အိန္ဒိယ | ၃၀၄၅၈၂၅၁ | ၂၉၅၄၈၃၀၂ | ၄၀၀၃၁၂ |
| ၃။ | ဘရာဇီး | ၁၈၆၂၂၃၀၄ | ၁၆၉၃၁၂၇၂ | ၅၂၀၁၈၉ |
| ၄။ | ပြင်သစ် | ၅၇၇၇၉၆၅ | ၅၆၂၂၇၂၇ | ၁၁၁၁၁၁ |
| ၅။ | ရုရှား | ၅၅၆၁၃၆၀ | ၅၀၃၅၅၁၈ | ၁၃၆၅၆၅ |
| ၆။ | တူရကီ | ၅၄၃၀၉၄၀ | ၅၃၀၀၅၀၄ | ၄၉၇၇၄ |
| ၇။ | ဗြိတိန် | ၄၈၂၈၄၆၃ | ၄၃၂၇၅၅၆ | ၁၂၈၁၆၂ |
| ၈။ | အာဂျင်တီးနား | ၄၄၉၁၅၅၁ | ၄၀၉၂၀၅၃ | ၉၄၇၇၂ |
| ၉။ | ကိုလံဘီယာ | ၄၂၆၉၂၉၇ | ၃၉၆၄၀၇၄ | ၁၀၇၁၃၇ |
| ၁၀။ | အီတလီ | ၄၂၆၀၇၈၈ | ၄၀၈၃၈၄၃ | ၁၂၇၅၈၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂ – ၇ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၂၂၈၉၃၈ | ၁၉၀၁၈၆၅ | ၅၉၅၃၄ |
| ဖိလစ်ပိုင် | ၁၄၂၄၅၁၈ | ၁၃၄၁၉၇၃ | ၂၄၉၇၃ |
| မလေးရှား | ၇၆၅၉၄၉ | ၆၉၄၅၃၈ | ၅၃၂၇ |
| ထိုင်း | ၂၇၀၉၂၁ | ၂၁၄၃၄၀ | ၂၁၄၁ |
| မြန်မာ | ၁၆၁၂၁၀ | ၁၃၇၄၁၅ | ၃၃၆၄ |
| စင်ကာပူ | ၆၂၅၉၉ | ၆၂၂၃၄ | ၃၆ |
| ကမ္ဘောဒီးယား | ၅၂၃၅၀ | ၄၅၅၀၈ | ၆၆၀ |
| ဗီယက်နမ် | ၁၇၉၀၂ | ၇၂၄၇ | ၈၁ |
| လာအို | ၂၁၇၆ | ၁၉၈၆ | ၃ |
| ဘရူနိုင်း | ၂၆၁ | ၂၄၈ | ၃ |

# ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများဖွင့်လှစ်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေသည့် ခင်ကျော်(UNRA)နှင့် ကိုကိုနိုင်(ခ)ဒေါ်နအပါအဝင် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂

**ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီ ထောက်ခံအားပေးသူများအနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအပါအဝင် အစိုးရပိုင် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်တွင် ရန်ကုန်မြို့ Team PT အားကစားခန်းမ၌ လက်လုပ်ဗုံးပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဖိုးသော်ပါ ငါးဦးကို ပစ္စတို တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး သုံးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် KNLA တပ်မဟာ(၅) နယ်မြေအတွင်းရှိ ခင်ကျော် (UNRA) အဖွဲ့ထံမှ ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်၍ ပြန်လည်ထွက်ခွာလာသည့် ရွှေမဥ္ဇူဦး (ခ) ဒီးဒီးပါ ၁၁ ဦးကို ဘီးလင်းမြို့ မရမ်းချောင်စစ်ဆေးရေးဂိတ်၌ ဧပြီ ၂၉ ရက်တွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဆက်လက်ဖော်ထုတ်ချက်အရ မေ ၁ ရက်တွင် မျိုးမင်းသိန်းပါ သုံးဦးကို M-31 တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံးတို့နှင့်လည်းကောင်း၊ မေ ၂ ရက်တွင် အေးချမ်းအောင်ပါ ၁၁ ဦးကို လက်ပစ်ဗုံး ၁၆ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ဘီးလင်းမြို့နယ် ဝါးမြီးခိုကျေးရွာအနီး KNLA တပ်မဟာ(၅)နယ်မြေအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် UNRA အဖွဲ့မှ ခင်ကျော် ခေါင်းဆောင်၍ သင်ကြားလျက်ရှိပြီး သင်တန်းသားများအား သော်ဇင်အောင် (ခ) စွန်ရဲမှ စုဆောင်း၍ စေလွှတ်ပေးလျက်ရှိကြောင်း သိရှိရသဖြင့် သော်ဇင်အောင် (ခ) စွန်ရဲအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့သည်။


ထိုသို့ ဆောင်ရွက်ခဲ့မှုများကြောင့် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း ငြိမ်းချမ်းပါ ခုနစ်ဦးကို ရန်ကုန်မြို့တွင် လည်းကောင်း၊ သိန်းစင်ပါ ၁၃ ဦးကို ရန်ကုန်၊ ပဲခူးမြို့များတွင် လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း သော်ဇင်အောင်(ခ) စွန်ရဲပါ ၁၄ ဦးကို ပစ္စတို နှစ်လက်၊ ကျည်အိမ် လေးခု၊ ကျည် ၁၉၈ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး ခြောက်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ငြိမ်းချမ်း၏ ထွက်ဆိုချက်အရ ဖမ်းဆီးရမိထားသော နေမျိုးမှတစ်ဆင့် NLD ပါတီမှ တောင်ဒဂုံလွှတ်တော် ကိုယ်စားလှယ်ဟောင်း သိန်းနိုင်သည် ခင်ကျော်(UNRA)နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ သော်ဇင်အောင် (ခ) စွန်ရဲသည် NLD ပါတီမှ (၂၀၁၅) ခုနှစ် တောင်ဒဂုံ လွှတ်တော် ကိုယ်စားလှယ်ဟောင်း ညီညီနှင့် ချိတ်ဆက်၍ စစ်သင်တန်းပေးခြင်း၊ ခင်ကျော် (UNRA) နှင့် ချိတ်ဆက်၍ သင်တန်းသားများ စေလွှတ်ခြင်း၊ ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဆက်လက် ဖော်ထုတ်ချက်အရ မေ ၁၆ ရက်တွင် ကျိုက်ထိုမြို့နယ် မရမ်းချောင်စစ်ဆေးရေးဂိတ်၌ ဟန်ထွဋ်ကျော်ပါ သုံးဦးကို လည်းကောင်း၊ မေ ၂၇ ရက်တွင် အောင်ဖြိုးမင်း(ခ)ညီညီပါ သုံးဦးကို RPG ၁ လက်၊ RPG ဒုံးသီး ၁၄ လုံး၊ ပို့ကျည် ၁၄ တောင့်၊ M-16 တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ကာဘိုင် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ လက်နက်ငယ် ကျည် ၃၅ တောင့်တို့နှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့ပြီး ရန်ကုန်မြို့၌ ကောင်းမြတ်ဇင်ပါ သုံးဦးကို လက်လုပ်မိုင်းမျိုးစုံ ၁၅ လုံးဖြင့် လည်းကောင်း၊ ရန်ကုန်မြို့တွင် ဖောက်ခွဲရေးပစ္စည်းများပြုလုပ်သူ ကျော်ဇေယျာသိန်းနှင့် ဝေယံမောင်မောင်ပါ ၂၃ ဦးကို ပစ္စတို သုံးလက်၊ လက်လုပ်သေနတ် ၂၄ လက်၊ လက်ပစ်ဗုံး သုံးလုံး၊ လက်လုပ်မိုင်းမျိုးစုံ ၂၁၄၄ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်များအရ ခင်ကျော်အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ပေါင်မြို့ စစ်ဆေးရေးဂိတ်၌ တိုင်းရင်းသားနယ်မြေအတွင်း ထွက်ပြေး တိမ်းရှောင်လျက်ရှိသည့် NUG အဖွဲ့မှ ရည်မွန်ထံသို့ အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရေး လိုအပ်သော ညှိနှိုင်းမှုများ ပြုလုပ်ရန် သွားရောက်သည့် ခင်ကျော်ပါ လေးဦးကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ နှစ်ဦးကို ကာဘိုင် တစ်လက်၊ ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး ၅၁ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံးတို့နှင့်အတူ ဘီးလင်းမြို့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

KNU နယ်မြေအတွင်း ဖောက်ခွဲရေးသင်တန်းဖွင့်လှစ်နေသော ခင်ကျော်(UNRA)နှင့် ပတ်သက်ဆက်နွယ်သူများ




ခင်ကျော်၏ ထွက်ဆိုချက်အရ ဆက်စပ် တရားခံများဖြစ်သည့် သာကေတ မြို့နယ်အတွင်း ဖောက်ခွဲရေး လုပ်ငန်းများ ဦးဆောင် လုပ်ကိုင်လျက်ရှိသော အိုဝမ်း (ခ) မျိုးဇာနည်အောင်နှင့် လှိုင်သာယာမြို့နယ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သုံးဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် ကျော်သီဟ၊ သန်းဝင်းနှင့် အောင်ဇေယျ (ခ) အာကြီးတို့ အပါအဝင် ဆက်စပ်တရားခံ ၁၉ ဦးတို့ကို ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး တစ်လုံးတို့ဖြင့် ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ခင်ကျော်ထံ ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် လာရောက်သည့် နိုင်လင်းထွန်းပါ အဖွဲ့ဝင် ၁၀ ဦးကို ဘီးလင်းမြို့၌ လည်းကောင်း၊ နိုင်နိုင်အောင်ပါ နှစ်ဦးကို သထုံမြို့၌လည်းကောင်း၊ ဥက္ကာစိုးကို ပဲခူးမြို့၌လည်းကောင်း၊ ကျော်ငြိမ်းပိုင်ကို ဘီးလင်းမြို့၌ လည်းကောင်း၊ တောင်ဒဂုံ PDF အဖွဲ့ခေါင်းဆောင် ဆောင်းမွန်ပါ ၁၂ ဦးကို လှိုင်မြို့နယ်၌ M-22 တစ်လက်၊ ကျည် ၇၀ တောင့်၊ ကျည်အိမ် နှစ်ခုဖြင့် လည်းကောင်း၊ UNRA အဖွဲ့ဝင် ထွန်းအောင်ကျော်ပါ ခုနစ်ဦးကို ဘီးလင်းမြို့၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ PDF အဖွဲ့များကို ထောက်ပံ့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသူ ကိုကိုနိုင် (ခ) ဒေါ်န (အမေရိကန်နိုင်ငံသား၊ Social Visa ဖြင့် နေထိုင်သူ) ကို ဖမ်းဆီးရရှိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၂၄ ရက်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိ တရားခံများ ဖော်ထုတ်ချက်အရ ဇွန် ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေသူ တရားခံ သုံးဦးကိုလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် တရားခံ ရှစ်ဦးကို လက်လုပ်သေနတ် ခြောက်လက်၊ လက်လုပ်မိုင်း ၅၉ လုံးတို့နှင့် လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် တရားခံ ခုနစ်ဦးကို လက်နက်မျိုးစုံ ၁၁၄ လက်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ ဖောက်ခွဲရေး ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ဖော်ထုတ်ချက်အရ ရန်လင်းအောင် (ခ) မိုးတိမ် အပါအဝင် PDF အဖွဲ့ဝင် ၂၈ ဦးသည် NLD ပါတီမှ ကချင်ပြည်နယ် ဖားကန့်မြို့ (၂၀၁၅) ခုနှစ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးခင်မောင်မြင့် (ခ) ဦးချို၊ ချမ်းမြသာစည်မြို့နယ် လွှတ်တော် ကိုယ်စားလှယ်ဟောင်း ကျော်စိုးလင်းနှင့် ကောလင်းမြို့နယ် (၂၀၁၅) ခုနှစ် လွှတ်တော် ကိုယ်စားလှယ်ဟောင်း မျိုးဇော်အောင်တို့၏ ချိတ်ဆက်ပေးမှုဖြင့် KIA ဌာနချုပ်၊ လိုင်ဇာ၌ စစ်သင်တန်း တက်ရောက်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၇ သို့*



သပိတ်ကျင်းမြို့နယ် တကောင်းလမ်းခွဲ၌ ဝေယံလင်း(ခ)ထွန်းတောက်နိုင်အပါ လေးဦးအား လက်နက်မျိုးစုံ ၁၁၄ လက်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ ကျည် ၁၀၀၀၀ တောင့်၊ ကျည်အိမ် ၂၄၈ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ PDF ရုံး၌ သန့်ဇင်ကိုအပါ ရှစ်ဦးအား MA-1 နှစ်လက်၊ လက်လုပ်သေနတ် ခြောက်လက်၊ လက်လုပ်ဗုံး ၅၉ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်ရန် NLD ပါတီမှ တရားမဝင်ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH နှင့် NUG မှ ရည်မွန်



လက်နက်ဝယ်ယူရန် ခင်ကျော် (UN-RA) နှင့် ချိတ်ဆက်ပေးသည့် NLD ပါတီမှ တောင်ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း (၂၀၁၅) သိန်းနိုင်



KIA နယ်မြေတွင် စစ်သင်တန်းတက်ရောက်ရန်နှင့် လက်နက်/ခဲယမ်းများရရှိရန် ချိတ်ဆက်ပေးခဲ့သည့် NLD ပါတီမှ တောင်ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း (၂၀၁၅) ညီညီ



KIA နယ်မြေတွင် စစ်သင်တန်းတက်ရောက်ရန်နှင့် လက်နက်/ခဲယမ်းများရရှိရန် ချိတ်ဆက်ပေးခဲ့သည့် NLD ပါတီမှ ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း (၂၀၁၅) မျိုးဇော်အောင်



KIA နယ်မြေတွင် စစ်သင်တန်းတက်ရောက်ရန်နှင့် လက်နက်/ခဲယမ်းများရရှိရန် ချိတ်ဆက်ပေးခဲ့သည့် NLD ပါတီမှ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း (၂၀၁၅) ကျော်စိုးလင်း



KIA နယ်မြေတွင် စစ်သင်တန်းတက်ရောက်ရန်နှင့် လက်နက်/ခဲယမ်းများရရှိရန် ချိတ်ဆက်ပေးခဲ့သည့် NLD ပါတီမှ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၅) ကိုယ်စားလှယ်ဟောင်း (၂၀၁၅) ခင်မောင်မြင့် (ခ) ဦးချို



အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ချိတ်ဆက်ထောက်ပံ့ပေးသည့် NLD ပါတီမှ မောင်ဒီ (ဖမ်းမိ)







အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့် NLD ပါတီမှ ခင်စိုး (ဖမ်းမိ)၊ ရဲရင့်အောင် (ဖမ်းမိ) နှင့် ဒေါ်နှင်းကြည် (ဖမ်းမိ)။

*စာမျက်နှာ ၁၆ မှ*

အထက်ပါ ဖြစ်စဉ်များတွင် ခင်ကျော် (UNRA) နှင့် ကိုကိုနိုင်(ခ)ဒေါန အပါအဝင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်သူ တရားခံ ၁၇၃ ဦး ကို လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ခင်ကျော်နှင့် ကိုကိုနိုင် (ခ) ဒေါနတို့၏ ဖော်ထုတ်ချက်များအရ စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခြင်း၊ လက်နက်၊ ခဲယမ်းဝယ်ယူခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်၏ စေခိုင်းမှုများကြောင့် ဂျပန်နိုင်ငံတွင် နေထိုင်သူ ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)၊ အမေရိကန်နိုင်ငံတွင် နေထိုင်သူ အေးမင်းတို့မှ နိုင်ငံတကာနှင့် ပြည်တွင်းရှိ NLD ပါတီဝင်များ၊ ၎င်းပါတီအား ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

တရားခံ ခင်ကျော်သည် ၁၉၈၈ ခုနှစ်တွင် ABSDF သို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ABSDF မှ ခွဲထွက်၍ အဖွဲ့ဝင် ခုနစ်ဦးဖြင့် UNRA ကို ဖာပွန်မြို့နယ် လဲဝါကျေးရွာ၌ ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မတ်လမှစတင်၍ ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်ခဲ့ပြီး တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG မှ ခေါင်းဆောင်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင် (ခ) ဒေါန (NDF အဖွဲ့၏ နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ) သည် PDF သင်တန်းအတွက် လိုအပ်သော စစ်အသုံးအဆောင် ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးအတွက် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက် အဖွဲ့အစည်းဖြစ်သည့် NUG မှ ရည်မွန်၊ ဂျပန်နိုင်ငံ မှ ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)၊ ပြည်ပရောက် NLD ပါတီဝင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း) သည် NDF (National Defence Force) အားဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ပြည်ပရောက် NLD အဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများရရှိရေးနှင့် NUG အဖွဲ့ဝင်များဖြင့် ချိတ်ဆက်ကာ ပြည်တွင်း၌ အကြမ်းဖက်လှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရသည်။

တရားမဝင် ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အနေဖြင့် နိုင်ငံတော်အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် အဆင့် ၃ ဆင့်ဖြင့် လုပ်ဆောင်နေပြီး **ပထမအဆင့်**အနေဖြင့် သင်တန်းဆင်းအဖွဲ့များမှ နေရပ်သို့ပြန်လည်ရောက်ရှိပါက စက်ရုံ/အလုပ်ရုံများအား မီးရှို့/ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် အုပ်ချုပ်ရေးမှူးများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ **ဒုတိယအဆင့်**အနေဖြင့် ဒေသအလိုက် PDF အဖွဲ့များသည် EAOs အဖွဲ့များနှင့် ပူးပေါင်း၍ တပ်ဌာနချုပ်များကို စီးနင်းတိုက်ခိုက်ခြင်း၊ **တတိယအဆင့်**အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် လက်နက်များ လက်ခံရယူ၍ အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ရန်တို့ဖြစ်ကြောင်း သိရသည်။

တရားမဝင် ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့ဝင် ရည်မွန်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယနေ့အထိ နိုင်ငံအတွင်း အပြစ်မဲ့ပြည်သူ ၁၈၉ ဦး သေဆုံးကာ မီးလောင်၊ မီးရှို့ခံရသော စာသင်ကျောင်း ၆၀ ၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း/ရဲစခန်း ၃၅ ခုတို့ရှိပြီး စာသင်ကျောင်းများတွင် ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံးများတွင် ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း/ရဲစခန်းများတွင် ဗုံးပေါက်ကွဲမှု ၆၆ ကြိမ်၊ စုစုပေါင်း ဗုံးပေါက်ကွဲမှု ၄၈၀ ရှိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ဖော်ထုတ်ချက်များအရ အကြမ်းဖက်လုပ်ငန်းများအား တရားမဝင် ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်မှ ဦးဆောင်၍ ပြည်တွင်းရှိ NLD ပါတီဝင် သိန်းနိုင်၊ ညီညီ၊ မျိုးဇော်အောင်၊ ကျော်စိုးလင်း၊ ခင်မောင်မြင့်၊ မောင်ဒီ၊ ခင်စိုး၊ ရဲရင့်အောင်၊ ဒေါ်နှင်းကြည်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူအများစုအပေါ် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတကာသို့ အကြမ်းဖက်အဖွဲ့အစည်းများ အဖြစ် သတင်းထုတ်ပြန် ကြေညာထားသော PDF ၊ CRPH နှင့် NUG အဖွဲ့တို့နှင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ဆက်သွယ်အားပေး ထောက်ခံခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းများသည် ရာဇသတ်ကြီး ပုဒ်မ ၁၂၃ နှင့် ငြိစွန်း၍ ပြစ်မှုမြောက်သဖြင့် ထောင်ဒဏ် (၂၀) နှစ်အထိ ပြစ်ဒဏ်ကျခံ ရနိုင်ကြောင်းနှင့် အကြမ်းဖက် အဖွဲ့အစည်းမှ ရည်မွန် အပါအဝင် ၎င်းတို့၏ အဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများအား ဆက်လက်ရှာဖွေဖော်ထုတ် ဖမ်းဆီးလျက်ရှိရာ အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



ကျိုက်ထိုမြို့၌ အောင်ဖြိုးမင်း (ခ) ညီညီထံမှ ဖမ်းဆီးရမိသည့် RPG တစ်လက်၊ M-16 တစ်လက်၊ ပစ္စတို တစ်လက်၊ ကာဘိုင် တစ်လက်၊ ဒုံးသီး ၁၄ လုံး။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မိဘရိပ် သစ်ဆိုင်အတွင်းသို့ဝင်ရောက်၍ ရွှေထည်ပစ္စည်းများ၊ ငွေသားများယူဆောင်၍ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၀/က)ရပ်ကွက် လှော်ကားလမ်းမကြီးပေါ်ရှိ မိဘရိပ် သစ်ဆိုင်အတွင်းသို့ မတ် ၂၇ရက်က မျိုးသိန်းထွန်း(ဘ) ဦးကျော်ထွန်းအပါအဝင် ၃၂ ဦးတို့က ဝင်ရောက်၍ ဆိုင်အတွင်း တပ်ဆင်ထားသော CCTV ကင်မရာများနှင့် ခြံတံခါးများကို ဖျက်ဆီးပြီး ရုံးခန်းအတွင်းမှ Iphone 12 Promax (၂)လုံး၊ Pad 12 (၁)လုံး၊ ငွေကျပ်သိန်း၁၅၀၊ CCTV မှတ်တမ်း Box၊ ရွှေတုံး/ ရွှေထည်ပစ္စည်းမျိုးစုံ (၁)ပိဿာ(၂၀)ကျပ်သား၊ ဘဏ်စာအုပ်(၃)အုပ်တို့ကိုလည်းကောင်း၊ အိမ်တွင် တပ်ဆင်ထားသော TV (၆)လုံးနှင့် Felling-125 ဆိုင်ကယ်(၁)စီး တို့ကိုလည်းကောင်း စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၄၁၆၁သိန်းခန့်တို့ကို လုယက်ခဲ့ခြင်းနှင့် ဆိုင်အတွင်း ရပ်ထားသည့် မော်တော်ယာဉ် နှစ်စီးတို့ကို ရိုက်ချိုးဖျက်ဆီး၍ လမ်းမပေါ်တွင် မီးရှို့ခဲ့ကြခြင်းတို့ကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ -၃၉၅နှင့် ရာဇသတ်ကြီး ပုဒ်မ-၄၃၅ တို့အရ ၎င်းတို့အား ဇူလိုင် ၁ ရက်တွင် " အလုပ်နှင့်ထောင်ဒဏ် (၂၀)နှစ်" အမိန့်ကို ချမှတ်လိုက်သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် အောင်ကိုဦး၊ ကျော်ကိုထက်၊ ထင်ကျော်(ခ) ဖက်တီး၊ ငထွန်း၊ ဟိန်းကို၊ ရဲကို၊ မတင်ထွေးရီ၊ ကိုဇင်(ခ)ကြွက်ကုလား၊ ဦးဘို၊ ကျားဘန်းနူး၊ မွတ်နား(ခ) မုနား၊ ငတော၊ အရှည်ကြီး၊ ဆီနီဂေါ၊ ဝင်းနိုင်၊ နေလင်းဦး၊ အသေးလေး၊ ဝေယံ၊ မဲကြီး၊ သူရအောင်၊ ထိန်လင်းအောင်၊ ကုလား၊ လွင်မိုးဦး၊ နိုင်လေး(ခ)နိုင်လင်းနှင့် ဒေါ်လေးလေးတို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇/ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(ဝဲမှယာ) တရားခံ မျိုးသိန်းထွန်း၊ ထင်ကျော်၊ အာကာထွန်း(ခ)ကိုလေး၊ ညီညီလွှမ်းအောင်(ခ)ညီညီအောင်၊ သက်ပိုင်(ခ) သက်ပိုင်စိုး၊ သန်းနိုင်ထွန်း(ခ)သန်းကြီးနှင့် စိုးအောင်။

## မြို့နယ်အချို့၌ အကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်ဗုံး၊ လက်နက်ငယ်တို့ဖြင့် ချောင်းမြောင်းပစ်ခတ်

**နေပြည်တော် ဇူလိုင် ၂**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ အကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်ဗုံး၊ လက်နက်ငယ်တို့ဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်း-ပုလိပ်ကားလမ်းရှိ စကားအင်းအဝိုင်း၌ လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စကားအင်းဘက်မှ ပုလိပ်မြို့ဘက်သို့ အောင်မြေသာစံမြို့နယ် မြောက်ပြင်ရပ်ကွက်နေ ဇင်မောင်မောင်ကျော် (၂၀နှစ်) (ဘ) ဦးကျော်မောင်မောင်းနှင်သော ဆိုင်ကယ် တစ်စီးနှင့် အမျိုးသားနှစ်ဦး(စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ် တစ်စီးတို့ကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင် ထွက်ပြေးသွားခဲ့သည်။

ထို့ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ အမျိုးသားနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်ပေါ်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ယာဒူးတွင် ဗုံးစထိမှန် ဒဏ်ရာရရှိခဲ့ပြီး ဇင်မောင်မောင်ကျော် မောင်းနှင်သော ဆိုင်ကယ်အား တားဆီး ဖမ်းဆီးရရှိခဲ့သဖြင့် စစ်ဆေးခဲ့ရာ ၎င်းမောင်းနှင်လာသော ဆိုင်ကယ်တူးဘောက်အတွင်းမှ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးနှစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ အရှည် တစ်ပေခန့်ရှိ ဓားမြှောင်တစ်ချောင်းတို့နှင့် အတူ ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အရ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ ဇင်မောင်မောင်ကျော်။

## မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့ကို လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်

နေပြည်တော် ဇူလိုင် ၂

**တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုအချို့ကို လူထုအတွင်း အကြောက်တရားများလွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သတ်အစွန်းရောက် လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ဓားများအသုံးပြုကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။**

**လုံခြုံရေးတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေး**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဇူလိုင် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကမ္ဘာ့ရပ်ကျေးရွာနေ ဦးကျော်ဦး(၃၉နှစ်) (ဘ)ဦးကံနှင့် ဦးဝင်းပေါ (၅၅နှစ်) (ဘ)ဦးဘတင်တို့ပါ ကျေးရွာသား ၁၆ ဦးတို့သည် မုံရွာမြို့ရှိ စတာပါနာကုမ္ပဏီမှ ချေးငွေထုတ်ယူ၍ မော်တော်ယာဉ်ဖြင့်ပြန်လာစဉ် ပုလဲမြို့နယ် ပုပ္ပားကျေးရွာနှင့် ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာကြားရှိ ဆည်မြောင်းလက်တံ အမှတ် ၅ အရောက်တွင် မျက်နှာဖုံးများ တပ်ဆင်ထားပြီး တူမီးသေနတ်များ ကိုင်ဆောင်ထားသော အကြမ်းဖက်သူအင်အား ၄၀ ခန့်က ဦးကျော်ဦးတို့စီးနင်းလာသော မော်တော်ယာဉ်ကို တားဆီးကာ ယာဉ်ပေါ်ပါသူများကို ယာဉ်ပေါ်မှဆင်းခိုင်းခဲ့ကြောင်း၊ ကျေးရွာသား ၁၄ ဦးကို မှောက်ခိုင်းပြီး လက်ပြန် ကြိုးတုပ်ချည်နှောင်ထားကာ ဦးကျော်ဦးနှင့် ဦးဝင်းပေါတို့ ၂ ဦးကို တူမီးသေနတ်ဖြင့် ပစ်ခတ်၍ ဦးကျော်ဦးတို့ ၂ ဦးထံမှ ငွေနှင့် လက်ကိုင်ဖုန်း ၂လုံးတို့ကို ယူဆောင်၍ ထွက်ခွာ သွားခဲ့သဖြင့် ဦးဝင်းပေါမှာ ကျည်ထိမှန် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးကျော်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

**သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေး**

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာနေ ဦးအောင်မြင့်(၅၉နှစ်) ကျေးရွာတာဝန်ခံ (ဘ) ဦးရွှေသွေးသည် မန္တလေး-မိုးကုတ်ကားလမ်း ဘေးရှိ ဦးသန်းအေး (၄၄နှစ်) (ဘ) ဦးတင်အောင်၏ "အောင်ချမ်းမြေ" ကွမ်းယာဆိုင်၌ ကွမ်းယာဝယ်ယူနေစဉ် မန္တလေး- မိုးကုတ် ကားလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦး (စီစစ်ဆဲ)အနက် အနောက်မှလိုက်ပါလာသူက သေနတ်ဖြင့် ၅ ချက်ခန့်ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးအောင်မြင့်၏ ဝဲရင်အုံ၊ လည်ပင်း၊ နောက်ကျောတို့တွင် ထိမှန်ဒဏ်ရာများရရှိသေဆုံးခဲ့ပြီး ကွမ်းယာဆိုင်ပိုင်ရှင် ဦးသန်းအေး၏ ယာလက်ခုံဖောက်ဝင် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ဦးအောင်မြင့်နှင့် ဦးသန်းအေးတို့ကို စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ကာ အခင်းဖြစ်နေရာ ဝန်းကျင်မှ 9 mm ကျည်ခွံ ၅ခု သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုများကို ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်မှုအပေါ် အခြေခံကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၇-၂၀၂၂ စနေနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၆:၂၀** အရဟံ၊ ဗဟိအန္တဇယံဂါထာ တော်မြတ် ဘုရားရှိခိုးနှင့် ခင်ပွန်းကြီးဆယ်ပါး ကန်တော့ခန်း
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochinikow Antoly Mikhailovich နှင့်တွေ့ဆုံမေးမြန်းမှု
**၁၀:၀၀** သတင်းထဲကသတင်း
**၁၃:၄၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'ရွှံ့ကြွယ်ကလေးလင်းလင်းလက်'**
**၁၇:၀၅** လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ သမဝါယမနည်းလမ်းများဖြင့်ဝိုင်းဝန်း ကြိုးပမ်းတည်ဆောက်ကြပါစို့
**၁၇:၃၀** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁)
**၁၉:၅၀** မြန်မာနိုင်ငံ၏အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၀:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ဇွန်လ)(တတိယပိုင်း)
**၂၁:၃၀** ဘဝနှင့်အနုပညာ
**၂၂:၀၀** ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏အနုသုခုမသဘင် **'ဝိတရူးပြဇာတ်'** (အပိုင်း-၁)

### mitv

**07:01** News
**07:27** Great Shwedagon - The Ten Traditional Arts & Crafts
**07:47** Myanmar's Entrepreneurs: Soe Moe Aung
**08:01** Weekly Review
**08:16** Tapestry - A Unique Combination Of Painting and Craftsmanship
**08:36** Myanmar Masterclass: Cubism
**08:42** Conflict & Solution Between Man & Elephant
**09:01** Ecotourism: The Tourist Attractions of Mingun, Sagaing
**09:25** Travelogue: To the coastal region (Myeik - Kawthoung)(Part-1)
**09:51** Kyaikhteeyoe: My Father The Porter
**10:01** Chef Life: Zin Minn Htun
**10:24** Five Sets of Drum Orchestra
**12:24** Next Generation (Min Thu Ryein)
**11:43** Ecotourism: Shwebo & Hanlin (Ancient Pyu City)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၈)
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရဲသောင်ချောင်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စဉ့်အိုးပိုရွာကလေးရဲ့အိုးလုပ်ငန်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဝါခေါင်လချည်ဖြူပွဲမင်္ဂလာ
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၃)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
စံထားထိုက်တဲ့သူမ
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်တို့အလှမွန်တို့ရိုးရာဝတ်စုံ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြေမှရိုးရာအလှ (အပိုင်း-၂)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၅)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကျိုင်းတုံရေတံခွန်သို့အလည်တစ်ခေါက်

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၆:၀၀** ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်
များမှအပ နံနက် (၁၀:၀၀)နာရီမှ
ည(၁၀:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal


# မလတ်တိုကျေးရွာအုပ်စု တပွတ္တနောင်ကြီးရေထိန်းတံခါးမှ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်



နေပြည်တော် ဇူလိုင် ၂

ရေဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဇွန် ၂၉ ရက်က မအူပင်မြို့နယ် မလတ်တိုကျေးရွာအုပ်စု တပွတ္တနောင်ကြီး ရေထိန်းတံခါးမှ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးလွင်၊ မအူပင်ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တလုပ်လုငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ ငါးမြစ်ချင်းနှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၆၀၀၀၀၀ ကို တပွတ္တနောင်ကြီးရေထိန်းတံခါးမှ သဘာဝရေပြင်အတွင်းသို့ စုပေါင်းပြီးငါးမျိုး စိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၇-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၆၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၄၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၂ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၈၂၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၇၀ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၃ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၂ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၉၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၄၁၅ | ၂၁၄၇၄၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၂ | ၂၁၇၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၅ | ၁၀၂၅၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၃၂၂ | ၈၅၄၁၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆၁ | ၃၀၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# နေမိဇာတ်တော်

**မြတ်မင်းလှိုင်**

*ယမန်နေ့မှအဆက်*

ထိုအခါ မာတလိက အောက်၊ အထက်ခရီးကို တစ်ပေါင်းတည်းသွားရန်မဖြစ်နိုင်၍ မည်သည့်ခရီး ရှေးဦးစွာ ကြွမြင်တော်မူလိုသနည်းဟု မေးမြန်းရာ မင်းကြီးက ငရဲပြည်ကိုကြည့်ပြီးမှ နတ်ပြည်သို့တက်မည်ဟု ဖြေကြားလေသည်။

ထိုအခါ မာတလိနတ်သားသည် သိဋ္ဌိုးငရဲကြီး၏ အရန်ဖြစ်သော ဥသဿဒငရဲပြည်သို့ မြင်းပျံတစ်ထောင်ဆောင်သော ဝေဇယန္တာ နတ်ရထားဖြင့် ခရီးစတင်လေသည်။

ဝေဇယန္တာရထားမှူး မာတလိနတ်သားသည် သိဋ္ဌိုးငရဲကြီး၏ အရန်ဖြစ်သော ဝေတရဏီ ကြိမ်ပိုက်ချောင်း ဥသဿဒရက်ငရဲသို့ ရောက်သောအခါ မိမိတန်ခိုးဖြင့် ငရဲခံရကုန်သော သတ္တဝါအပေါင်းတို့အား နေမိမင်းကြီးအား မြင်တော်မူစေ၏။ သံရည်ပုံးထဲ၌ အလျှံတောက်သော သံကြာရွက်များပြည့်၍ ရေတစ်ပြင်လုံး၌ သင်တုန်းဓားများစိုက်ထားသည့်အပြင် သံဆူးကြိမ်နွယ်တို့လည်း များလှ၏။ ငရဲခံရသူတို့သည် ငရဲထိန်းများ၏ နှိပ်စက်မှုကိုမခံနိုင်၍ ကြိမ်ပိုက်ချောင်းထဲသို့ကျကာ စူးရှပေါက်ပြဲကုန်၏။ လူ့ဘဝက အားနည်းသောသူတို့ကို မိမိ၏ အာဏာ၊ စည်းစိမ်၊ လက်ရုံးအား စသည်တစ်နည်းနည်းဖြင့် ညှဉ်းဆဲသူများ ဖြစ်ကြပေသည်။

ထို့နောက် ခွေးကျားကြီးငရဲသို့ ရောက်ပြန်သည်။ ထိုငရဲခွေးတို့သည် ဆင်လောက်ကြီးမားသည်။ ကျီး၊ လင်းတတို့သည်လည်း လှည်းဘီး ခန့်ကြီးမား၏။ သွားနှုတ်သီးတို့သည် သံဖြစ်၏။ ငရဲခံရသူတို့အား ငရဲခွေးနှင့်ကျီး၊လင်းတတို့သည် ကိုက်ဖြတ်ထိုးဖောက်ကြသည်။ ထိုငရဲခံရသူတို့မှာ လူဖြစ်စဉ်က စဉ်းလဲဝန်တို ဆဲဆိုနှုတ်ကြမ်းသူများ ဖြစ်ကြသည်။

ထိုမှတစ်ဖန် သဇောတိငရဲသို့ ရောက်ပြန်သည်။ ထိုငရဲ၌ လူ့ဘဝက ကုသိုလ်ပြုသည်ကို မနာလိုခြင်း၊ သူတော်ကောင်းတို့အား ညှဉ်းဆဲခြင်း စောင်းမြောင်းခြင်းပြုခဲ့သူတို့ခံရသည့် ငရဲဖြစ်သည်။ ကိုးယူဇနာခန့် အလျှံပြောင်ပြောင် တောက်နေသောမြေ၌ ငရဲခံရသူတို့သည် နင်းသွား၍ ငရဲထိန်းတို့က ထန်းလုံးခန့် တောက်လောင်နေသော လှံတံဖြင့် ရိုက်ပုတ်နှိပ်စက်ခြင်းကိုခံရသည့် သဇောတိငရဲဖြစ်သည်။

လူဖြစ်စဉ်က လိမ်လည်အလှူခံ၍ ကိုယ်ကျိုးစားသုံးသူများ ငရဲခံရသည့် မီးကျီးတွင်းငရဲသို့ရောက်ရှိခဲ့ပြန်သည်။ ငရဲထိန်းတို့သည် အလျှံပြောင်ပြောင်တောက်လောင်သော သန်လျက်လှံတို့ဖြင့် ငရဲသားများအား ထိုးခုတ်ရိုက်ပုတ်ကာ မီးကျီးတွင်းသို့ဆင်းစေပြီး သံခြင်းတောင်းဖြင့် မီးကျီးခဲကို အပေါ်မှလောင်းချခြင်း ပြုလေသည်။

မာတလိသည် သံတောင်ကြီးကဲ့သို့သော အိုးထဲ၌ သံရည်ပူတို့ထားပြီး ငရဲထိန်းတို့က ငရဲခံရသူတို့အား ထိုအိုးထဲသို့ ဖောက်ထိုးပစ်ချသည့် သံအိုးငရဲသို့ နှင်ပြန်သည်။ လူ့ဘဝက အကျင့်သီလရှိသူများအား ဆဲရေး သတ်ပုတ်ခဲ့သူများ ကျခံရသည့်ငရဲခန်း ဖြစ်ကြသည်။

လူ့ဘဝက ငှက်ခတ်မုဆိုးများဖြစ်ခဲ့၍ ငရဲ၌ရဲရဲတောက်သော သံကြိုးဖြင့်ချည်နှောင်ကာ သံရည်အိုးကင်း ထဲသို့ပြစ်ချခံနေရသည့် ဒုတိယလောဟကုမ္ဘီငရဲသို့ ရောက်ကြပြန်သည်။ ထို့နောက်ပူပြင်းသော သံမြေကိုနင်း၍ ရေငတ်မွတ်သဖြင့် မြစ်သို့ဆင်းသောက်သည့်အခါ မြစ်သည်ပြာပူအတိဖြစ်၍ နှုတ်ခမ်း၊ အူ၊ အသည်းတို့လောင်မြိုက် ယိုထွက်သည့်ပြာပူမြစ်ငရဲသို့ရောက်ရှိပြန်သည်။ ထိုငရဲခန်း၌ ကျခံနေရသူများမှာ လူ့ဘဝက စပါးကုန်သည်များဖြစ်ပြီး စပါးကို သဲ၊ မြေ၊ ဆီးစေ့ စသည်တို့ကို ရောပြွမ်းရောင်းချခဲ့ကြသူများ ဖြစ်သည်။



မာတလိနတ်သားသည် ထိုမှတစ်ဖန်လက်နက်ငရဲသို့ နှင်ပြန်လေသည်။ ငရဲထိန်းသို့သည် ငရဲသားတို့အား လက်နက်မျိုးစုံဖြင့် အပိုင်းပိုင်းဖြတ်ခြင်း၊ သီခြင်း၊ ထိုးဆွခြင်း၊ ရိုက်နှက်ခြင်းတို့ကို ပြုသည့်ငရဲဖြစ်သည်။ လူ့ဘဝက သက်ရှိသက်မဲ့ ဥစ္စာတို့ကို ခိုးယူခဲ့သူတို့ ကျခံရသည့်ငရဲခန်းဖြစ်ကြသည်။

လူ့ဘဝက တံငါသားထိုးလုပ်ကိုင်ကြ၍ ငရဲထိန်းတို့က ငရဲသူတို့အား ရဲရဲတောက်သော သံကြိုးဖြင့်ချည်၍ လက်နက်တို့ဖြင့် ထိုးခုတ်သဖြင့် ငရဲကျခံရသူတို့ မသေမရှင် ခံစားရသည့်အသားစုငရဲသို့ ရောက်ပြန်သည်။ ထို့နောက်ရွံ့ဖွယ်အတိဖြစ်သော အညစ်အကြေးမစင်တို့ကို စားသောက်ခြင်းဖြင့် ငရဲခံနေကြရသော ကျင်ကြီးကျင်ငယ်တွင်း ငရဲသို့ရောက်ပြန်သည်။ ထိုသူတို့သည် လူဘဝက အမှုမရှိသူကိုအမှုရှာ၊ အမှုရှိသူကို မျက်နှာသာပေး၍ အဂတိလိုက်စားသူများဖြစ်ကြသည်။ အမိ အဖ သံဃာတို့အား ပြစ်မှားသတ်ဖြတ်၍ သွေးပြည်အရိအရွဲများကို စားသောက်ကြရသည့် သွေးပြည်တွင်း ငရဲသို့ရောက်ခဲ့ပြန်သည်။ ထို့နောက် လူဖြစ်စဉ်က စဉ်းလဲမှုများတွင် အဂတိလိုက်စား၍ ခုံသမတ်၊ ရာဖြတ်ပွဲစားပြုခဲ့သူများ ခံနေရသည့်အရေဆုတ် အသားဖြတ်ငရဲသို့ ရောက်ရှိခဲ့ပြန်သည်။ အာစောက်လျှာရင်းတို့ ဖောက်ထွင်းချိတ်ဆွဲကာ ပူပြင်းသော သံမြေပြင်ပေါ်သို့တင်ပြီး နှိပ်စက်ခံနေကြရသည်။ ထို့နောက်လူ့ဘဝက သယောက်လင်စောင်ထားသော မိန်းမများချည်အား သံလိုမ့်လုံးကြီးများဖြင့် လိမ့်သည့်သံကြိတ်လုံးငရဲ၊ လူ့ဘဝ၌ သူတစ်ပါး သားမယားကို ပြစ်မှား ကျူးလွန်ခဲ့၍ မီးကျီးစုပေါ်သို့ ကိုယ်ကို ဖောက်ထိုးကိုင်ညှစ်ချသည့် ဦးစောက်ချငရဲခန်း၊ လူ့ဘဝ၌ ကံ၊ ကံ၏အကျိုးကို မယုံကြည်ဘဲမှားသော အယူကိုယူခဲ့ကြသူများအား သံဖြည့်ဆူးဖြင့် ပြည့်နေသော လက်ပံပင်၌ လင်သည်အောက်မှ အထက်သို့၊ မယားသည်အထက်မှ အောက်သို့ တက်စေဆင်းစေ၍ ဆူးများစူးရှ၍ ပျက်စီးကြရသည့် လက်ပံတောငရဲသို့ ရောက်ရှိခဲ့ပြန်သည်။ နေမိမင်းသည် ထိုထိုသောငရဲသားများအား မြင်တွေ့ရသဖြင့် ထိတ်လန့်မှုနှင့်အတူ သံဝေဂရရှိလေသည်။

ဝေဇယန္တာရထားမှူး မာတလိနတ်သားသည် နေမိမင်းကြီးအား ငရဲပြည်ကိုပြပြီးနောက် ငရဲပြည်မှ ပြန်တက်၍ အထက်နတ်နန်းသို့ ကောင်းကင်ခရီးဖြင့်နှင်လာရာ မြင်းမိုရ်သတ္တရဘန် (မြင်းမိုရ်တောင်စဉ်ခုနစ်ထပ်) သို့ မရောက်မီ ဘုံငါးဆင့်ရှိ အမြင့် ၁၂ ယူဇနာရှိသော ဗိရဏီ နတ်သမီး၏ ပတ္တမြားဗိမာန်သို့ ရောက်လေသည်။ ဗိရဏီနတ်သမီးသည် ကဿပဘုရားရှင်လက်ထက်က ပုဏ္ဏား၏အစေခံဖြစ်ခဲ့သည်။ သခင်ပုဏ္ဏားပြုလိုသည် သံဃာရှစ်ပါးအား နေ့စဉ်ဆွမ်းလုပ်ကျွေးရန် စီစဉ်ပေးသည့်အပြင် မိမိရသည့် ဥစ္စာဖြင့်လည်း လှူဒါန်း၍ သီလဆောက်တည်ခဲ့သဖြင့် ဤဗိမာန်ရှင်ဖြစ်လာရသည်။

ထိုမှတစ်ဆင့် မာတလိနတ်သားသည် ရထားကိုဆက်လက်နှင်ခဲ့ရာ သောဏဒိန်ဘုံ၊ ဖလိကဝိမာနဗိမာန်၊ ဝေဠုရိယဝိမာနဗိမာန်၊ ဒုတိယဖလိကဝိမာနဗိမာန်၊ တတိယဖလိကဝိမာနဗိမာန်၊ ဒုတိယဝေဠုရိယဝိမာနဗိမာန်၊ ကဥ္စနဝိမာနဗိမာန်၊ အာကာသဋ္ဌဝိမာနဗိမာန်၊ စတုမဟာရာဇ်ဘုံများသို့ ရောက်ရှိပြီးသည်နောက် တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိလေသည်။

သောဏဒိန်ဘုံ၌ စံစားနေသော နတ်သားသည် ကဿပဘုရားလက်ထက်၌ သူကြွယ်ဖြစ်ပြီး ဥပုသ်သီတင်းနေ့တိုင်း ဆောက်တည်ခဲ့၍ ဤစည်းစိမ်ကို ရရှိခြင်းဖြစ်သည်။ ဖလိကဝိမာန ဗိမာန်သည်နတ်သမီးများစံရာ ဘုံဖြစ်ပြီးအမြင့် ၂၅ ယူဇနာရှိ၍ ရတနာခုနစ်ပါး ခြယ်လှယ်လျက် ဖလ်သားအတိ ဘုံနန်းဖြစ်သည်။

ထိုနတ်သမီးများသည် ကဿပဘုရားရှင် လက်ထက်တော်၌ ဗာရာဏသီပြည်မှ သူငယ်ချင်းတစ်စုဖြစ်ပြီး သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနအတူစီမံပြုလုပ်ခြင်း၊ ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းစသည့် ကောင်းမှုကုသိုလ်များကြောင့် ဤသို့စံစားနေကြရခြင်းဖြစ်သည်။ ဝေဠုရိယဝိမာနဗိမာန်သည် ကျောက်မျက်ရွဲ၊ မြပုလဲမျက်ရှင်တို့ ထွန်းတောက်လျက်ရှိပြီး နတ်သမီးပေါင်းများစွာ ခြံရံလျက် နတ်သားနတ်သမီးအစုံတို့ စံမြန်းရာဗိမာန်ဖြစ်သည်။ ထိုနတ်သား နတ်သမီးတို့သည် ကဿပဘုရားရှင်လက်ထက်တော်က အတူစုပေါင်း၍ ရတနာသုံးပါးကိုဆည်းကပ်ခြင်း၊ သံဃာတော်များအား ဝတ္ထုပစ္စည်းဆွမ်းသင်္ကန်းလှူဒါန်းခြင်း၊ ရေကန်၊ ရေတွင်း၊ ဇရပ်ဆောက်လုပ်ခြင်း စသည့်ကောင်းမှုတို့ကို ပြုခဲ့ကြသူများဖြစ်သည်။ ဒုတိယဖလိကဝိမာနဗိမာန်သည် ဖလ်နန်းဗိမာန်ကြီးဖြစ်ပြီး ရတနာများအပြည့်ဖြင့် မွေးထုံသောပန်းဥယျာဉ် ခြံရံလျက်ရှိသည်။ ထိုဗိမာန်၌ စံမြန်းနေသောနတ်သားသည် ကဿပဘုရားရှင် လက်ထက်တော်က မိတ္ထိလာပြည်မှ သူကြွယ်ဖြစ်ပြီး သီတင်းသီလဆောက်တည်ပြီး ရဟန်းတို့အား ပစ္စည်းပရိက္ခရာနှင့် ကျောင်းကန်လှူဒါန်းခဲ့သူဖြစ်သည်။ ဖလ်အတိပြီး၍ ရေကန်ဥယျာဉ်နှင့်တကွ ရတနာခုနစ်ပါးခြယ်လှယ်အပ်သော တတိယဖလိကဝိမာန ဗိမာန်ရှင်သည် ကဿပဘုရားလက်ထက်က မိတ္တိလာပြည်မှ သူကြွယ်ဖြစ်သည်။ ရဟန္တာတို့အား ဥယျာဉ်၊ ရေကန်၊ စောင်းတန်း စသည်များကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဝေဠုရိယကျောက်မျက်ရတနာများဖြင့် ရွှန်းလင်းတောက်ပသော ဒုတိယဝေဠုရိယဝိမာန ဗိမာန်ရှင်သည် ကဿပဘုရားလက်ထက် သူကြွယ်ဘဝက ကံ၊ ကံ၏အကျိုးကို ယုံကြည်လျက် သံဃာတော်များအား လှူဒါန်းခဲ့သောအကျိုးကို စံစားနေသူဖြစ်သည်။ ရွှေစင်အတိပြီးသော ကဥ္စနဝိမာနဗိမာန်ရှင်သည် ကဿပဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှ သူကြွယ်ဖြစ်ပြီး ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဆောက်လုပ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းတို့ပြုခဲ့သူဖြစ်သည်။ အာကာသဋ္ဌဝိမာနဗိမာန်သည် လျှပ်စစ်ပြက်သကဲ့သို့ ဝင်းလက်သောပြာသာဒ် ဗိမာန်ကြီးဖြစ်ပြီး စံမြန်းသည့်ဗိမာန်ရှင်သည် ကဿပဘုရားလက်ထက်တော်က ရဟန်းသာမဏေပြု၍ သာသနာတော်ကို ချီးမြှောက်ကာ သီလဘာဝနာဖြည့်ဆည်းခဲ့သူဖြစ်သည်။ စတုမဟာရာဇ်ဘုံသည် ဘုန်းတန်ခိုးကြီးသော နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ရက္ခိုုသ်တို့၏ သေနင်းနတ်မင်းကြီး လေးပါးပျော်စံရာဌာနဖြစ်သည်။

မာတလိနတ်သားသည် သုဒဿနမြို့အရှေ့မျက်နှာ စိတ်တကုဋ္ဌ တံခါးမှ ဝင်လေသည်။ ထိုတံခါးတန်ဆောင်း၌ထားသော သိကြားရုပ်များကို နေမိမင်းကြီးအားပြသလေသည်။ ရှေးသောအခါ လူ့ပြည်မဂဓရာဇ်တိုင်း မဇလရွာမှမာဃလုလင်နှင့် အပေါင်းအဖော် သုံးကျိပ်တို့သည် ကုသိုလ်ကံကြောင့် သိကြားမင်းဖြစ်လာ၏။ ရှိနှင့်ပြီးသော သိကြားမင်းအဟောင်းနှင့် မြို့ကိုထက်ဝက်စီခွဲ၍ အုပ်ချုပ်ကြ၏။ သိကြားမင်းအဟောင်းသည် ကာမဂုဏ်ကျူး၍ ယစ်မူးမေ့လျော့သဖြင့် နတ်ပရိသတ်နှင့်တကွ မာဃသိကြားတို့က တွန်းဖယ်ခဲ့ရာ မြင်းမိုရ်တောင်ခြေ၌ အသုရာပြည်ကိုတည်လေသည်။

ထိုမာဃသိကြားမင်းသည် လူဘဝက သုဇာတာ၊ သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာဟူသော ခင်ပွန်း လေးဦးရှိသည်။ အငယ်သုံးယောက်သည် ဥယျာဉ်ဇရပ်တန်ဆောင်း ကောင်းမှုကြောင့် နတ်မင်းနှင့်အတူ မရှေးမနှောင်းပင် တာဝတိံသာနတ်ပြည်၌ နတ်မိဖုရားဖြစ်လာကြသည်။ သုဇာတာမိဖုရားကြီးသည် ကောင်းမှုတို့ကို မေ့လျော့ခဲ့သဖြင့် စုတေလျှင် ဥဗျိုင်းမဖြစ်ခဲ့ရသည်။ သိကြားမင်း၏ စောင်မမှုကြောင့် ဥဗျိုင်းအဖြစ်မှ လူ့ပြည်တွင် သူဆင်းရဲမ၊ ထိုမှတစ်ဆင့် အသုရာပြည်၌ အသုရာနတ်သမီး ဖြစ်လေသည်။

*ဆက်လက်ဖော်ပြပါမည်*

**လူ့ဘဝက တံငါသားထိုးလုပ်ကိုင်ကြ၍ ငရဲထိန်းတို့က ငရဲသူတို့အား ရဲရဲတောက်သော သံကြိုးဖြင့် ချည်၍ လက်နက်တို့ဖြင့် ထိုးခုတ်သဖြင့် ငရဲကျခံရသူတို့ မသေမရှင် ခံစားရသည့်အသားစုငရဲသို့ ရောက် ပြန်သည်။ ထို့နောက်ရွံ့ဖွယ်အတိဖြစ်သော အညစ်အကြေးမစင်တို့ကို စားသောက်ခြင်းဖြင့် ငရဲခံနေကြရသော ကျင်ကြီးကျင်ငယ်တွင်း ငရဲသို့ရောက်ပြန်သည်။ ထိုသူတို့သည် လူ့ဘဝက အမှု မရှိသူကိုအမှုရှာ၊ အမှုရှိသူကို မျက်နှာသာပေး၍ အဂတိလိုက်စားသူများဖြစ်ကြသည်**

# ရေဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်ပွဲ တက်ရောက်




ဟင်္သာတ ဇူလိုင် ၂

ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၉ ရက် နံနက်ပိုင်းက ဟင်္သာတမြို့ ရွှေဟင်္သာတံတားဆိပ်တွင် ပြုလုပ်သည့် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ (ယာပုံ)

**ငါးမျိုးများစိုက်ထည့်**

ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးမျိုးပြုန်းတီးခြင်းနှင့် ရေသယံဇာတ ပျက်စီးခြင်းမှ ကာကွယ်တားဆီးရန်နှင့် ဒေသခံပြည်သူများ ငါးရိက္ခာကို ပိုမိုဖမ်းယူစားသုံးနိုင်ပြီး လူနေမှုဘဝ တိုးတက်လာစေရန်ရည်ရွယ်၍ ငါးမျိုးများ စိုက်ထည့်လျက်ရှိသည်။

အခမ်းအနားတွင် ဟင်္သာတငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သည့် နှစ်လက်မအောက်ခံ အရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ် ကွပ်ကဲရေးကော်မတီဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဟင်္သာတ ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများက ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝါးကတုတ်ဆည်အတွင်း ငါးသားပေါက် ၂၅၀၀၀၀ စိုက်ထည့်

ပဲခူး ဇူလိုင် ၂

**ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ပဲခူးမြို့နယ်ရှိ ဝါးကတုတ်ဆည်အတွင်း၌ ဇူလိုင် ၂ ရက်တွင် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ပြုလုပ်သည်။ (ယာပုံ)**




အဆိုပါငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးတင်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ပဲခူးငါးလုပ်ငန်းစခန်း တာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ဝါးကတုတ်ဆည် အတွင်းသို့ ပဲခူးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်တောင်ပေါ် ငါးသလောက်ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ အပါအဝင် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ ငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်(၂၁)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ယနေ့ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေး ကွင်း(၁)နှင့် ကွင်း(၃)တို့၌ အုပ်စု (က)နောက်ဆုံးပွဲစဉ် ဖြစ်သော ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကရင်ပြည်နယ် အသင်းက ခြောက်ဂိုး- တစ်ဂိုးဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ရခိုင် ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး အသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်ပွဲစဉ်သို့ ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီးအသင်းတို့ တက်ရောက်သွားကြောင်း သိရှိရသည်။

ထို့အတူ ဇူလိုင် ၃ ရက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၃)၌ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေး ကွင်း(၁)နှင့် ကွင်း(၃)တို့၌ မွန်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ မကွေးတိုင်း ဒေသကြီး အသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရှမ်းပြည်နယ် သမဝါယမမိသားစု စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၂**

၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် (၉၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်သမဝါယမမိသားစုက စုပေါင်းသစ်ပင်စိုက်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း/ အရှေ့ပိုင်း ) သမဝါယမအသင်းစုချုပ်ပိုင် "Ayetharyar Co-op Hospital" နှင့် တောင်ကြီးမြို့နယ် ကွမ်းလုံကျေးရွာအုပ်စု ရေပူကျေးရွာရှိ စိုက်ပျိုးရေးခြံတို့တွင် ကျင်းပရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနဦးစီးမှူးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌတို့က သစ်ပင်များ စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသစ်ပင်စိုက်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်သမဝါယမ ဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း/ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်မှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး ခါတော်မှီ၊ မဟော်ဂနီ၊ စိန်ပန်းနီ၊ ယူကလစ်၊ ကံ့ကော် အစရှိသည့် သစ်ပင်မျိုးစိတ် ၂၂ မျိုး၊ သစ်ပင်ပေါင်း ၇၃၈ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ ဇလ**

# ပျူခေတ် မြေမီးဖုတ်ရုပ်ကြွများ

ကျော်မျိုးဝင်း (ရှေးဟောင်းသုတေသန)

**ပျူခေတ်တွင် ဘာသာရေးအဆောက်အအုံများဖြစ်သည့် စေတီများ၊ ပုထိုးများ စသည့်သာသနိကအဆောက်အအုံများ တည်ဆောက်ရာတွင် အဆောက်အအုံ၏ အဆင်တန်ဆာအဖြစ် မြေမီးဖုတ်ရုပ်ကြွများကို လှပတင့်တယ်စွာပြုလုပ်၍ အဆောက်အအုံ၏ ဘေးဘက်နံရံများတွင် တပ်ဆင်လေ့ရှိသည်ကို တူးဖော်သုတေသနတွေ့ရှိချက်များအရ သိရှိရပါသည်။ ဤကဲ့သို့ စတင်ပြုလုပ်တတ်လာသည်မှာ ပျူခေတ်အစောပိုင်းကာလထက် ပျူခေတ်အလယ်ပိုင်းကာလ ဘာသာသာသနာအားကောင်းလာသည့်အချိန်တွင် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗိဿနိုးမြို့ဟောင်း၏ တူးဖော်တွေ့ရှိချက်များတွင် ဘာသာရေးအဆောက်အအုံများ ရှိသော်လည်း ယင်းနှင့်ယှဉ်တွဲ၍ မြေမီးဖုတ်ရုပ်ကြွများကို တွေ့ရှိရမှုမှာ အလွန်နည်းပါးပါသည်။**





### ရုပ်တုရုပ်ကြွနှင့် အလှဆင်မှု မရှိ

ဗိဿနိုး၌ ရုပ်တုရုပ်ကြွနှင့်ပတ်သက်၍ တွေ့ရှိရသည့် နန်းတော်ဝင်ပေါက် တစ်ဖက်တစ်ချက်တွင် သဲကျောက်နှင့် ထွင်းထုထားသည့် ကြီးမားသော ခြေထောက်အပိုင်းအစ နှစ်ဖက်မှလွဲ၍ မည်သည့်အရာမျှ မတွေ့ရှိရပေ။ နန်းတော်ရာတူးဖော်မှု ကုန်းအမှတ် KKG–5 မှ ဆရာကြီးများ၏ ယူဆချက်အရ မြေဖြင့်ပြုလုပ်ထားသည့် ကိန္နရီရုပ်တုလေးမျှသာ တွေ့ရှိရပါသည်။ ဤတွေ့ရှိမှုကို လေ့လာခြင်းအားဖြင့် ဗိဿနိုးသည် အရိုးများကိုသာ မြေဖြင့် အထူးတလည် ဖန်တီးပြုလုပ်ခဲ့ကြပြီး အဆောက်အအုံများတွင် ရုပ်တုရုပ်ကြွနှင့် အလှဆင်မှု မရှိသလောက်ကို နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

### မြင်းစီးယောကျ်ားရုပ် မြေမီးဖုတ်ရုပ်ကြွ

မြေမီးဖုတ်ရုပ်ကြွနှင့်ပတ်သက်၍ မိုင်းမောမြို့ဟောင်း(ပင်လယ်)၏ တူးဖော်တွေ့ရှိမှုမှာ အံ့သြစရာပင်ဖြစ်ပါသည်။ မိုင်းမောမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်–၇ မှ မြင်းစီးယောကျ်ားရုပ် မြေမီးဖုတ်ရုပ်ကြွ တစ်ချပ် ရရှိခဲ့ပါသည်။ အဆိုပါရုပ်ကြွတွင် ပါဝင်သည့် မြင်းစီးယောကျ်ားသည် မြင်းစီးရာတွင်ပါဝင်သည့် မြင်းကုန်းနှီးနှင့် ခြေနင်းကွက်များမပါဘဲ ကျွမ်းကျင်လိမ္မာစွာ စီးနေသည့်ပုံပင်ဖြစ်ပါသည်။ ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားပြီး နားတွင် ကြီးမားသည့် နားပန်ကြီးကိုလည်း ဝတ်ဆင်ထားကြောင်း တွေ့ရှိရပါသည်။

ညာဘက်ပခုံးပေါ်တွင် တင်ထားသည့် မြင်းစီးယောကျ်ား၏ နောက်ကျောဘက်တွင် လေလွင့်လျက်ရှိပြီး မြင်းစီးယောကျ်ား၏ အောက်ပိုင်းတွင် ခါးဝတ်ပုဆိုးမျိုးကို ခါးတောင်းကျိုက်ထားသည့်ပုံစံ တွေ့ရှိရပါသည်။ ဆန့်တန်းထားသည့် ညာလက်မှာ မာန်ပါပါ ဓားလွတ်တစ်စင်းကို ဆုပ်ကိုင်ထားပါသည်။ ထို့ကြောင့် မြေမီးဖုတ်ရုပ်ကြွသည် မိုင်းမောပျူများ၏ အထူးသဖြင့် စစ်သည်ယောကျ်ားများ၏ ဝတ်စားဆင်ယင်မှု၊ မြင်းကို ချုပ်ဝတ်တန်ဆာမပါဘဲ စီးနိုင်မှုနှင့် မည်သို့သော လက်နက်များကို အသုံးပြု၍ တိုက်ခိုက်ကြကြောင်း ပြန်လည်ပုံဖော်နိုင်ပါသည်။

ထို့ပြင် မိုင်းမောကုန်းအမှတ်–၇ မှ ဘဒ္ဒပီဌ အမှတ်လက္ခဏာပုံဖော်ထားသည့် မြေမီးဖုတ်အုတ်ချပ်များကို ရရှိခဲ့ပါသည်။ မိုင်းမော(ပင်လယ်) ကုန်းအမှတ်–၂၀ ကို ၂၀၁၉ ခုနှစ်တွင် တူးဖော်သည့်အခါ မြေမီးဖုတ်ရုပ်ကြွမှာ မကျိုးမပဲ့ဘဲ အဆောက်အအုံတွင် မူလအတိုင်း တပ်လျက်သား အကောင်းပကတိများနှင့် အုတ်ခဲကျိုးပုံထဲမှ မြေမီးဖုတ်အရုပ် အပိုင်းအစများကို များစွာတွေ့ရှိခဲ့ပါသည်။ အမျိုးအစားခွဲခြားကြည့်သည့်အခါ လေးမျိုး တွေ့ရှိရပြီး အတိုင်းအတာများ မတူညီသကဲ့သို့ ပါဝင်ဖွဲ့စည်းထားသည့် ရုပ်လုံးရုပ်ကြွတို့မှာလည်း ကွဲပြားကြပါသည်။ ပထမအမျိုးအစားအနေဖြင့် တူးဖော်တွေ့ရှိရသည့် အဆောက်အအုံကြီးတွင် ကပ်လျက်တန်ဆာဆင်ထားသည့် ရုပ်ကြွများပင်ဖြစ်ပါသည်။ ထိုရုပ်ကြွများကို လေ့လာကြည့်ရာ ခြေလေးချောင်းရှိသော သတ္တဝါတစ်ကောင်အား လူကစီးပြီး ဘယ်ဘက်လက်ထဲတွင် သံလျက်လိုလို၊ ဓားမောက်ချွန်လိုလို လက်နက်ကို စွဲကိုင်လျက် ဟန်ရေးပြနေဟန်ဖြစ်ပါသည်။ ညာဘက်လက်တွင် ဘယ်ဘက်လက်ကဲ့သို့ လေထဲမြှောက်လျက် မည်သည့်လက်နက်မျှ စွဲကိုင်ခြင်းမရှိပေ။ ထိုပုံသဏ္ဌာန်မှာ အတော်ပင်တက်တက်ကြွကြွရှိ၍ ရင်ဘတ်နှင့် ကျောဘက်တွင် ရင်စီးပဝါကို စီးထားပြီး ရင်စီးစနှစ်စမှာလည်း လေထဲသို့ ပျံဝဲနေပါသည်။ ခြေထောက်များသည် အောက်သို့ တွဲလောင်းချထားခြင်းမျိုး မဟုတ်ဘဲ မိမိစီးနေသည့် သတ္တဝါ၏ လည်တံအဆုံး ရှေ့သို့ဖြောင့်တန်းစွာ ဆန့်တန်းထားပုံမှာ မာန်အပြည့်၊ အရှိန်အဟုန်အပြည့် ဆိုသည့် အဓိပ္ပာယ်မျိုး ပေါ်ပေါက်နေကြောင်း ဖော်ပြနိုင်ပါသည်။

### အမွေးဆံများ ဖြာထွက်

သတ္တဝါ၏ ဝမ်းဗိုက်အောက်တွင် ခြေနင်းကွင်း ချုပ်ဝတ်တန်ဆာ တစ်စုံတစ်ရာမပါရှိဘဲ လူ၏ဦးခေါင်းပိုင်းတွင် ခေါင်းပေါင်း သို့မဟုတ် ခေါင်းဆောင်းပါရှိပါသည်။ နားတွင် နားတောင်းများ ဝတ်ဆင်ထားပါသည်။ ယင်းစီးနင်းထားသည့် သတ္တဝါမှာ မည်သည့်သတ္တဝါတစ်ကောင်ဖြစ်ကြောင်း အချက်တစ်ချက်ချင်းစီဖြင့် သက်သေပြ၍ ခွဲခြမ်းစိတ်ဖြာ လေ့လာဖော်ပြသွားမည်ဖြစ်ပါသည်။ မြေမီးဖုတ်ရုပ်ကြွတွင် ပါရှိသည့် ခြေလေးချောင်းသတ္တဝါကို လေ့လာကြည့်ရာတွင် သာမန်အားဖြင့် မြင်းသတ္တဝါဖြစ်နိုင်သည်ဟု ထင်မြင်ချက်ပေးကြသော်လည်း မြင်းသတ္တဝါဖြင့် မတူသည့် အချက်များကို များစွာတွေ့ရှိရပါသည်။ ပထမအချက်အနေဖြင့် ဖော်ပြရလျှင် ဦးခေါင်းပိုင်းအကြောင်းပင် ဖြစ်ပါသည်။ မြင်းသတ္တဝါပုံသဏ္ဌာန် မဟုတ်ဘဲ နှုတ်သီး၊ ပါးစပ်၊ နားရွက်တို့မှာ လုံးဝကွဲပြားလျက်ရှိပါသည်။ လည်တံမှ လည်ဆံမွေး သဏ္ဌာန်အရာများအား ပုံဖော်ထားသည်မှာ ခြင်္သေ့ သို့မဟုတ် တိုးနယား ကဲ့သို့သော ဒဏ္ဍာရီလာသတ္တဝါ (Mythical animal) ၏ ဦးခေါင်းပိုင်းနှင့် ပို၍ဆင်တူပါသည်။ ဒုတိယအနေဖြင့် ခန္ဓာကိုယ်ပိုင်းကို လေ့လာကြည့်ရာ သတ္တဝါ၏ ကိုယ်လုံးကိုယ်ထည်သည် မြင်းသတ္တဝါ၏ ကိုယ်လုံးကိုယ်ထည်ထက် ပိုမိုဖြောင့်တန်းနေကြောင်း တွေ့ရှိရပါသည်။ တတိယအနေဖြင့် သတ္တဝါ၏ ခြေနှင့်လက်များကို လေ့လာကြည့်ရာ မြင်းတစ်ကောင်၏ ခြေနှင့်လက်တို့ထက် ပို၍ တိုတောင်းနေပါသည်။ ခွာနေရာတွင် ခွာမပါရှိဘဲ လက်သည်း၊ ခြေသည်းပါရှိသည့် ခြေချောင်းနှင့် လက်ချောင်း သုံးချောင်းစီကို တွေ့ရှိရပါသည်။ စတုတ္ထအနေဖြင့် သတ္တဝါ၏ အမြီးပိုင်းကိုလေ့လာကြည့်ရာ မြင်းတစ်ကောင်၏ အမြီးကဲ့သို့ အမြီးရင်းကနေ အလုံးစုံဖြာထွက်ခြင်း မရှိပေ။ အမြီးစတင်ထွက်ရှိသည့်နေရာသည် အသားစားသတ္တဝါများ၏ အမြီးထွက်ရှိသည့် ပုံသဏ္ဌာန်အတိုင်း အမြီးထိပ်ဖျားရောက်မှသာ အမွေးဆံများ ဖြာထွက်ပါသည်။

ထို့ကြောင့် အထက်ပါလေ့လာချက်များ အပေါ်မူတည်၍ အဆိုပါ လူစီးနေသည့် သတ္တဝါရုပ်ကြွသည် မြင်းမဟုတ်သည်မှာ သေချာသလောက်ရှိပါသည်။ မြင်းတစ်ကောင်ထက် ခြင်္သေ့ကဲ့သို့ သတ္တဝါမျိုးကို အခြေခံရုပ်လုံးဖော်ထားသည့် ဒဏ္ဍာရီလာသတ္တဝါဟုပင် ယူဆနိုင်ပါသည်။ အဆိုပါ ရုပ်ကြွများကို “မို” စနစ်ဖြင့် ပြုလုပ်ထားပြီး အတိုင်းအတာမှာ အလျား ၁၃ လက်မ၊ အနံ ၃ လက်မခွဲရှိပါသည်။ ထိုရုပ်ကြွများကို မိုင်းမောတူးဖော်မှုကုန်းအမှတ်–၂၀ အဆောက်အအုံကြီးတွင် အကောင်းပကတိ တပ်ဆင်လျက် မူလအနေအထား၊ မူလအုတ်စီး အုတ်နင်းအတိုင်း ၁၀ ချပ် ရရှိခဲ့ပါသည်။ ထို့ပြင် အုတ်ခဲကျိုးရောမြေလွှာ (Debries Layer) မှာ မကျိုးမပဲ့ဘဲ အပြည့်အစုံ ရှစ်ချပ်ရရှိခဲ့ပြီး ယခုအခါ အမျိုးသားပြတိုက် (နေပြည်တော်)ရှိ ပျူအမွေအနှစ်ပြခန်းတွင် ပြသထားပါသည်။ အကျိုးအပဲ့အနေဖြင့် ၁၉ ခု ရရှိခဲ့ပါသည်။

### “မို”စနစ်ဖြင့် ပြုလုပ်ထား

ဆက်လက်ဖော်ပြလိုသည်မှာ ထူးထူးခြားခြား ရုပ်ကြွတစ်ခုအကြောင်းပင် ဖြစ်ပါသည်။ ၎င်းရုပ်ကြွမျိုးကို မည်သည့်မြို့ဟောင်းမှာမျှ မတွေ့ရှိရသေးပေ။ ဆက်လက်၍ မိုင်းမောမြို့ဟောင်း ကုန်းအမှတ်–၂၀ မှ တွေ့ရှိရသည့် မြေမီးဖုတ်ရုပ်ကြွ ဒုတိယအမျိုးအစား အကြောင်းပင်ဖြစ်ပါသည်။ ထိုရုပ်ကြွကို အုတ်ခဲကျိုးရောမြေလွှာ (Debries Layer) အတွင်း တွေ့ရှိရပြီး အဆောက်အအုံ၏ မည်သည့်အစိတ်အပိုင်းတွင် အလှဆင်ကြောင်း တိတိကျကျ မသိရှိရပေ။ ဤမြေမီးဖုတ်ရုပ်ကြွ၏ ပြုလုပ်မှုပုံသဏ္ဌာန်မှာ ထူးဆန်းသည်ဟု ဆိုနိုင်ပါသည်။ အခြားသော ပျူမြို့ဟောင်းများတွင် မတွေ့ရှိရသေးပေ။ မြေမီးဖုတ်ရုပ်ကြွများကို အုတ်ချပ်၏ မျက်နှာပြင်ပြားလိုက်ပေါ်တွင်သာ အများဆုံး ပြုလုပ်ကြပါသည်။ သို့သော် ယခုတွေ့ရှိရသည့် ရုပ်ကြွမှာ ထိုကဲ့သို့မဟုတ်ဘဲ အုတ်ချပ်၏ထုမျက်နှာပြင်တွင် “မို”စနစ်ဖြင့် ပြုလုပ်ထားပါသည်။ ထို့ကြောင့် ထိုရုပ်ကြွကို အဆောက်အအုံတွင် တပ်ဆင်အသုံးပြုမည်ဆိုပါက ရုပ်ကြွပေါ်လွင်ရန်အတွက် ထောင်လိုက်အနေအထားနှင့် တပ်ဆင်ရမည်ဖြစ်သည်။

အရွယ်အစားအားဖြင့် အလျား ၁၂ လက်မ၊ အနံ ၁၂ လက်မနှင့် ထု ၄ လက်မ ဖြစ်ပါသည်။ ၁၂ လက်မ ပတ်လည်ဆိုသော်လည်း ရုပ်ကြွပုံဖော်ထားသည့် ထုထည်အနားသည် အနည်းငယ်မျှ စွေစောင်းစောင်းဖြစ်နေပြီး ရုပ်ကြွ၏အောက်ခြေပိုင်းသည် အနည်းငယ်တိုသယောင် တွေ့ရှိရသည်။ ရုပ်ကြွ၏ ပုံသဏ္ဌာန်မှာ လွန်စွာလက်ရာမြောက်ပြီး ဦးခေါင်းပိုင်းမှ ရင်အုပ်ပိုင်းအထိ မွမ်းမံခြယ်မှုန်းထားပါသည်။ ဦးခေါင်းပိုင်းသည် ဒဏ္ဍာရီလာ သတ္တဝါ (Mythical animal) ၏ အသွင်သဏ္ဌာန်ဖြစ်ပြီး လည်ဆံမွေးများအား ကနုတ်ပန်းကောက်ကြောင်းပုံသဏ္ဌာန် ပုံဖော်ထားပါသည်။ မျက်နှာအမူအရာဟန်ပန်မှာ ခြင်္သေ့ သို့မဟုတ် တိုးနယား၏ မျက်နှာပေါက်မျိုး ပေါ်လွင်နေပါသည်။ မျက်လုံးနှင့်နှုတ်သီးမှာ ခြင်္သေ့အနွယ် သတ္တဝါနှင့် ပို၍ဆင်တူပါသည်။ မျက်စိဖွင့်လျက် ရှေ့သို့ကြည့်နေဟန်ဖြစ်ပြီး လည်ပင်းတွင်လည်း လည်ဆွဲရတနာကို ဝတ်ဆင်ထားပါသည်။ ခန္ဓာကိုယ်မှာ မတ်တတ်ရပ်လျက် လက်နှစ်ဖက်ကို ပတပ်ရပ်မြှောက်ထားဟန် ဖြစ်ပါသည်။ ခြေနှစ်ချောင်းတွင် အပေါ်ပိုင်းခန္ဓာကိုယ်မှာ ဟန်ချက်ညီအောင် ထိန်းထားရသည့် ပုံစံမျိုးဖြစ်သည်။ ရုပ်ကြွတစ်ခုလုံးကို ခြုံကြည့်ပါက ဦးခေါင်းပိုင်းနှင့် ရင်အုပ်ပိုင်းအား အသေးစိတ် မွမ်းမံပြင်ဆင်ထားပြီး ခန္ဓာကိုယ်အောက်ပိုင်းတွင်မူ ရိုးရှင်းစွာပြုလုပ်ထားပါသည်။ ဤရုပ်ကြွများကို အကောင်းအတိုင်း ကိုးခုတွေ့ရှိရပြီး အကျိုးအပဲ့များအနေဖြင့် စုစုပေါင်း အခု ၂၀ တွေ့ရှိရပါသည်။

*စာမျက်နှာ ၂၃ သို့*

**❂ မြေမီးဖုတ်ရုပ်ကြွနှင့်ပတ်သက်၍ မိုင်းမောမြို့ဟောင်း(ပင်လယ်)၏ တူးဖော်တွေ့ရှိမှုမှာ အံ့သြစရာပင်ဖြစ်ပါသည်။ မိုင်းမောမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်-၇ မှ မြင်းစီးယောကျ်ားရုပ် မြေမီးဖုတ်ရုပ်ကြွ တစ်ချပ်ရရှိခဲ့ပါသည်။ အဆိုပါရုပ်ကြွတွင် ပါဝင်သည့် မြင်းစီးယောကျ်ားသည် မြင်းစီးရာတွင်ပါဝင်သည့် မြင်းကုန်းနှီးနှင့် ခြေနင်းကွက်များမပါဘဲ ကျွမ်းကျင်လိမ္မာစွာ စီးနေသည့်ပုံပင်ဖြစ်ပါသည်။ ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားပြီး နားတွင် ကြီးမားသည့် နားပန်ကြီးကိုလည်း ဝတ်ဆင်ထားကြောင်း တွေ့ရှိရ**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဆင်းပွဲသို့ တက်ရောက်

ပဲခူး ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇွန် ၃၀ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည့် တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။



ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ယခု ဖွင့်လှစ်သင်ကြားပေးသည့် သင်တန်းသည် ပြည်ပသွင်းကုန် အစားထိုး ဒေသထွက်သီးနှံ ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး သင်တန်းဖြစ်ပြီး လက်တွေ့မှာလည်း မိသားစုများ၏ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားတတ်မြောက်သည့် တန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာများကို မိမိတို့၏ လူမှုပတ်ဝန်းကျင်တွင်လည်း အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် သုတေသန လုပ်ငန်းများကိုလည်း တွဲဖက်ဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ သုံးစွဲသူပြည်သူများအနေဖြင့် အန္တရာယ်ကင်းရှင်းပြီး သက်သာသော နှုန်းထားဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ကျယ်ပြန့်စွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သင်တန်းသူများ ကိုယ်စား ဒေါ်မင်းမင်းစိုးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသူ ဒေါ်အေးငြိမ်းဆုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ သင်တန်းသူတစ်ဦးက သင်တန်းတွင် ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် သင်တန်း၌ လက်တွေ့ဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

အဆိုပါ သင်တန်းကို တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးဆောင်၍ ဇွန် ၂၁ ရက်မှ ဇွန် ၃၀ ရက်အထိ သင်တန်းသူ ၂၀ ကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းနှင့် Product၊ Quality Control၊ Packaging တို့ကိုပါ သင်ကြားပေးခြင်း ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကသာမြို့၌ သစ်ပင်စိုက်ပွဲတော် ကျင်းပ

ကသာ ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၁ ရက်က ကသာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးကျောင်းအုပ်၊ နည်းပြများနှင့် သင်တန်းသူများ စုပေါင်း၍ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးသည်။

အလားတူ တစ်နေ့တည်းမှာပင် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေးနှင့် ပင်လည်ဘူးမြို့နယ်များရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ခန္တီး၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် စဉ့်ကူးမြို့နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းများတွင်လည်း ရတနာတန်းဝင်အပင် ၅၀၀၊ အရိပ်ရလေကာပင် ၁၃၀ နှင့် နှစ်ရှည်သီးနှံပင် ၂၅၀ တို့ကို စိုက်ပျိုးကြကြောင်း မြို့နယ်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်းအုပ်ကြီး ဒေါ်ကေခိုင်မြင့်ဝင်းထံမှ သိရသည်။

**လှအောင်(ကသာ)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန သင်တန်းကျောင်းများတွင် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

တောင်ကြီး ဇူလိုင် ၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ရှမ်းပြည်နယ်ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းများရှိ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ သင်တန်းသူများအနေဖြင့် သစ်ပင်နှင့် သစ်တော၏ တန်ဖိုးကို နားလည်ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန်ရည်ရွယ်၍ ရှမ်းပြည်နယ်ဦးစီးမှူးရုံး တောင်ကြီး ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း လားရှိုး၊ နမ့်ဆန်၊ ကွမ်းလုံ၊ လောက်ကိုင်၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွယ်မွေ၊ ပင်လုံ၊ ပင်လောင်း၊ ပင်းတယ၊ ဆိုက်ခေါင်၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ကွတ်ခိုင်၊ လောက်ကိုင်နှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း လားရှိုး၊ မူဆယ်၊ လောက်ကိုင်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ ကွန်ဟိန်း စုစုပေါင်း သင်တန်းကျောင်း ၂၀ ကျောင်း၌ ဇူလိုင် ၁ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သက်ဆိုင်ရာကျောင်းအလိုက် ကျင်းပကြသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင် ၄၅၀၊ နှစ်ရှည်ပင် ၃၅၀၊ အရိပ်ရ လေကာပင် ၄၅၀ စိုက်ပျိုးကြောင်း သိရသည်။

**ကိုယ်ပွား (တောင်ကြီး)**

*စာမျက်နှာ ၂၂ မှ*

မိုင်းမောမြို့ဟောင်း ကုန်းအမှတ်-၂၀ မှ တူးဖော်ရရှိခဲ့သည့် မြေမီးဖုတ်ရုပ်ကြွများမှ တတိယအမျိုးအစားမှာ မြေမီးဖုတ်ရုပ်ကြွများ တွေ့ရှိရသမျှထဲတွင် အတိုင်းအတာအားဖြင့် အကြီးမားဆုံးဖြစ်ပါသည်။ ရုပ်ကြွများမှာ အကောင်းအတိုင်း အပြည့်အစုံမရရှိဘဲ အပိုင်းအစ အကြီး၊ အလတ်၊ အငယ် စသည်ဖြင့်သာ တွေ့ရှိရပါသည်။ သို့သော် ရုပ်ပုံပါ ရုပ်လုံးရုပ်ကြွမှာ လက်ရာမြောက်လှသည့် ကနုတ်ပန်းများကို တစ်ဖက်တစ်ချက်ခြံရံလျက် အလယ်တွင် လူရုပ်ပုံပါရှိပြီး လက်နှစ်ဖက်ကို ရင်အုပ်တွင်ကပ်ကာ လက်နှစ်ဖက်ကြား သို့မဟုတ် လက်၏အနောက်ဘက်မှ ပန်းခက်ပန်းနွယ် သို့မဟုတ် ကြာပန်းဟု ယူဆရသည့် ပန်းပုံနှစ်စုံမှာ ထိုးထွက်လျက်ရှိပါသည်။ လူ၏အောက်ပိုင်းတွင် ခြသေ့်ကဲ့သို့သော သတ္တဝါကို ခွစီးပြီး သတ္တဝါ၏ ဘေးတစ်ဖက်တစ်ချက်သို့ ခြေထောက်ကို တွဲလောင်းချထားပါသည်။ လူရုပ်ပုံနှင့် သတ္တဝါတို့မှာ အရှေ့ဘက်သို့ တည့်တည့်မျက်နှာမူလျက် အနေအထားဖြစ်ပြီး လူ၏ ဦးခေါင်းတွင်မူ ခေါင်းပေါင်းပါရှိပါသည်။ သတ္တဝါသည် မျက်စိဖွင့်လျက်နှင့် အရှေ့ဘက်ကို စူးစူးရှရှကြည့်နေသကဲ့သို့ဖြစ်ပြီး ဦးခေါင်းတွင် သားရေတွန့်နေဟန် အရေးအစင်းများ ထည့်သွင်းထုလုပ်ထားသည်မှာ အသက်ဝင်လှပါသည်။ အတိုင်းအတာအားဖြင့် အကောင်းအတိုင်း ရရှိမည်ဆိုပါက အလျား ၁၆ လက်မခွဲ၊ အနံ ၁၄ လက်မနှင့် ထု ၃ လက်မခန့် ရှိနိုင်ပါသည်။ သို့သော် အပိုင်းအစအားဖြင့် စုစုပေါင်း ၁၃ ခုသာ တွေ့ရှိခဲ့ပါသည်။

### ဗိန္ဒုပြောက်များနှင့် တန်ဆာဆင်ထား

စတုတ္ထအမျိုးအစားအနေဖြင့် တွေ့ရှိခဲ့ရသမျှ မြေမီးဖုတ်ရုပ်ကြွများထဲတွင် အရွယ်အစားအားဖြင့် အငယ်ဆုံးပင်ဖြစ်ပါသည်။ အတိုင်းအတာမှာ အလျား ခုနစ်လက်မခွဲ၊ အနံ ခုနစ်လက်မခွဲနှင့် ထုမှာ နှစ်လက်မခွဲ ဖြစ်ပါသည်။ ရုပ်ကြွပုံသဏ္ဌာန်မှာ လည်ပြန်လှည့်ကြည့်နေသည့် ခြေလေးချောင်းသတ္တဝါဖြစ်ပြီး တိုးနယား သို့မဟုတ် ခြသေ့်နှင့် ခပ်ဆင်ဆင် တူပါသည်။ ဦးခေါင်းပိုင်းသည် နောက်သို့လှည့်သည့်အခါ အပေါ်သို့ အနည်းငယ်မော့နေသယောင်ရှိပါသည်။ လည်ပင်းတွင် လည်ဆွဲပါရှိပြီး ဗိန္ဒုပြောက်များနှင့် တန်ဆာဆင်ထားပါသည်။ ခန္ဓာကိုယ်ထည်မှာ အပေါ်သို့ လေးကိုင်းသဖွယ်ကော့ညွတ်ထားလေဟန် ပုံဖော်ထားပြီး အမြီးပိုင်းကို ပန်းကနုတ်ဟန် ပြုလုပ်ထားပြန်ပါသည်။ ခြေလက်လေးချောင်းအောက်တွင် ပန်းကနုတ်များနှင့် တန်ဆာဆင်ထားပြီး အဆိုပါ ရုပ်ကြွပုံစံတူ အကောင်း နှစ်ခု၊ အကျိုးအပဲ့ နှစ်ခု စုစုပေါင်း လေးခုသာ တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် မိုင်းမော (ပင်လယ်) မြို့ဟောင်းသည် နောက်ကျမှ ရှာဖွေတွေ့ရှိ တူးဖော်သုတေသနပြုလုပ်ခဲ့ရသော်လည်း မြေမီးဖုတ်ရုပ်ကြွ တွေ့ရှိမှုမှာ အံ့ဩစရာပင် ဖြစ်ပါသည်။ သို့သော် သရေခေတ္တရာမှာကဲ့သို့ မြေမီးဖုတ်ရုပ်ကြွများ မပြုလုပ်နိုင်သေးသည်မှာ အသေအချာပင်ဖြစ်ပါသည်။ သရေခေတ္တရာမြို့ဟောင်းတွင် မြေမီးဖုတ်ရုပ်ကြွနှင့် ပတ်သက်၍ အတော်ပင် အောင်မြင်စွာ ထုတ်လုပ်နေပြီဖြစ်ပြီး ရုပ်တုတစ်ခုလျှင် အမြင့်သုံးပေ၊ ဖြက်နှစ်ပေခွဲနှင့် ထုငါးလက်မခန့်အထိ ထုလုပ်နိုင်ကြောင်း သိရှိရပါသည်။ အထူးသဖြင့် ခင်ဘကုန်း အဆောက်အအုံကြီး၏ နံရံဘေးပတ်လည်တွင် တပ်ဆင်လျက် အဆောက်အအုံကို တန်ဆာဆင်ခဲ့ကြောင်း၊ အဆောက်အအုံနံရံတွင် တွယ်ကပ်ကြွင်းကျန်နေကြသည့် ရုပ်တုအောက်ခြေ အပိုင်းအစများမှ ဤမြေမီးဖုတ်ရုပ်ကြွအဆောက်အအုံ၏ မည်သည့်နေရာတွင် တပ်ဆင်ခဲ့ကြကြောင်း တိတိကျကျ သိရှိရပါသည်။ ထို့ပြင် မသီးကျကုန်းနှင့် တူးဖော်မှုကုန်း အမှတ်-၁၉ တို့မှလည်း မြင်းစီးလူရုပ်များ ရရှိခဲ့ပါသည်။ သရေခေတ္တရာမှ ရရှိခဲ့သည့် လူမြင်းစီးရုပ် မြေမီးဖုတ်ရုပ်ကြွသည် အမှန်တကယ် မြင်းကိုစီးနေသည့်ပုံစံပေါ်လွင်နေပြီး မိုင်းမောမြို့ဟောင်းမှ တွေ့ရှိရသည့် မြေမီးဖုတ်ရုပ်ကြွကဲ့သို့ စိတ်ကူးယဉ်ထားသည့် သတ္တဝါအမျိုးအစားမျိုး မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် သရေခေတ္တရာမှရရှိသည့် မြေမီးဖုတ်ရုပ်ကြွများ၏ သရုပ်ဖော်မှုသည် ဘာသာရေးနှင့် သက်ဆိုင်သော ဗုဒ္ဓဝင်ဇာတ်တော်လာ ဇာတ်တော်များ ဖြစ်လာပါသည်။ အဆောက်အအုံကို ရိုးရိုးအလှဆင်ခြင်းမျိုး မဟုတ်တော့ဘဲ အဆောက်အအုံ၏ နောက်ခံသမိုင်းကြောင်း ဘာသာရေးအယူအဆများ ပါဝင်သည့် မြေမီးဖုတ်ရုပ်ကြွများအား အသုံးပြုလာကြပါသည်။ ထိုသို့ ပြုလုပ်ရာတွင် ယောကျ်ားနှင့်မိန်းမ ကွဲပြားအောင် သေချာထုလုပ်ပါသည်။ အမျိုးသမီး ရုပ်တုများ ထုလုပ်ရာတွင် အထူးသဖြင့် ရင်သားပေါ်လွင်အောင် ထုဆစ်ကြကြောင်း သိရှိရပါသည်။ ထို့ကြောင့် သရေခေတ္တရာမှ မြေမီးဖုတ်ရုပ်ကြွများတွင်ပါဝင်သည့် ဇာတ်ကွက်များမှ ရုပ်တုများကို ယောကျ်ား၊ မိန်းမ ခွဲခြားရာတွင် လွယ်ကူပါသည်။

ထို့ပြင်သရေခေတ္တရာ၏ဘာသာရေးအဆောက်အအုံများတွင် လှေကားအဆင်း အတက်၊ ဆင်ဝင်စသည်တို့မှအစ မြေမီးဖုတ်နှင့်ပင် ကနုတ်ပန်းများ၊ အပြောက်အမွမ်းပန်းများအား တိုင်ဖုံးပန်းများအနေဖြင့် အသုံးပြုခဲ့ကြကြောင်း၊ အဆောက်အအုံ၏ လှေကားထစ်နေရာများတွင် တပ်ဆင်ရန်နေရာများပါ တွေ့ရှိရပါသည်။ သရေခေတ္တရာမှ မြေမီးဖုတ်ရုပ်ကြွများ၏ ဇာတ်ထုပ်ရုပ်တုပါ ဇာတ်ရုပ်များမှာ ထူးခြားပြီး ဘာသာရေးနှင့် ဆက်နွယ်နေသဖြင့် အမျိုးမျိုးယူဆတွေးတောရာများပြီး ထုလုပ်မှုမှာ ပညာသားပါလှပါသည်။ တိရစ္ဆာန်ရုပ်များ ထုလုပ်ရာတွင် အပြင်မှ တကယ့်တိရစ္ဆာန်များနှင့်မခြား ပြုလုပ်ထားပြီး နံရံတွင် တပ်ဆင်ရန် သုံးဖက်မြင်ရုပ်လုံးပုံစံအထိ ထုလုပ်နိုင်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ ။

# ကုန်သည်ပွဲစားများ ကွင်းဆင်းဝယ်ယူသည်အထိ စပျစ်သီးအမှည့်ဈေးကွက် အထူးကောင်းမွန်

ရန်ကုန် ဇူလိုင် ၂

ကုန်သည်ပွဲစားများမှ စပျစ်ခြံများအရောက် ကွင်းဆင်းဝယ်ယူရသည်အထိ စပျစ်သီးအမှည့် ဈေးကွက်အထူးကောင်းမွန်နေကြောင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းဒေသမှ စပျစ်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

"စပျစ်သီးအမှည့်ဈေးကွက်က ဒီအချိန်ကတော့ တော်တော်ကောင်းနေတယ်။ အောက်ဆုံးသီး Italy No-3 မျိုးတောင် တော်တော်လေး ဈေးကောင်းရနေတယ်။ အခုအချိန်မှာ သီးနှံဈေးကွက်တွေ ဘယ်လိုဖြစ်ဖြစ်၊ စပျစ်ဈေးကွက်ကတော့ ပျက်တယ်လို့ မရှိဘူး။ မရောင်းရတာ မရှိဘူး။ ဒိုင်(ဝယ်လက်)လည်း များနေတယ်။ ဒိုင်က များနေတော့ အမြဲလည်ပတ်နေတာ။ ရှိသမျှစပျစ်သီး နေ့စဉ်အကုန်ရောင်းထွက်နေတာ။ စပျစ်သီးတွေကို ကျွန်တော်တို့က တင်ပို့စရာ မလိုဘူး။ ကျွန်တော်တို့ဒေသတွင်း အနီးတစ်ဝိုက်မှာ ပွဲစားတွေက ခြံအရောက်လာပြီး လုဝယ်ကုန်ကြတာ" ဟု မန္တလေးတိုင်းဒေသကြီး



ရမည်းသင်းမြို့နယ် ရွာတန်းဒေသရှိ လပြည့်ဝန်း စပျစ်စိုက်ပျိုးရေးခြံမှ စီမံအုပ်ချုပ်သူ ကိုမင်းဆက်ပိုင်က ပြောသည်။

လက်ရှိဈေးကွက်တွင် စပျစ်သီး အမျိုးအစားနှင့် အရည်အသွေးပေါ် မူတည်၍ တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၁၅၀၀ မှ အမြင့်ဆုံးဈေး ငွေကျပ် ၅၀၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်း သိရသည်။

"အခုက အွန်လိုင်းခေတ်ဆိုတော့ အွန်လိုင်းကနေလည်း ကျွန်တော်တို့ဆီက စပျစ်သီးလှမ်းမှာဝယ်ကြတာမျိုးတွေလည်းရှိတယ်။ ဒီအချိန်က စပျစ်သီးရဲ့အထွက်နှုန်း တအား မထွက်တာကြောင့်လည်း ဈေးကောင်းရရှိတာ ပါပါတယ်။ ကျွန်တော်တို့ဘက်က စပျစ်သီးမျိုးတွေက အရည်အသွေးကောင်းမွန်တာကြောင့် ဘယ်မျိုး စပျစ်သီးပဲဖြစ်ဖြစ် အသီးမရောင်းရဘူးဆိုတာ မရှိဘူး။ အခုချိန်ကတော့ အနိမ့်ဆုံးသီးတွေတောင် ထူးထူးခြားခြားဈေးကောင်းရနေတဲ့ အချိန်ကာလပေါ့" ဟု ၎င်းက ဆက်လက်ပြောသည်။

ရမည်းသင်း ရွာတန်းဒေသမှ ထွက်ရှိသည့် စပျစ်သီးများကို ကုန်သည်ပွဲစားများက လာရောက်ဝယ်ယူကြပြီး ယင်း ကုန်သည်ပွဲစားများမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ မကွေး စသည့် မြို့ကြီးများသို့ ဆက်လက် ဖြန့်ချိရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

နန်းထက်ထက်ချစ်

# ငဖဲမြို့နယ်၌ တွန်ဂလာ ၆၉၂ ငရုတ်မျိုးများ စိုက်ပျိုး သီးနှံများအောင်မြင်ပြီး ဈေးကောင်းရရန်မျှော်လင့်

ငဖဲ ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇီးတောကျေးရွာမှ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ကျေးရွာ၏ အနောက်ဘက်ရှိ ကိုင်းမြေ ၁၁ ဧကတွင် မြေအောက်ရေကို အသုံးပြုပြီး တွန်ဂလာ ၆၉၂ ငရုတ်မျိုးကို စိုက်ပျိုးရာ သီးနှံများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရန် မျှော်လင့်လျက်ရှိသည်။

အဆိုပါ ငရုတ်မျိုးစေ့များကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ W7 သီးနှံမျိုးစုံ ရောင်းဝယ်ရေးကုမ္ပဏီမှ တစ်ထုပ်လျှင် ငွေကျပ် ၆၀၀၀ ဖြင့် ဝယ်ယူရရှိကြောင်း၊ အပင်ပေါက်ပျိုးရန်အတွက် ပျိုးဗန်းမှာ မြေသြဇာထည့်သွင်း ပျိုးရကြောင်း၊ ပျိုးပင်များ ရက် ၃၀ နှင့် ၄၅ ရက်သားကြားမှ စိုက်ပျိုးရန် ပြုလုပ်ပြီးသားပေါင်တွင် မြေချစိုက်ပျိုး၍ တစ်ပတ်တစ်ကြိမ်ခန့် ရေသွင်းပေးရကြောင်း၊ ပိုးသတ်ဆေး၊ ဓာတုဆေးများ လုံးဝမသုံးစွဲဘဲ မိမိကိုယ်တိုင် ပြုလုပ်ထားသည့် သဘာဝအားဆေးကို ပိုးရှောင်ခွာဆေး နှင့်အတူ အပင်ရက်သား ခုနစ်ရက်မှ တစ်လအတွင်း သုံးကြိမ် ဖျန်းပေးရပြီး သဘာဝမှိုဆေးကို တစ်လတစ်ကြိမ် ပက်ဖျန်းပေးရကြောင်း သိရသည်။

ငရုတ်မျိုးစေ့များကို တစ်ဧကလျှင် မျိုးစေ့ထုပ်ပါ ရှစ်ထုပ်ခန့်ပျိုး၍ စိုက်ပျိုးရပြီး အပင်သက်တမ်း သုံးလပြည့်လျှင် အသီးများ လှိုင်လှိုင်သီး၍ စတင်ခူးဆွတ်နေရပြီဖြစ်ကြောင်း၊ ခူးဆွတ်ငှားရမ်းခအဖြစ် တစ်မနက်စာကို လုပ်သားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လုပ်သား ၁၀ ဦးခန့် ငှားရမ်းခူးဆွတ်ရပြီး ရင့်မှည့်၍ခူးဆွတ်ပြီးသော ငရုတ်သီးများကို W7 ကုမ္ပဏီသို့ ချိတ်ဆက်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ဈေးခန့်သာ ပေါက်ဈေးဖြတ်၍ တင်ပို့ရောင်းချရမည်ဖြစ်ရာ ယခုထက် ဈေးကောင်းရရှိရန် မျှော်လင့်ကြောင်း၊ ပေါင်းထိုးခ၊ ခူးဆွတ်ငှားရမ်းခနှင့် ကားခတင်ပို့စရိတ်များနုတ်လျှင် အမြတ်မကျန်ဘဲ အရှုံးပေါ်မည်ဖြစ်၍ ယခုဈေးထက် ပိုမိုရောင်းချရမှသာ တောင်သူအတွက် တွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ ကိုင်းမြေ ၁၁ ဧကမှာ ငရုတ်ပင်ပေါင်း ရှစ်သောင်းကျော် စိုက်ပျိုးထားရာ အရင်းအားဖြင့် ငွေကျပ်သိန်း ၈၀ ခန့် ကုန်ကျကြောင်း ဇီးတောကျေးရွာမှ ငရုတ်စိုက်တောင်သူ ဒေါ်မာမာမြင့်က ပြောသည်။



ငဖဲမြို့နယ်တွင် တွန်ဂလာ ၆၉၂ ငရုတ်မျိုးများကို W7 ကုမ္ပဏီနှင့် ချိတ်ဆက်ပြီး စိုက်ပျိုးရောင်းချလျက်ရှိရာ ငရုတ်စိုက်ပျိုးသူ တောင်သူ ၇၉ ဦးနှင့် ငရုတ်စိုက်ဧက ၂၁၀ ခန့်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# သဖန်းဆိပ်ဆည် ရေလှောင်တမံမှ ယခုနှစ်တွင် စိုက်ဧက ငါးသိန်းခန့်အတွက် ပျိုးထောင်ရေနှင့် မြေပြင်ရေများကို စတင်ပေးဝေ

ရွှေဘို ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စိုက်ဧက ငါးသိန်းခန့်အတွက် သဖန်းဆိပ်ဆည် ရေလှောင်တမံမှ ပျိုးထောင်ရေနှင့် မြေပြင်ရေများကို ဇူလိုင် ၁ ရက်မှစတင်၍ ပေးဝေလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို သဖန်းဆိပ်ရေလှောင်တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ငွေကျပ် ၂၇ သိန်းကျော် ဧက ပေဖြစ်ပြီး လက်ရှိ တိုင်းတာချက်အရ သဖန်းဆိပ်ရေလှောင်တမံ၏ ရေသိုလှောင်ပမာဏမှာ ၈ သိန်း ၉ သောင်းကျော်ရှိသည်။

ရေလှောင်တမံ၏ ရေသိုလှောင်မှုအခြေအနေအရ ယခုနှစ် မိုးစပါးရာသီတွင် ကန့်ဘလူမြို့နယ်၌ စိုက်ဧက ၃၄၇၂၇ ဧက၊ ခင်ဦးမြို့နယ်၌ စိုက်ဧက ၅၅၂၃၉ ဧက၊ ရွှေဘိုမြို့နယ်၌ စိုက်ဧက ၈၃၀၀၉ ဧက၊ ဝက်လက်မြို့နယ်၌ စိုက်ဧက ၉၅၀၂၅ ဧက၊ ရေဦးမြို့နယ်၌ စိုက်ဧက ၆၁၉၀၀၊ ဒီပဲယင်းမြို့နယ်၌ စိုက်ဧက ၉၆၅၀၀ ဧက၊ တန့်ဆည်မြို့နယ်၌ စိုက်ဧက ၄၂၅၀၀ ဧက၊ စစ်ကိုင်းမြို့နယ်၌ စိုက်ဧက ၂၀၀၀၊ အရာတော်မြို့နယ်၌ စိုက်ဧက ၈၈၀၀ ဧကနှင့် ဘုတလင်မြို့နယ် ၌ စိုက်ဧက ၅၀၀ တို့ကို ဆည်ရေဖြင့် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

အဆိုပါ သဖန်းဆိပ်ရေလှောင်တမံကို စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စိုက်ပျိုးမြေအများဆုံး တည်ရှိသော မူးမြစ်ဝှမ်းဒေသအတွင်းရှိ ကန့်ဘလူ မြို့နယ်၊ ခင်ဦးမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ရေဦးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များတွင်တည်ရှိသော စိုက်ပျိုးမြေများကို ဆည်ရေပေးဝေပြီး စိုက်ပျိုးစွမ်းအားတိုးတက်စေရန်နှင့် ဒေသတွင်း သောက်သုံးရေဖူလုံစေရန် ရည်ရွယ်၍ ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ထားရှိကာ ဆည်ရေသိုလှောင်၍ ကင်းတပ်ရေလွှဲတမံသို့ မူးမြစ်ရိုးအတိုင်းရေလွှတ်ပေးခြင်း ၊ ကာဘိုးရေလွှဲ ဆည်သို့လည်း မူးမြစ်ရိုးအတိုင်း ရေလွှတ်ပေးခြင်းဖြင့် တစ်နှစ်လျှင် ပျမ်းမျှစပါးနှင့်အခြားသီးနှံစိုက်ဧက ရှစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ခရိုင် (ပြန်/ဆက်)

# မိုင်းယောင်း၌ ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဒေသဝက်များ ဖြန့်ဖြူးပေး

မိုင်းယောင်း ဇူလိုင် ၂

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်အတွက် ဒေသဝက်သားပေါက်များကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဟောင်ကြန့်ကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ ဇွန် ၃၀ ရက်က ဖြန့်ဖြူးပေးအပ်သည်။

ဒေသဝက် သားပေါက်များ ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူက ဒေသတွင်းမှ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အများဆုံးလုပ်ကိုင်ကြသဖြင့် အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန် ယခုကဲ့သို့ ဒေသဝက်များကို ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး နောက် ကောင်းကဲကျေးရွာ၊ နမ့်ယွန်းကျေးရွာ၊ ပါပျက်ကျေးရွာ၊ ပန်မကြူကျေးရွာနှင့် ဖတ္တာကျေးရွာတို့မှ အိမ်ထောင်စု ၂၀ အတွက် ဒေသဝက်သားပေါက်ကောင်ရေ ၂၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇော်နိုင်လင်း၊ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ၊ အတွင်းရေးမှူး ရဲမှူးမျိုးမြင့်ဦး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမျိုးမြင့်ကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

အားချာ

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မြိတ်မြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားကို ခြောက်လှန့်ပစ်ခတ်ရာမှ သေဆုံး

**နေပြည်တော် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ လုံခြုံရေး တပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားကို ခြောက်လှန့်ပစ်ခတ်ရာမှ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညပိုင်းတွင် မြိတ်မြို့ မြို့မအားကစားကွင်းဝန်းကျင်၌ လှည့်ကင်းဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ည ၁၁ နာရီခွဲခန့်တွင် "ဦးမြတ်လေး" ပန်းခြံရှေ့အရောက်၌ အကြမ်းဖက်သူ အမျိုးသား တစ်ဦးသည် ပုန်းခိုနေရာမှ ပြေးထွက်လာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကိုင်ဆောင်ထားသည့် သေနတ်အား လုယူခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်မှ ၎င်း၏ဘေးသို့ သေနတ်တစ်ချက် ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားမှ ထပ်မံလုယူရန် ကြိုးစားသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမား၏ ဘယ်ပေါင်ရင်း ထိမှန်ဒဏ်ရာ တစ်ချက်နှင့် ဝဲလက်မောင်း ထိမှန်ဒဏ်ရာ တစ်ချက်ရရှိကာ ကတ္တရာလမ်းပေါ်သို့ မှောက်လျက်လဲကျသွားပြီး လဲကျသွားသည့် အရှိန်ဖြင့် နဖူးကွဲဒဏ်ရာ တစ်ချက် ထပ်မံရရှိခဲ့သဖြင့် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးထံမှ သေနတ်လုယူရန် ကြိုးစားခဲ့သည့် အကြမ်းဖက်သူ အမျိုးသား(စိစစ်ဆဲ) သေဆုံးမှုနှင့် ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းများဝယ်ယူမှုစိစစ်ရေးကော်မတီမှ Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်း
## ကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီး ဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်နှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန် ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၃-၇-၂၀၂၂ ရက်နေ့မှစတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၈-၇-၂၀၂၂ ရက်နေ့တွင် ၀၈၃၀ နာရီမှ ၁၀၀၀ နာရီအထိ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး) ရှိ ဒက္ခိဏခရိုင် မီးသတ်စခန်းတွင် တင်သွင်းရမည် ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်း တင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇- ၃၄၁၂၇၈၈

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂

(ဂ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်အား ပြန်လည်၍ အသိပေးကြေညာခြင်း

၂၆-၆-၂၀၂၂ရက် မြန်မာ့အလင်းသတင်းစာတွင် ရက်ရွှေ့ဆိုင်းထားပါကြောင်း ကြေညာထားရှိသော တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်မှ ၂၉-၆-၂၀၂၂ရက်တွင် ဖွင့်လှစ်မည့် တတိယအကြိမ် အိတ်ဖွင့်တင်ဒါအခမ်းအနားအား ၁၄-၇-၂၀၂၂ ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်ကျင်းပမည်ဖြစ်ပါကြောင်း၊ တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၁၂-၇-၂၀၂၂ရက် ညနေ ၄ နာရီ ဖြစ်ပါကြောင်းနှင့် တင်ဒါပွဲနှင့်ပတ်သက်၍ သိရှိလိုသောအသေးစိတ်အချက်အလက်များအား လမ်းဦးစီးဌာန၊ မြိတ်ခရိုင် (၀၅၉- ၄၁၀၀၇)သို့ ဆက်သွယ် မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇စီ၁၊ မြေကွက်အမှတ်-၁၆၀၊ ဧရိယာ ၀ဒသမ ၀၃၃ဧကရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အရှေ့ကုန်းလမ်း၊ အမှတ်(၃)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၏ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၈၄၂/၂၀၀၈ အရ တရားဝင်လက်ခံ ရရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာကြသည့် ဒေါ်အေးအေးပြုံး ၁၂/စခန(နိုင်)၀၀၅၉၀၄နှင့် ဒေါ်ဌေးဌေးပြုံး ၁၂/စခန(နိုင်) ၀၅၁၈၈၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ**
**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)**
**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၀၇၉၂၇၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊အကွက်အမှတ် ၆၁၊ ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ် ၆၆-က၊ မြေဧရိယာ ၀ဒသမ ၀၈၉ ကေအနက်မှ ၀ဒသမ၀၄၅ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်စုံလမ်း၊ အမှတ်(၃)နေ ဒေါ်နှင်းနှင်းအိမှ မြေအမည်ပြောင်းလဲပေးရန်လျှောက်ထားလာပါသဖြင့်ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကိုဤရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊အကွက်အမှတ်(၆၁)၊ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၆၆-ခ)၊ မြေဧရိယာ ၀ဒသမ၀၃၅ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်စုံလမ်း၊ အမှတ် (၃)နေ ဒေါ်နှင်းနှင်းအိမှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ဖခင်အမည်မှန်

အထက(၁၃) လှိုင်သာယာ Grade-6(B)မှ မောင်မြတ်ထူးကျော်၏ ဖခင်အမည်မှန်မှာ ဦးဇေယျာသန်းထိုက် ၁၄/မမန(နိုင်)၂၈၂၉၁၇ ဖြစ်ပါကြောင်း။

**ဦးဇေယျာသန်းထိုက်**

## အမည်ပြောင်း

ဦးကျော်ဇင်မင်း ၇/ပမန(နိုင်) ၁၂၄၉၅၆ ၏သမီး ပြည်မြို့၊ P.E.C ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မဇူးဖြူဇင်မင်းအား မဇူးရတီဇင်မင်းဟု အမည် ပြောင်းလဲခေါ်ပါရန်။

**မဇူးရတီဇင်မင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/10779, Honda PCX 150(M/C) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၁၄/ပသန(နိုင်)၁၅၇၇၉၈ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ သရဖီလမ်းသွယ်၊ အမှတ် ခ/ ၃၂၅ရှိ ခြောက်လွှာအခန်းသည် ပျက်စီးယိုယွင်းနေပါသဖြင့် မြေရှင်မှ ပြုပြင်/ထိန်းသိမ်း/ငှားရမ်းမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**(မြေရှင်)ဒေါ်ခင်မာဝင်း**
**၁၀/ခဆန(နိုင်)၀၀၁၂၉၀**
**ဖုန်း-၀၉-၉၆၀၀၆၉၅၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ ယမုံနာ ၄လမ်း၊ တိုက် ၆၈၊ နှစ်ခန်းတွဲ (၆)ထပ် တိုက်၏ ၆-လွှာ၊ အခန်း(၆/B)၊ ခြေရင်းခန်း၊ အကျယ်အဝန်း ၁၁ပေခွဲx ၄၈ပေရှိ တိုက်ခန်းနှင့် တိုက်ခန်း အတွင်းရှိ(မျက်မြင်အခြေအနေအတိုင်း) အကျိုးခံစားခွင့် အရပ်ရပ်များအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မင်း (ခ) ဂေမင်း ၁၂/ဒဂန(နိုင်)၀၂၁၇၅၉ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက် ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၀၁)**
**တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၄၄၀၆၅၅၇၃၈၊ ၀၉- ၄၅၀၀၅၁၇၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၁၄၁၊ မြေကွက်တည်နေရာအမှတ် ၁၁၄၁၊ ကန်သာယာ (၁)လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်တင်ဝင်း ၁၂/ကမရ(နိုင်)၀၁၃၀၂၀ အမည်ပေါက်နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်တင်ဝင်း(မိခင်)နှင့် (ဖခင်) ဦးဇော်ဝင်းတို့ ကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်ကြသော ဒေါ်ချောနန္ဒာဝင်း ၁၂/ကမရ(နိုင်)၀၄၅၀၉၉၊ ဦးဝင်းသူရ ၁၂/ကမရ(နိုင်)၀၅၇၀၈၇၊ ဒေါ်သိမ့်သန္တာဝင်း ၁၂/ကမရ(နိုင်)၀၅၈၆၃၅တို့မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများအဖြစ် မိမိတို့သုံးဦးတည်းသာထွန်းကားခဲ့ကြောင်း၊ မိမိတို့သားသမီးသုံးဦးမှလွဲ၍အခြားအမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ နှစ်စောင်၊ မိခင်၊ ဖခင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၂၇၊ အကျယ်အဝန်း ( ၃၂' x ၇၂')ရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၁၂/ မဂဒ(နိုင်)၀၉၈၀၅၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သလင်းစံ ၁၀/ မလမ(နိုင်) ၂၃၃၆၃၇ က စရန်ငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေ မြေကွက်နှင့် ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စအား ဝယ်ယူသူဘက်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေယံဦး(LL.B)WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၁၃၆)**
**အမှတ် ၄၆၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၀၀၁၅၇၂၊ ၀၉- ၇၉၁၆၆၂၇၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စရည်းပင်လမ်း၊ အမှတ် (၃၅၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ လူနေရပ်ကွက်အမှတ်(သုဝဏ္ဏ)၊ မြေကွက်အမှတ် (၃၅၁)၊ မြေဧရိယာ ၀ဒသမ၁၀၉ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူထံမှ အစဉ်အဆက်စာချုပ်များအရ ဒေါ်အေးသီတာ ၁၄/ကခန(နိုင်)၀၆၄၃၀၅နှင့် အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၉၈၉/၂၀၂၂)အရ ဦးဝဏ္ဏလှိုင် ၁၂/လသယ(နိုင်)၀၁၉၅၈၂တို့မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ (LL.B)** | **ဒေါ်ဝသန်စည်သူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** | **အထက်တန်းရှေ့နေ (၅၃၀၀၃)** |

**အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁)တွင် ၂၀၁၉-၂၀၂၀ပညာသင်နှစ် နဝမတန်း၌ ပညာသင်ကြားခဲ့သော မပြေည့်မိုးဦး၏ အမည်မှန်မှာမပြေမိုးဦးဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5505 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ရှိ ဦးပိုင်အမှတ်-၅၈/၃(၉၀-၉၁)၊ အကွက်အမှတ်(၆/၂၆ပန်းဘဲတန်း)ရေိယာ ၀.၀၅၀ ဧကရှိ မြေကွက်၏မြေငှားဂရန်မှာ ဒေါ်လှကျင်အမည်ဖြင့် အမည်ပေါက်လျက်ရှိသော အိမ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဒေါ်လှကျင်အမည်ပေါက် ဂရန်မြေကွက်ထဲမှ အရှေ့အနောက် ၁၈ ပေ၊ တောင်မြောက် ၄၇ ပေမြေနှင့် ၎င်းမြေပေါ်ရှိ RC (၃)ထပ်အဆောက်အအုံကို လက်ရှိနေထိုင်ပိုင်ဆိုင်သော ဒေါ်လှကျင်နှင့် ဒေါ်လင်းလင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်သန်းငွေးနှင့် ဒေါ်ခင်ရတနာသသန့်တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိန်သန်းငွေး (ဘ)ဦးငွေးလွင်** | **ဒေါ်မေသန်းနွယ်(LL.B)** |
| **၉/တသန(နိုင်)၁၇၇၅၂၃** | **အထက်တန်းရှေ့နေ(စဉ် ၃၉၈၃)** |
| **ဒေါ်ခင်ရတနာသသန့် (ဘ) ဦးထိန်လင်း** | **နေပြည်တော်လမ်း၊ မင်းလမ်းရပ်** |
| **၅/စကန(နိုင်) ၂၆၀၄၀၇** | **စစ်ကိုင်းမြို့၊ ဖုန်း၀၉-၅၀၆၇၆၈၆** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၈)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၀.၀၆၀၆ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ လေးထပ် Holiday Inn အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသူသည်ဟု အဆိုပြုရောင်းချသူ ဒေါ်နန်းအေးအေးမွန်(ဘ)ဦးကျော်ကျော်လွင် ၉/အမဇ(နိုင်)၀၂၇၅၃၇ နှင့် ဒေါ်နန်းခမ်းဟွမ် (ဘ)ဦးကျော်ကျော်လွင် ၉/အမဇ(နိုင်)၀၂၇၅၃၈တို့မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကိုလတ် (LL.B)** | **ဦးအောင်ခိုင်ထွန်း(LL.B)** |
| **စဉ်-၉၇၁၃** | **စဉ်-၉၅၃၈** |

**တရားလွှတ်တော်ရှေ့နေများ**
**၃၈ လမ်း၊ ၇၈x၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၄၄၄၈၊ ၀၉-၇၉၂၀၃၄၄၄၈**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၀ပြည့်နှစ် ဇာရီမှုအမှတ်-၃၆

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက်၊ ဘဏ်ခွဲ(၁၉) | နှင့် | ဦးဇော်မင်းထွန်း |
| (၎င်း၏ကိုယ်စား လက်ထောက် မန်နေဂျာဦးကျော်သူရ) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၈/၂၀၂၀အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းအမှတ်စဉ်(က)နှင့် (ခ)ကို ၂၀၂၁ခုနှစ်၊ စက်တင်ဘာ ၂၁ရက်(၁၃၈၃ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်)နှင့် အမှတ်စဉ်(ဂ)ကို ၂၀၂၁ခုနှစ် စက်တင်ဘာ ၂၂ရက်(၁၃၈၃ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်) နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

(က) မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ကွင်းအမှတ်-၇၀၆၊ ဦးပိုင်အမှတ်-(၁၈+၁၉-ခ)၊ ဧရိယာ(၀ ဒသမ ၀၄၉၀ + ၀ ဒသမ ၀၂၇၃)ကေရှိ ဘိုးဘပိုင်မြေ(၂)ကွက်နှင့် ယင်းမြေပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံနှင့် တစ်ဆက်တည်းနံကပ်(၁)ထပ်အဆောက်အအုံ

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း ၂၅၀၀၀(ကျပ်သိန်းနှစ်သောင်းငါးထောင်တိတိ)**

(ခ) မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်-(ပပ-၃၅)၊ ဦးပိုင်(၁+၂)၊ ဧရိယာ ( ၁ ဒသမ ၀၄ + ၁ ဒသမ ၀၄)ကေရှိ ဂရန်မြေ (၂)ကွက်

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း ၅၀၀၀၀ (ကျပ်သိန်းငါးသောင်းတိတိ)**

(ဂ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ စာရေးကုန်းရပ်၊ အကွက်(၂၉)၊ ဦးပိုင်(၈၂+၁)၊ ဧရိယာ(၀ ဒသမ ၂၄၀ + ၀ ဒသမ ၂၆၂)ကေရှိ ဂရန်မြေ (၂)ကွက်နှင့် ယင်းမြေပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံနှင့် တစ်ဆက်တည်းရှိ နံကပ်(၁)ထပ် အဆောက်အအုံ

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း ၂၀၀၀၀(ကျပ်သိန်းနှစ်သောင်းတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

(၂) လေလံတင် ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့် ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူကငွေကျပ် ၁၀၀ိ/-လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို ထည့်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည်၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၁ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
## ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၃၀

| | | |
|---|---|---|
| ဦးတင်အောင် | နှင့် | ဒေါ်ခင်မျိုးမြတ် |
| **တရားလို** | | **တရားပြိုင်** |

ယခုအမှုမှ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂၅)နေ ဒေါ်ခင်မျိုးမြတ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်အောင်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ် ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဇူလိုင် ၁၄ရက်(၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၆ရက်) မွန်းမတည့် မီ ၁၀:၀၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်း လင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက် ပျက်ကွက်ခဲ့ပါလျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇူလိုင် ၁ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## မတည်ရင်းနှီးငွေလျှော့ချပြီးကြောင်းကြေညာခြင်း

Clarity Construction & Trading Co.,Ltd(104697836)၏ ၁-၇-၂၀၂၁ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ကုမ္ပဏီအစုရှယ်ယာရှင်များ အထူးအစည်းအဝေးတွင် မတည်ငွေရင်းအား ယခင်မတည်ငွေရင်း ကျပ် ၁၀၀၀ိ/-တန်အစုရှယ်ယာ ၅၀၀၀၀စု ကျပ် ၅၀၀၀၀၀၀၀ိ/-မှ ကျပ် ၁၀၀၀ိ/-တန် အစုရှယ်ယာ ၅၀၀၀စု ကျပ် ၅၀၀၀၀၀၀ိ/-သို့ မတည်ငွေရင်းလျှော့ချပြီးကြောင်းကို အစုရှယ်ယာရှင်များက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Clarity Construction & Trading Company Limited**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၉၆)အား ဒေါ်စိန်တင်မှ အရောင်းအဝယ်စာချုပ်ချုပ်၍ ဝယ်ယူထားရာ ယင်းစာချုပ်များမှာ ပျောက်ဆုံးနေသည့်အတွက် အကြောင်းတစ်နည်းနည်းဖြင့် ယင်းစာချုပ်အား လက်ဝယ်ထားရှိကြောင်းတွေ့ရှိပါက ဒေါ်စိန်တင်၏သားဖြစ်သူ ဦးငွေထွန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးငွေထွန်း ၁၂/အစန(နိုင်) ၀၉၆၉၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းမြင့် B.Sc (Chem), H.G.P,**
**R.L, Dip In French (I.F.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၆၇)**
**တိုက် (၃၆/၃၇)၊ အခန်း (B-4)၊ ကျောင်းကုန်း(၁)လမ်းသွယ်၊**
**(၇)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၁၂၁၉၃၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗလမင်းထင်လမ်း၊ မြေကွက်အမှတ်(၃၀၀)၊ ဧရိယာပေ (၄၀ x ၆၀) ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာပေ (၂၀x ၆၀) ခေါင်းရင်းခြမ်းမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြိုးစုစုထွေး ၇/ဖမန(နိုင်)၁၀၁၄၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်သန်း ၁၂/ဥကတ(နိုင်)၀၆၃၆၃၅၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**ပင်လုံလမ်းမကြီး (ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ် (၅/၁၃)၊ ၀.၄၀၀ ဧက၊ မြေကွက်တည်နေရာအမှတ် (၄၇)၊ မိုးစန္ဒာလမ်း၊ (၁)ရပ်ကွက်၊ ဦးတင်မြင့် (အယ်လ်တီအေ-၀၀၄၂၂၃) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဖြစ်သူ (ဖခင်) ဦးတင်မြင့်သည် ၁၉-၁၂-၂၀၁၆ နေ့တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်စွိကြဲသည် ၂၄-၉-၁၉၈၃ရက်တွင်လည်းကောင်း သားတစ်ဦးဖြစ်သူ တန်ရှိန်လီ(ခ)ဦးအောင်ဝင်းသည် ၁-၈-၉၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် အမည်ပေါက် ဦးတင်မြင့်၏ ကျန်ရစ်သူသားသမီးများဖြစ်ကြသော တန်ကျုံကီ(ခ)ဦးကျော်ဝင်း ၁၂/ကမရ(နိုင်)၀၄၇၈၇၈၊ TAN SU ONG ၁၂/လသန(ပြု)၀၀၀၄၅၃၊ TAN SU HING ၁၂/လသန(ပြု)၀၀၀၄၅၂၊ တန်ကျန်ချို(ခ)ဦးအောင်သိန်း၁၂/လသန(နိုင်)၀၀၉၃၅၉ တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် မိမိတို့မောင်နှမ (၄) ဦးသာလျှင် သားသမီးအရင်းများဖြစ်ပြီး အခြားသောအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် မိမိတို့ (၄)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၂၆-၅-၂၀၂၁ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာတစ်စောင်၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ တန်ကင်မင်း (ခ)ဦးတင်မြင့်၏သေဆုံးမှုလက်မှတ်၊ ဒေါ်စွိကြဲနှင့် တန်ရှန်လီ(ခ) အောင်ဝင်းတို့ သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်နှင့် တိုင်းကျန်းမာရေးဦးစီးဌာန၏ထောက်ခံချက်၊ ဦးတင်မြင့် အမည်ပေါက်စာချုပ်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အခန်းပေး/အခန်းယူ ကန်ထရိုက်စနစ်ဖြင့်
## (၂)ခန်းတွဲ (၃)ထပ်တိုက် (၁)လုံးဆောက်လုပ်ခြင်းအတွက်
## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၃)၊ ဧရိယာ ၀ ဒသမ ၃၄၀ကေရှိ မြေကွက်နှင့် မြေတိုင်း(၁၄)၊ မြေကွက်အမှတ်(၂/ဃ၁)၊ ဧရိယာ ၀ ဒသမ ၁၅၀ကေရှိ မြေကွက် (၂)ကွက်တွဲလျက်မှ အနောက်ခြမ်း၊ ဒေါ်သန်းသန်းဆင့် ၁၂/စခန(နိုင်)၀၂၄၅၃၁ ပိုင်ဆိုင်နေထိုင် လျက်ရှိသော အကျယ်အဝန်း (၈၂'/၈၅/x၆၀'/၃၁')၊ အမှတ်(၁၅၇အေ)၊ ဦးချိုလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင် သော မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၃)ထပ်တိုက် အဆောက်အအုံတစ်လုံးကို ကန်ထရိုက်တာ ဦးစိုးမင်းအောင် ၁၂/လမန(နိုင်) ၀၄၅၈၁၃မှ ဆောက်လုပ်မည်ဖြစ်ပါသည်။ အဆောက်အအုံဆောက်လုပ်ခြင်းအတွက် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံ သော စာချုပ်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၁၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၆က/၂-ခ)၊ ဦးပိုင်အမှတ် (၂၈-က)၊ မြေဧရိယာ ၀.၀၇၈ ဧကရှိ မြေကွက်မှာ မူလက ဦးပိုင်(၂၈)၊ ဧရိယာ ၀.၁၂၃ ဧကရှိ မြေကွက်ဖြစ်ပြီး ဦးဇော်ဂရောင် အမည်ဖြင့် ၄-၁၀-၂၀၄၅ ရက်ထိ နှစ် ၃၀ ဂရန်ရရှိခဲ့ပါသည်။ ၎င်းမြေကွက်၏မြောက်ဘက် အပိုင်း ၀.၀၄၅ ဧကအား ဦးဇော်ဂရောင်မှ ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ဂရန်အမည်ပေါက်သူ ဦးဇော်ဂရောင်မှာ ကွယ်လွန်ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်လုဆိုင်မှ အမွေဆက်ခံကာ ဦးပိုင် (၂၈/က)၊ ဧရိယာ ၀.၀၇၈ ဧကအပိုင်းကို ဦးပိုင်ခွဲ/အမည်ပြောင်းဂရန် လျှောက်ထားလာခြင်းဖြစ်ပါသည်။ ယခုအခါ ဒေါ်လုဆိုင် ၁၃/ကလန(နိုင်)၀၁၁၀၇၃ အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ် ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဧ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၄)၊ ဦးပိုင်အမှတ်(၁၄)၊ ၆၀-A x ၆၀-B လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်ရွှေ ၉/မရမ(နိုင်)၀၇၁၃၉၁၊ YNG ၀၀၁၈၉၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၄၃၄/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းဆိုင်မိုအေး ၁၃/မဆတ(နိုင်)၀၄၂၇၄၇ က ဂရန်စာချုပ်မူရင်းလက်ဝယ်တွင် အသိမ်းလွန် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီး၊ ကွင်းအမှတ် (၃၂)မြေကွက်အား ဦးဖိုလ်မင်းထံမှ ဦးသိန်းဝင်း ဝယ်ယူခဲ့သော အရောင်းအဝယ်စာချုပ်၊ အမရပူရမြို့နယ်အတွင်းရှိ မြေကွက်(၇)ကွက် ဝယ်ယူခဲ့သော စာချုပ် ၇ စောင်၊ ဦးသိန်းဝင်းမှ လက်မှတ်ထိုးလက်ဗွေနှိပ်ထားသော စာချုပ်အလွတ်(၇)စောင်တို့မှာ ၂၀၁၈ ခုနှစ်ကတည်းက ပျောက်ဆုံးနေကြောင်း ဦးသိန်းဝင်း ၉/မနမ(နိုင်) ၀၉၂၈၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းမြင့် B.SC(Chem), H.G.P,R.L,**
**Dip.In French (I.F.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၇)**
**တိုက်(၃၆/၃၇)၊ အခန်း (B-4)၊ ကျောင်းကုန်း(၁)လမ်းသွယ်၊**
**(၇)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၁၂၁၉၃၈**

## ဒေါ်နန်းယဉ်ယဉ်သန်းနှင့် အများသိစေရန်ကြေညာချက်

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်မိုင်ရွာနေ ဒေါ်နန်းယဉ်ယဉ်သန်း ၁၃/တခလ(နိုင်)၀၅၉၁၉၄ က ၎င်းပိုင်ဆိုင်သည်ဆိုသော တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ ဝမ်မိုင်ရွာအမှတ်-၇/ခ ၆၂(ခ)ဟုခေါ်တွင်သည့် အလျား(၁၂၀)ပေ အနံ(၈၀) ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံကို ၂၄-၉-၂၀၂၀ ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီချူး ၁၃/မဆန(နိုင်)၀၂၅၃၀၇အား ဒေသသုံးထိုင်းဘတ်ငွေ ၂၀၀၀၀၀၀ (ဘတ်သိန်းနှစ်ဆယ်တိတိ)ဖြင့် လက်ရောက်ပေးအပ်ရောင်းချခဲ့ပါသည်။

ထို့နောက် ကျွန်ုပ်၏မိတ်ဆွေထံမှ အဆိုပါအိမ်ကို ဒေါ်နန်းယဉ်ယဉ်သန်းမှ ငှားရမ်းနေထိုင်ခွင့်ပြုရန် မေတ္တာရပ်ခံလာ၍ ကျွန်တော့်မိတ်ဆွေ ဒေါ်မီချူးက တစ်လလျှင် ငှားရမ်းခ ထိုင်းဘတ်ငွေတစ်သောင်းဖြင့် ဒေါ်နန်းယဉ်ယဉ်သန်းအား စာချုပ်ချုပ်ဆို၍ ငှားရမ်းနေထိုင်ခွင့်ပြုခဲ့ပါသည်။

သို့သော်လည်း ယခုနှစ် ၂၀၂၁ခုနှစ် မေလပိုင်းအတွင်းက အဆိုပါငှားရမ်းထားသောအိမ်ကို အိမ်ရှင်ထံ ပြန်လည်အပ်နှံခြင်း၊ အကြောင်းတစ်စုံတစ်ရာအသိပေးအကြောင်းကြားခြင်းလုံးဝမပြုဘဲ ဒေါ်မီချူးဝယ်ယူထားသော အိမ်ကို ဒေါ်နန်းယဉ်ယဉ်သန်းက သော့ခတ်ပိတ်ဆို့ပြီး မည်သည့်နေရာသို့ မသိရှိရဘဲ ထွက်ခွာသွားခဲ့ပါသည်။

ယခုအခါ ဖော်ပြပါနေအိမ်သို့ ဝယ်ယူထားသူ အိမ်ရှင် ဒေါ်မီချူးက အိမ်ငှား ဒေါ်နန်းယဉ်ယဉ်သန်းတို့၏ လက်လွှတ်စပယ်ပြုမူဆောင်ရွက်ခြင်းကို ဆက်လက်သည်းခံနိုင်ခြင်းမရှိ၍ ဒေါ်နန်းယဉ်ယဉ်သန်းတို့ ငှားရမ်းထားသော အဆိုပါအိမ်ကို ဒေါ်နန်းယဉ်ယဉ်သန်းတို့အား ဆက်လက်ငှားရမ်းလိုသော ဆန္ဒမရှိတော့ပါသဖြင့် အိမ်ကို လက်ရောက်ပြန်လည်ရယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန်းယဉ်ယဉ်သန်းအနေဖြင့် အထက်ပါကိစ္စကို ဤကြေညာစာပါရှိသည့်ရက်မှ တစ်လအတွင်း အမြန်ဆုံးလာရောက်ဖြေရှင်းရန် အကြောင်းကြားပါသည်။

အကယ်၍ဒေါ်နန်းယဉ်ယဉ်သန်းမှ လူကြီးလူကောင်းပီသစွာ လာရောက်ဖြေရှင်းခြင်းမရှိပါက ဖော်ပြပါမြေနှင့် အိမ်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်မီချူးမှ သော့များကို သက်ဆိုင်ရာ လူကြီးမင်းများရှေ့မှောက်တွင်ဖွင့်ဖျက်၍ လက်ရောက်ရယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်မှာကြားသူ-** | **လွှဲအပ်မှာကြားချက်အရ-** |
| **ဒေါ်မီချူး** | **ဦးသိန်းသန်းဇော်** |
| **၁၃/မဆန(နိုင်)၀၂၅၃၀၇** | **B.A(Law)., LL.B** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **တာချီလိတ်မြို့** |
| | **ဖုန်း-၀၉-၂၆၂၉၄၅၆၉၉** |

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ကြည်း ဗ၁၉၄၄၊ OTS (၆)

### ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်

**စစ်ရေးချုပ်(ငြိမ်း)၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**

**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်–၂၁နေ ဒေါ်နီနီကျော်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂–၇–၂၀၂၁ရက် (သောကြာနေ့) နံနက် ၁ နာရီ ၂၄ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေရီတင်

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ အမှတ်–၂၀နေ ဗိုလ်ချုပ် မြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) (ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်မေရီတင်သည် ၁–၇–၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီခွဲတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေရီတင်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်ဆွေ(လေ)(ငြိမ်း)၏ဇနီး ဒေါ်မေရီတင်သည် ၁–၇–၂၀၂၁ရက်(ကြာသပတေးနေ့)ညနေ၅:၃၀ နာရီတွင် (၉၆)ပါးရောဂါ ဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)နှင့်ဇနီး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း) အသက် (၉၄)နှစ်

ကြည်း ဗ၁၉၄၄၊ OTS (၆)

**တပ်မတော်စစ်ရေးချုပ်(ငြိမ်း)၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်းနေ ဒေါ်နီနီကျော်၏ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းညွန့်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်(စ.စ.စ)–ဒေါ်သီတာကျော်တို့၏ ချစ်လှစွာသောဖခင်သည် ၂–၇–၂၀၂၁ရက် (သောကြာနေ့) နံနက် ၁:၂၄ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေရီတင်

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်ဆွေ (လေ)(ငြိမ်း)၏ဇနီး ဒေါ်မေရီတင်သည် ၁–၇–၂၀၂၁ ရက် (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ် (၄၁)၊ လေယာဉ်မောင်းသင်တန်းမှ တပည့်များ**

## Khazih sungah tawlnga ta

### Pa Sian Cin Kham

**Kum (55)**

Zogam, Tonzang khuapi, Khuavong/Leisan veeng aa teeng (Rev. T.K. Thawng Khaw Nang leh Pi En Dim )te' ta tumpen, Pa Khup Za Langh–(Nu Go Khen Cing), (Pa Suaan Khan Mang)–Nu Niang Sian Muan Lun, Nu Dam Khan Niang –Pa Lal Suan Pau, Nu Dim Khan Niang – (Pa Do Khan Pau), Nu Nian Go Ciin –Pa Gin Khan Thang, Nu Cing Khan Zam – Pa Thang Khen Cin, Lia Zen Suan Cing, (Lia Don Khan Man) te' nau, Pa Nang Pian Sang–Nu Cing Lam Dim,( Lia Dim Sian Cing), Lia Cing It Lun te' pa, Lia Nuam Lam Kim' pu, Nu Niang Ngaih Nuam' pasal Pa Sian Cin Kham in 2.7.2021 Zingsang nai 5:00 hun in a up a biak Topa Pasian kiang hong tawlngak santa hi.

**A nungta lai Innkuanpih teng**

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတင်ဦးလွင်

**ဥက္ကဋ္ဌ၊ တာမွေမြို့နယ် သမဝါယမ အသင်းစု**
**နာယက မေတ္တာဗျူဟာအဖွဲ့ (ဗိုလ်တထောင်စေတီ)**
**ဥက္ကဋ္ဌ၊တာမွေမြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး**
**အသက်(၈၃)နှစ်**

ပဲခူးမြို့နေ (ဦးဘသန်း–ဒေါ်ခင်ညွှန့်)တို့၏သား၊ [ ဦးလှဦး (ရုပ်ရှင်ဒါရိုက်တာ)–ဒေါ်မြတင်] တို့၏သားသမက်၊ (ဦးဖေသန်း–ဒေါ်ပြုံး)တို့၏ညီ၊ ဒေါက်တာသိန်းငွေး( ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း)(ဝါနှင့် ပိုးချည်)–(ဒေါ်စိုးစိုးအေး)၊ ဦးလှမြင့်( 2nd Mate–FG)၊ (ဦးတင်မြင့်) – ဒေါ်ယဉ်ယဉ်မေတို့၏အစ်ကို၊ တာမွေမြို့နယ်၊ ဖိုးရေအိုးစင်ရွာမ ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၃(ပ–ထပ်)နေ ဒေါက်တာမြင့်မြင့်ဦး (အထက–၄၊ တာမွေ၊ ငြိမ်း)(Free Land Consultant)၏ ခင်ပွန်း၊ ဦးမျိုးမြင့်သန်း၊ ဦးမိုးကျော်လွင်–ဒေါ်သွဲ့စောယုယုထွေး၊ ဦးသန်းဇော် အောင်(UNFPA)–ဒေါ်တင်သူဇာလွင်(UNFPA) တို့၏ဖခင်၊ မောင်မင်းသွေးကို၊ မသွန်းရတီသန့်တို့၏ အဘိုးသည် ၁–၇–၂၀၂၁ရက် (ကြာသပတေးနေ့)နံနက် ၇:၂၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ၃–၇–၂၀၂၁ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအားအသိပေး အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်မြင့်ဆွေ(လေ–ငြိမ်း)၏ဇနီး ဒေါ်မေရီတင် အသက် (၇၅)နှစ်သည် ၁–၇–၂၀၂၁ရက် ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကို၊ ဒေါ်တင်တင်ညွန့်**
**ပြည်ထောင်စုဝန်ကြီး**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

### ဒေါ်နုနုရီ

**အသက်(၆၆)နှစ်**

(နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးမောင်မောင်ခ–ဒေါ်ခင်ခင်လေး)တို့၏ သမီး၊ (ဦးမျိုးညွန့်)–ဒေါ်လွင်လွင်မြင့်တို့၏ ညီမ၊ မပိုပိုခင်၏အစ်မ၊ မဇွန်လွင်မျိုး၊ မောင်မင်းလွင်မျိုး–မပေါက်ပေါက်တို့၏ အဒေါ်၊ [ဦးလွှမ်းမိုး(တေးသံရှင်–လွှမ်းမိုး)]၏ ချစ်လှစွာသောဇနီး ဒေါ်နုနုရီ အသက်(၆၆)နှစ်သည် ၁–၇–၂၀၂၁ ရက် ည ၇:၃၀ နာရီတွင် အမှတ် (၃)၊ ဦးစိုးညွှန့်လမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန်လျင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၃–၇–၂၀၂၁ ရက် မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

### Mrs.Elizebath Carroll

**အသက် (၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ သခင်ဗဟိန်းလမ်း၊ အမှတ် (၂၀)၊ (၃)လွှာ (ဘယ်)နေ (ဦးတိုနီကယ်ရယ်) (Inya Lake Hotel)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးလင်း (Raffels Com.)–ဒေါ်ယုယုအေး၊ ဦးစိုးမင်း (Uniteam Com.)–ဒေါ်စန္ဒာနွယ်၊ (ဦးစိုးဝင်း)–ဒေါ်ပြုံး၊ ဦးမြင့်ဝင်း (British Embassy)–ဒေါ်စမ်းစမ်းအေး၊ Brenda သီတာ (Inya Lake Hotel)တို့၏ ချစ်လှစွာသောမိခင်၊ မြေး (၁၄)ယောက်၊ မြစ်လေးယောက်တို့၏ချစ်လှစွာသောအဘွားသည် ၁–၇–၂၀၂၁ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃–၇–၂၀၂၁ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေရီတင်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်ဆွေ(လေ)(ငြိမ်း)၏ ဇနီး ဒေါ်မေရီတင်သည် ၁–၇–၂၀၂၁ရက် (ကြာသပတေးနေ့)ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးရောဂါ ဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညိုညိုဆန်း

**ဒုတိယညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်၊ တောင်ကြီးမြို့**
**အသက် (၅၂)နှစ်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံဝင်း၊ သရဖီလိုင်းနေ (ဦးဝင်းဖေမြင့်)–ဒေါ်သောင်းသင်းတို့၏သမီး ဒေါ်ညိုညိုဆန်းသည် ၁–၇–၂၀၂၁ရက် နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ**
**ရှမ်းပြည်နယ်တရားရေးဦးစီးမှူး၊ ရှမ်းပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)

**ကြည်း–ဗ၁၉၄၄၊ O.T.S(၆)**
**တပ်မတော်စစ်ရေးချုပ်(ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၂၁)နေ (ဦးနှစ်–ဒေါ်အိ)တို့၏ သား၊ (ဦးကွေ–ဒေါ်မေ)တို့၏ သားသမက်၊ ဒေါ်နီနီကျော်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းစိုးကျော်–ဒေါ်ခင်မာကြည်၊ ဗိုလ်မှူးမျိုးသန့်(ငြိမ်း)–ဒေါ်မာလာကျော်၊ ဦးဆန်နီဖေ–ဒေါ်ဥမ္မာကျော်၊ ဒုတိယဗိုလ်မှူးကြီးဝင်းညွန့်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စ–စ–စ)–ဒေါ်သီတာကျော်၊ ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)–ဗိုလ်ကြီး သဥ္ဇာကျော်(ငြိမ်း)၊ ဗိုလ်မှူးရဲမြင့်ထွန်း(ငြိမ်း)–ဒေါ်သီဂီကျော်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂–၇–၂၀၂၁ ရက် နံနက် ၁:၂၄ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈–၇–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၇နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး

### ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် (ငြိမ်း)

ကြည်း / ဗ၁၉၄၄ ၊ OTS (၆)

**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**
**အသက် (၉၄) နှစ်**

သူငယ်ချင်း ဗိုလ်မှူး ရဲမြင့်ထွန်း (ငြိမ်း) – ဒေါ်သီဂီကျော်တို့၏ ချစ်လှစွာသောဖခင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)သည် ၂–၇–၂၀၂၁ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၈) မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)

**အသက် (၉၄)နှစ်**

ဗိုလ်ကြီး ခင်မောင်လေး(ငြိမ်း)–ဗိုလ်ကြီးသဥ္ဇာကျော်(ငြိမ်း)တို့၏ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း) သည် ၂–၇–၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၃)မှ အရာရှိများနှင့် မိသားစုများ**

## ဦးအောင်သန်း(ခ)ဘူမောင်

**(ဒုတိယ ညွှန်ကြားရေးမှူး၊ ကျေးလက်ဦးစီးဌာန)(ငြိမ်း)**
**စစ်တွေ၊ ပုဏ္ဏားကျွန်း**
**အသက်(၆၅)နှစ်**

စစ်တွေမြို့၊ အကွက်(၅)၊ (ဂ)တန်း No.1080,မင်းဂံရပ်၊ (ဝန်ထမ်းရပ်ကွက်)နေ(ဦးစိန်သာအောင်–ဒေါ်စောယဉ်ဦး)တို့၏သား၊(ဦး မောင်ကျော်သာ–ဒေါ်ဝင်းမြစိန်)တို့၏သားသမက်၊ ဒေါ်ခင်စောအေး(ခ)ဒေါင်းဒေါင်း၏ ချစ်လှစွာ သောခင်ပွန်း၊ (မျိုးဇေယျ)၊ နှင်း ဆင့်လှိုင်၊ မျိုးသူရ–မေယုသက်ဝေ၊ မျိုးသဇင်နှင်း(ခ)မီးမီးချေ တို့၏ ချစ်လှစွာသောဖခင်၊ ဆုလာဘ်ပြည့်(ခ) မီးပုတု၏အဘိုးရှင်သည် ၁–၇–၂၀၂၁ရက်(ကြာသပတေးနေ့)ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၇–၂၀၂၁ရက်(စနေနေ့) ညနေ ၃နာရီတွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်း သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5204 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/9792 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ မာလာကျေးရွာနေ ဦးကြည်ဖေ–ဒေါ်ခင်သန်းစိန်တို့၏သမီး မနန္ဒာလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆–၁–၂၀၁၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက ခြောက်ရွာ အဋ္ဌမတန်းမှ မယွန်းပိုးအိမ်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ထွန်း ၁၄/အဂပ(နိုင်)၁၃၀၀၇၁ ဖြစ်ပါသည်။

## အမည်ပြောင်း

ဆင်ပေါင်ဝဲမြို့၊ အထက(၁)၊ Grade–2 မှ ဦးသက်ညီညီဦး ၈/ဆပဝ(နိုင်)၀၆၈၈၀၉၏သား မောင်ဘုန်းမြတ်ဟိန်းအား မောင်ဘုန်းခန့်ညီသျှံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းခန့်ညီသျှံ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇–၆–၂၀၂၁ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈) ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် ဒုတိယခရိုင်တရားသူကြီး(၂) ပြင်ဦးလွင်ခရိုင်တရားရုံး(စန်းသီရိဆွေ) အစား **(စန်းသီရိရွှေ)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64ယ/71143, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၁၄/ဟသတ(နိုင်)၂၅၆၈၆၆ က (ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၇–က)၊ ရေကျော်ကြီးကွင်း၊ ဦးပိုင်အမှတ် (၉)၊ ဧရိယာ ၁၃၃၁မ ၂၃ ဧကရှိ ဦးစိစ်ရီအမည်ဖြင့် နှစ်(၃၀) ဂရန်ရပြီး မြေအား ဦးကျင်ကောက်၏သမီး ဒေါ်ယဉ်ယဉ်စန်းပါ(၃)ဦး ၁၄/ ကကထ(နိုင်)၁၃၀၇၃၆ အမည်ဖြင့် အမည်ပြောင်း(သက်တမ်းတိုး) မြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်စ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

---

# သွေးသည် အသက် သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ယနေ့ **မာ တိ ကာ**

**ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း အသိအမှတ်ပြုလက်မှတ်အသုံးပြုမှု အီးယူတွင် စတင်**

စာမျက်နှာ » ၁၂




**စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ**

စာမျက်နှာ » ၁၅

**ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ ဖွင့်လှစ်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေသည့် ခင်ကျော်(UNRA)နှင့် ကိုကိုနိုင်(ခ)ဒေါနအပါအဝင် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၆

**သတင်းထုတ်ပြန်ချက်**

## တိကျခိုင်လုံမှုမရှိသော အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ထုတ်ပြန်ပြောဆိုမှုများကို ကန့်ကွက်

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနကိုယ်စားလှယ်အဖွဲ့မှရရှိသည့် အတည်မပြုနိုင်သည့် အချက်အလက်များအပေါ်ကိုးကားလျက် ဆန္ဒပြသူများ၏ ဖမ်းဆီး၊ သေဆုံးစာရင်းများနှင့် ပတ်သက်ပြီး ၂၉-၆-၂၀၂၁ ရက်နေ့က ပြောဆိုခဲ့မှုများသည် မှန်ကန်တိကျမှုမရှိကြောင်း တွေ့ရှိရသဖြင့် ယင်းအပေါ် ပြင်းထန်စွာကန့်ကွက်ပါသည်။

ယင်းသို့ ကန့်ကွက်ကြောင်းနှင့် ကုလသမဂ္ဂ website ရှိ နိုင်ငံများအား ဖော်ပြသည့် မြန်မာနိုင်ငံနေရာတွင် အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ထားသည့် NUG website သို့ ချိတ်ဆက်ဖော်ပြထားမှုအပေါ် ကန့်ကွက်ကြောင်းနှင့် ယင်းသို့ ချိတ်ဆက်ဖော်ပြထားခြင်းသည် မှန်ကန်မှု ရှိ-မရှိ ဆောလျင်စွာ စိစစ်ပြန်ကြားပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်မြို့၌ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးအဖွဲ့၏ တာဝန်ရှိသူအား ၂-၇-၂၀၂၁ ရက်တွင် ခေါ်ယူကန့်ကွက်အသိပေးပြောကြားခဲ့ပြီး ဖြစ်ပါသည်။

ကုလသမဂ္ဂအနေဖြင့် သတင်းထုတ်ပြန်မှုနှင့် ရှင်းလင်းမှုများ ပြုလုပ်ရာတွင် တိကျခိုင်လုံမှုမရှိသော အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ထုတ်ပြန်ပြောဆိုမှုများကို မပြုလုပ်ရန်နှင့် ယင်းသို့မပြုလုပ်မီ သက်ဆိုင်ရာအစိုးရဌာနများနှင့် စိစစ်အတည်ပြုရန် အထူးလိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**နေပြည်တော်**
ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်

## COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၈၆၃ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၇ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၃၆၄ ဦးရှိ**

**(၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၈၆၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၅၂,၉၂၉)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၆၁,၂၁၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၂၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၇,၄၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၃၆၄) ဦး ရှိပါသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❄